# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၂ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၂၆)


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကျင်းပ

# လျှင်ပြတ်ရွှေ့ကြောမျိုးပေါ်ရှိ မြို့ ရွာများကို လေ့လာဆန်းစစ်ပြီး အစီအမံများ ဆောင်ရွက်




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၈) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၁၅**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၈) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယခုအစည်းအဝေးတွင် ၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များနှင့် အချိန်အခါမရွေးဖြစ်ပေါ်လာနိုင်သည့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်ပြီး အမြဲတမ်းနိုးကြားဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ရာသီကာလအလိုက်ဖြစ်နိုင်သည့်ဘေးများ၊ နေရာဒေသအလိုက်ဖြစ်နိုင်သည့်ဘေးများအပေါ် ထိရောက်သော စီမံခန့်ခွဲမှုများဆောင်ရွက်နိုင်ရန် လိုအပ်ပြီး ကြိုတင်ပြင်ဆင်မှုများကိုလည်း အချိန်နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း။


*စာမျက်နှာ ၃ ကော်လံ ၁* ◆


# အလွန်ရှုပ်ထွေးပြီး နိုင်ငံရေးအရ ထိခိုက်လွယ်သည့် ရခိုင်ပြဿနာကို မျှတမှုရှိပြီး အပြုသဘောဆောင်သည့် နည်းလမ်းဖြင့်သာ မှန်ကန်စွာ ဖြေရှင်းနိုင်မည်ဖြစ်

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ မြန်မာအမြဲတမ်းကိုယ်စားလှယ် မိန့်ခွန်းပြောကြား

**နေပြည်တော် မေ ၁၅**

၂၀၁၈ ခုနှစ်၊ ဧပြီ ၂၈ ရက် မှ ၃၀ ရက် နံနက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဧပြီ ၃၀ ရက်မှ မေ ၁ ရက်အထိ မြန်မာနိုင်ငံသို့သွားရောက်ခဲ့သည့် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ ခရီးစဉ်များနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မေ ၁၄ ရက် မွန်းလွဲ ၃ နာရီတွင် တံခါးဖွင့်ရှင်းလင်းပွဲတစ်ရပ်ကျင်းပရာ လက်ရှိအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ပိုလန်နိုင်ငံက အစည်းအဝေးကို ဦးဆောင်ကျင်းပပြီး ခရီးစဉ်များ ဦးဆောင်စီစဉ်သည့် ကူဝိတ်၊ ပီရူးနှင့် ယူကေတို့က ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံခရီးစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်သည့် လုံခြုံရေးကောင်စီဝင်နိုင်ငံများ ဖြစ်ကြသော တရုတ်၊ အမေရိကန်၊ ဆွီဒင်၊ ပြင်သစ်၊ ကာဇက်စတန်၊ အီကွေတိုရီးယားဂီနီ၊ ရုရှား၊ နယ်သာလန်၊ ပိုလန်နိုင်ငံတို့က ဆွေးနွေးခဲ့ကြသည်။

ကောင်စီအဖွဲ့ဝင်များဆွေးနွေးမှုအပြီးတွင် ကောင်စီ၏လုပ်ထုံးလုပ်နည်းအမှတ်၊ ၃၇ အရ သက်ဆိုင်ရာ နိုင်ငံများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ အမြဲတမ်းကိုယ်စားလှယ်များကလည်း ပါဝင်ဆွေးနွေးခွင့်ရရှိခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ရခိုင်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက်များကို တုံ့ပြန်ရှင်းလင်းပြောကြားခဲ့သည်။ အမြဲတမ်းကိုယ်စားလှယ်၏ မိန့်ခွန်းတွင် အောက်ပါအချက်များကို ထည့်သွင်းပြောကြားခဲ့သည်-


*စာမျက်နှာ ၅ ကော်လံ ၁* ○





မြန်မာ့အလင်း

# အိမ်နီးချင်းနိုင်ငံတို့၏ ထာဝရအကျိုးစီးပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် Dhaka Tribune နေ့စဉ်သတင်းစာ၏ မေလ ၁၁ ရက် အယ်ဒီတာ့အာဘော်၌ ရခိုင်ပြည်နယ် အရေးဆိုင်ရာ မြန်မာနိုင်ငံ၏ လုပ်ဆောင်ချက်များအပေါ် မဟုတ်မမှန် ဝေဖန်ထိုးနှက် ရေးသားခဲ့ပါသည်။ ဤကဲ့သို့ မဟုတ်မမှန် ဝေဖန်ထိုးနှက်ရေးသားမှုအပေါ် ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ မြန်မာသံအမတ်ကြီးက အချက်အလက် တိတိကျကျဖြင့် တုံ့ပြန်ရေးသားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ဤကဲ့သို့ တုံ့ပြန်ရေးသားပြီးနောက် **Dhaka Tribune** နေ့စဉ်သတင်းစာက အဆိုပါအယ်ဒီတာ့အာဘော်ကို ၎င်းတို့၏ အင်တာနက် စာမျက်နှာမှ ဖယ်ရှားခဲ့ပါသည်။ အဆိုပါ ဖယ်ရှားခဲ့မှု အပေါ် အပြုသဘောဆောင်လုပ်ရပ်အဖြစ် မှတ်ယူပါကြောင်း ဖော်ပြလို ပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား အပြန်အလှန်ညှိနှိုင်းသဘောတူထားသည့် သဘောတူညီချက်အပေါ်၌သာ အာရုံစိုက် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ဤကဲ့သို့ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား အသေးစိတ် ညှိနှိုင်းသဘောတူပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရန် အဆင်သင့်ပြင်ဆင် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နှစ်နိုင်ငံအကြား တစ်စုံတစ်ရာပြဿနာမရှိတော့သည့် ယခုကဲ့သို့သော အချိန်အခါမျိုးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးအပေါ် ခုတ်ဆီလောင်းမီးရှို့လိုသူများ၏ သွေးထိုးစကားနောက် နားမယောင်မိစေရန် အလေးအနက် သတိပြုရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ထိစပ်နေသော နယ်နိမိတ်အရှည်အလျားသည် ၁၆၈ ဒသမ ၇ မိုင်ရှိပါသည်။ နတ်မြစ်တစ်လျှောက် ထိစပ်နေသော နယ်နိမိတ်သည် ၃၉ ဒသမ ၅ မိုင်ရှိ၍ ကုန်းမြေတစ်လျှောက် ထိစပ်နေသောနယ်နိမိတ်သည် ၁၂၉ ဒသမ ၂ မိုင်ရှိပါသည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် နယ်နိမိတ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံတို့ဖြစ်၍ ကမ္ဘာတည်သရွေ့ထာဝရယှဉ်တွဲနေထိုင်ကြရမည်ဖြစ်ပါသည်။ နှစ်နိုင်ငံပြည်သူတို့၏ အကျိုးစီးပွားကို ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံ၍သာ ပုံဖော်ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ဤပကတိအမှန်တရားကို လျစ်လျူရှုလျက်၊ ရခိုင်ပြည်နယ်အရေးအပေါ် သွေးထိုးလိုသူများနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက နားယောင်လိုက်မိပါက နေရပ်စွန့်ခွာသူများအပါအဝင် နှစ်နိုင်ငံပြည်သူတို့၏ အကျိုးစီးပွားသာ ထိခိုက်နစ်နာပျက်စီးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်၌ အမှန်တကယ်နေထိုင်ခဲ့သူများကို ပြန်လည်လက်ခံရန် ကတိကဝတ်ပြုပြောကြားပြီးဖြစ်သကဲ့သို့ နိုင်ငံတော်၏ ဥပဒေနှင့် ညီညွတ်သောသူတို့အား နိုင်ငံသားအခွင့်အရေးပေးရန်ကိုလည်း အာမခံချက်ပေးပြီးဖြစ်ပါသည်။ နိုင်ငံသားတိုင်း တန်းတူအခွင့်အရေး ရရှိရေးသည် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ သန္နိဋ္ဌာန်ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် **ARSA** အကြမ်းဖက်အဖွဲ့၏ ဌာနေတိုင်းရင်းသား အခွင့်အရေးတောင်းဆိုမှုနှင့်အတူ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအပေါ် ထိပါးရေး ကြိုးပမ်းမှုတို့သည် နှစ်နိုင်ငံပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည်ဖြစ်သည်ကို အလေးအနက်ထား သုံးသပ်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နှစ်နိုင်ငံပြည်သူတို့၏ ရေရှည်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများစွာရှိပါလျက် ရခိုင်ပြည်နယ် အရေးအပေါ် ခုတ်ဆီလောင်းမီးရှို့လိုသူတို့၏ စကားကိုသာ နားယောင် မိပါက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ဒေသ၏ အကျိုးစီးပွား၊ ကမ္ဘာကြီး၏ အကျိုးစီးပွားကို မည်သို့မျှ အကောင်အထည် ဖော်နိုင်မည် မဟုတ်ပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

# ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စဆွေးနွေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး **Ms. Ellen Goldstein** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၁၅

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ နော်ဝေသံအမတ်ကြီး H. E. Ms. Tone Tinnes အား ယနေ့ မွန်းလွဲ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။**

ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေးဆိုင်ရာကိစ္စ၊ ချေးငွေနှင့် နည်းပညာ အထောက်အကူပေးရေးဆိုင်ရာကိစ္စ၊ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

နော်ဝေသံအမတ်ကြီး H. E. Ms. Tone Tinnes နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအောင်မြင်ရေးအတွက် အကူအညီပေးရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နော်ဝေနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၅

**နော်ဝေနိုင်ငံအမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။** (အောက်ပုံ)



အဆိုပါ အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Ms. Tone Tinnes နှင့် နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နော်ဝေနိုင်ငံ အမျိုးသားနေ့ အခမ်းအနား အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် နော်ဝေနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားအား ဖွင့်လှစ်သည်။

ထို့နောက် နော်ဝေနိုင်ငံ သံအမတ်ကြီးက နော်ဝေနိုင်ငံအမျိုးသားနေ့ အခမ်းအနား အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရေအားလျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်း လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီမှုများကို အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း၊ Myanmar – Norway Business Council သည် နော်ဝေကုမ္ပဏီများ မြန်မာနိုင်ငံသို့ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နိုင်စေရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ နော်ဝေ ကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း၊ Fisheries/ Petroleum Management ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှုများ မကြာမီ လက်မှတ်ရေးထိုးရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကျေးဇူးတင်စကား ပြောကြားရာတွင် နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ရင်ကြားစေ့ရေး၊ ဒီမိုကရေစီအရေးကိစ္စများတွင် မြန်မာပြည်သူများနှင့်အတူ ရပ်တည်လျက် ထောက်ပံ့ပေးမှုများမှာ ကျေနပ်ဖွယ်ရာ ကောင်းလှပါကြောင်း၊ ထို့အပြင် ဥရောပနိုင်ငံများမှ မြန်မာနိုင်ငံသို့ Sanction တားမြစ်မှုများကို နော်ဝေအစိုးရမှ တိုက်တွန်းပယ်ဖျက်ပေးမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် အထောက်အပံ့ပေးခြင်းများကို လည်းကောင်း၊ နော်ဝေနိုင်ငံရှိ အထင်ကရ ကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ လူမှုပတ်ဝန်းကျင်အပေါ် စောင့်ရှောက်ရမည့် တာဝန်ဝတ္တရားများဖြစ်သည့် Corporate Social Responsibility (CSR) လုပ်ငန်း ဆောင်ရွက်ပေးမှုများကို လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အရေးကြီးမိတ်ဆွေအဖြစ် နော်ဝေနိုင်ငံကို မှတ်ယူထားပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရ၏ ဦးစားပေးတာဝန်များတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ပြောကြားခဲ့ရာ နော်ဝေနိုင်ငံ၏ အထောက်အပံ့များသည် မြန်မာနိုင်ငံဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးအတွက် များစွာ အထောက်အပံ့ဖြစ်ပါကြောင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း၊ ပိုမိုချစ်ကြည်ရင်းနှီးမှုများအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နော်ဝေသံအမတ်ကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြပြီး ညစာအတူတကွ သုံးဆောင်ကြသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

**အိန္ဒိယတောင်ပိုင်း ပရာဒက်ရှ် ပြည်နယ်တွင် ဧပြီလ ၂၄ ရက်နေ့က နာရီပေါင်း ၁၃ နာရီအတွင်း မိုးကြိုးပစ်မှုအကြိမ်ပေါင်း ၃၆၇၄၉ ကြိမ်ဖြစ်ပွားခဲ့ပြီး လူ ၉ ဦး သေဆုံးခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ်နောက်ပိုင်း အိန္ဒိယနိုင်ငံတွင် တစ်နှစ်လျှင် မိုးကြိုးပစ်မှုကြောင့် လူ ၂၀၀၀ ခန့် သေဆုံးလျက်ရှိသည်ဟု သိရှိရပါကြောင်း၊** မြန်မာနိုင်ငံတွင်လည်း ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် မတ်လအထိ ကာလအတွင်း မိုးကြိုးပစ်မှုဖြစ်စဉ် ၁၀၉ ကြိမ်ဖြစ်ပွားခဲ့ရာ လူဦးရေ ၁၁၁ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၃၉ ဦးရှိခဲ့ပါကြောင်း၊ ယခုအချိန်ကာလသည် မိုးဦးလေဦးရာသီ ဖြစ်သည့်အတွက် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ ရေကြီး ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်သည့်အတွက် ဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်မှုများနှင့် လိုအပ်ချက်များကို ဆွေးနွေးကြရန် လိုအပ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်**

တစ်ခါတစ်ရံမိမိဒေသတွင် မဖြစ်နိုင်သော်လည်း အခြားဒေသတွင် ဖြစ်ခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် မိမိဒေသကို လာရောက်ရိုက်ခတ်နိုင်သည့် ဘေးအန္တရာယ်များကိုလည်း သတိပြုရမည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံစစ်တကောင်းမြို့နှင့် မြန်မာနိုင်ငံ မောင်တောမြို့အကြား ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် O2B မုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုစံချိန်တင်များပြားခဲ့ပြီး မြန်မာနိုင်ငံအလယ်ပိုင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လျှပ်တစ်ပြက်ရေကြီးမှုဖြစ်ပွားခဲ့သည့်အတွက် လူ ၄၆ ဦးသေဆုံးပြီး ၁၁၅ ဦးပျောက်ဆုံးခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် မိမိတို့ဒေသတွင် တိုက်ရိုက်မဖြစ်ပေါ်နိုင်သော်လည်းသွယ်ဝိုက်ပြီးဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို သိရှိထားရမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရန် လိုအပ်ကြောင်း။

**စနစ်တကျဖြစ်အောင်ဆောင်ရွက်**

ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်သည့်နေရာတွင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက်သာမက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတွက်ပါ ကြိုတင်စဉ်းစား ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သဘာဝဘေးဖြစ်ပေါ်လာနိုင်သည့်နေရာများက ဘေးအန္တရာယ်ကျရောက်နိုင်ခြေများသည့်နေရာများ သိရှိထားပြီးဖြစ်သည့်အတွက် အိုးအိမ်များပြန်လည်နေရာချထားပေးနိုင်ရန်၊ အဆောက်အအုံများ ပြန်လည်တည်ဆောက်ပေးနိုင်ရန်အတွက် ဘေးလွတ်ကင်းရာနေရာများကို ကြိုတင်ရွေးချယ်ထားရန် လိုအပ်ပြီး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီးကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များက ပူးပေါင်းပြီးအမြန်ဆုံးနှင့် စနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်အစီအမံများ ချမှတ်ထားခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ စနစ်ကျသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ်အကြောင်းကို လေ့လာကြည့်ပါက မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှဒေသတွင် အကြီးမားဆုံး ငလျင်ကြောဖြစ်သည့်စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် တည်ရှိနေကြောင်း၊ စစ်ကိုင်းပြတ်ရွေ့သည် ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ မန္တလေး၊ မြစ်ကြီးနားစသည့် အဓိက မြို့ကြီးများကို ဖြတ်သန်းတည်ရှိနေကြောင်း၊ မြန်မာပြည်အရှေ့ဘက်၊ အရှေ့မြောက်ဘက် ရှမ်းကုန်းပြင်မြင့်ဒေသ၊ လာအို၊ ထိုင်း၊ တရုတ်နိုင်ငံများနှင့် ဆက်စပ်နေသည့် ပြတ်ရွေ့ကြောများ တည်ရှိနေကြောင်းကို လေ့လာသိရှိရပါကြောင်း။

**ဦးစားပေးဆောင်ရွက်ရန်လို**

မကြာသေးမီ ကာလအတွင်းက ကလေးမြို့ ချောက်မြို့ ဖြူးလျှင်၊ နေပြည်တော်တွင် လှုပ်ခဲ့သည့် ငလျင်တို့မှာအင်အားအနည်းငယ်နှင့် အသင့်အတင့်ရှိပြီး ငလျင်ငယ်များ မကြာခဏလှုပ်ရှားနေသည့်အတွက် ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကျမှုများ ရှိနေသည်ဟုသိရှိရပါကြောင်း၊ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိဘဲ အချိန်မရွေး ဖြစ်လာနိုင်ခြင်းကြောင့် ငလျင်ဘေးရင်ဆိုင် တုံ့ပြန်နိုင်ရေးနှင့် အမြဲအဆင်သင့်ဖြစ်နေစေရေးမှာ အလွန်အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ မိမိတို့ မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပြီးဖြစ်သည်ကို ဆန်းစစ်ရန် ကောင်းရန်နှင့် SOP များရေးဆွဲထားရှိရန်၊ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးအပိုင်းကို ပိုမိုပြီးအားထည့်ဆောင်ရွက်ရန်လိုအပ်ပြီး ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဦးစွာတုံ့ပြန်မှုဆောင်ရွက်ရမည့် ပြည်သူများကလည်း စနစ်ကျစွာ၊ ထိရောက်စွာ၊ မှန်ကန်စွာတုံ့ပြန်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ငလျင်ဘေးနှင့် စပ်လျဉ်းပြီး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်ပြီး အကြိမ်ရေများများ လိုနေကြောင်း၊ ယခုအချိန်သည် ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မိမိတို့၏ တာဝန်ရှိမှုများနှင့်အညီ ငလျင်ဘေးတုံ့ပြန်ဆောင်ရွက်ရေးနှင့် ပတ်သက်ပြီးကြိုတင်ကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှုများကို ဦးစားပေးဆောင်ရွက်ကြရန် လိုအပ်နေပါကြောင်း။

**“ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သည့်နေရာတွင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက်သာမက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်ပါ ကြိုတင်စဉ်းစားပြင်ဆင်ထားရမည်ဖြစ်”**

**ရင်ဆိုင်တုံ့ပြန်**

မိမိတို့အနေဖြင့်ဆွေးနွေးလိုသည်မှာအစိုးရဌာနများ၏ ငလျင်ဘေးတုံ့ပြန်ဆောင်ရွက်ရေး အစီအမံများခိုင်မာအားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အသစ်ဆောက်လုပ်မည့် အဆောက်အအုံများကို Building Code များနှင့် အညီဆောက်လုပ်စေရန်နှင့် ငလျင်ပြတ်ရွေ့ကြောများပေါ်တွင် တည်ရှိနေသည့် မြို့ရွာများကိုလည်း လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုအပ်သည့် အစီအမံများဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ သဘာဝဘေးကို စီမံခန့်ခွဲရာတွင် Preparedness (ကြိုတင်ပြင်ဆင်မှု)၊ Response (တုံ့ပြန်မှု)၊ Recovery (ပြန်လည်ထူထောင်မှု) များကို အပိုင်းအလိုက် ဆောင်ရွက်နေကြပြီး စနစ်ကျထိရောက်စွာ ဆောင်ရွက်နိုင်မှသာလျှင် သဘာဝဘေးကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူမှုအသိုက်အဝန်းဖြစ်လာမည်ဖြစ်ပါကြောင်း။

ဆက်လက်ပြီးလည်း အားလုံးစုစည်းညီညွတ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရေး ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ထို့အပြင် လုပ်ငန်းကဏ္ဍအလိုက် နည်းပညာများကို ထည့်သွင်းအသုံးချနိုင်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း၊ တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကို လိုက်ပါအသုံးပြုနိုင်ပြီး ယင်းနည်းပညာများကို အသုံးပြုတတ်ရန် စွမ်းရည်များ မြင့်မားလာရမည်ဖြစ်ပါကြောင်းပြောကြားသည်။

**ကြိုတင်ကာကွယ်နိုင်ရေးဆောင်ရွက်**

ထို့နောက် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ (၂/၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် တည်ဆောက်ရေး၊ အသိပညာပေးရေးအပါအဝင် ကဏ္ဍစုံဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လိုအပ်ချက်များရှင်းလင်းတင်ပြ**

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများက သဘာဝဘေး ဖြစ်ပေါ်လာပါက ဝန်ကြီးဌာနအလိုက်ဆောင်ရွက်နေမှုများနှင့် ကြိုပြင်ဆင်ထားမှုများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝဘေး ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုများ၊ အသိပညာပေးရေးလုပ်ငန်း၊ လေကာပင်စိုက်ပျိုးရေးလုပ်ငန်း၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံ တည်ဆောက်ပေးရေးနှင့် ဒေသအလိုက်ရေတို၊ ရေရှည်ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၅**



အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်း ရေးမှူးများနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ နော်ဝေသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် နော်ဝေသံအမတ်ကြီး H.E. Ms. Tone Tinnes နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ရေးဆွဲထားသည့် ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်မှု၊ ရေရှည်မျှော်မှန်း ဆက်လက်ဆောင်ရွက်သွားမည့် မဟာဗျူဟာစီမံချက် ရေးဆွဲနေမှု၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှုတို့အတွက် ကော်မရှင်နှင့် ကော်မရှင်ဝန်ထမ်းများ လိုက်နာရမည့်ကျင့်ဝတ် ရေးဆွဲအကောင်အထည်ဖော်ဆောင်မှုနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်တိုက်ဖျက်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြစ်သားမြို့နယ်၌ ပြန်လည်စွန့်လွှတ်မြေများ တောင်သူများထံသို့ လွှဲပြောင်းပေးအပ်

**မန္တလေး မေ ၁၅**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် စိုက်ပျိုးမြေများအား မူလတောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မိမိတို့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဖွဲ့စည်းပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွင်း ယခုကျင်းပသည့် အခမ်းအနားအပါအဝင် စွန့်လွှတ်အပ်နှံမြေများကို မူလတောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲ ငါးကြိမ်ကျင်းပနိုင်ခဲ့ပြီး တောင်သူ ၆၅၁ ဦးသို့ စိုက်ပျိုးမြေ ၂၁၅၆ ဧက လွှဲပြောင်းပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြစ်သားမြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် စိုက်ပျိုးမြေများအား မူလတောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) ပေးအပ်ပွဲအခမ်းအနားတွင် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

ယခုကဲ့သို့ တောင်သူများလက်ဝယ်သို့ စိုက်ပျိုးမြေများ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာပြီး လူမှုစီးပွားဘဝ တိုးတက်အောင် ပံ့ပိုးပေးနိုင်မည်ဖြစ်၍ တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် စွန့်လွှတ်ရန် ကျန်ရှိမြေများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စွန့်လွှတ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တောင်သူတစ်ဦးထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၃) လွှဲပြောင်းပေးအပ်စဉ်။ သတင်းစဉ်



နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် တောင်သူတစ်ဦးထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၃) လွှဲပြောင်းပေးအပ်စဉ်။ သတင်းစဉ်

## ပြီးပြတ်မှုမရှိဘဲ နှောင့်နှေးနေ

ပြန်လည်စွန့်လွှတ်မြေများ မူလပိုင်ရှင်ထံသို့ ပြန်လည်လွှဲပြောင်းပေးသည့် အချို့ကိစ္စများတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ စွန့်လွှတ်ထားပြီး ဖြစ်သော်လည်း ကာယကံရှင် လက်ဝယ်သို့ ရောက်ရှိရန်မှာ အချိန်ကြန့်ကြာနေမှုများ၊ ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိခြင်းမရှိဘဲ အခြားသူထံသို့ ပေးအပ်ထားခြင်းများ၊ မူလလက်ငုတ်နှင့် လက်ရှိလက်ငုတ် အငြင်းပွားနေမှုများ၊ ကျူးကျော်သူများအား ရှင်းလင်းနေရသည့် အခြေအနေများ ဖြစ်ပွားနေသည်ကိုလည်း စိစစ်တွေ့ရှိရသည့်အတွက် အမှုတွဲများ ပြီးပြတ်မှုမရှိဘဲ နှောင့်နှေးနေသည်ကို တွေ့ရှိရပါကြောင်း။

ထိုသို့ဖြစ်ပွားနေသည့် မြေယာကိစ္စများကို မျှတစွာဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ပြန်လည်စွန့်လွှတ်လာသော သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများကို မူလမြေပိုင်ရှင်များအား ပြန်လည်ပေးအပ်နိုင်ရေးနှင့် စပ်လျဉ်း၍ မူဝါဒ ၁၀ ရပ်၊ တပ်မြေသိမ်းဆည်းမှုနှင့်စပ်လျဉ်းသည့် မူဝါဒသုံးရပ်၊ သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်လေးချက်၊ စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ စိစစ်ရန်အချက်ငါးချက်၊ သိမ်းဆည်းထားသည့် ဌာနမှ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်ခြောက်ချက်၊ စွန့်လွှတ်သည့်မြေများကို သက်ဆိုင်သူ လက်ဝယ် အမြန်ရောက်ရှိရေး လုပ်ငန်းစဉ်ကိုးရပ်၊ ပြည်နယ်၊ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများမှ အလေးထားဆောင်ရွက်ရန် လုပ်ငန်းစဉ် ၁၅ ချက်တို့ကို ချမှတ်ပေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## တိုးတက်မှုအထိုက်အလျောက်ရရှိ

သိမ်းဆည်းမြေဆိုင်ရာ တိုင်ကြားစာများ၊ ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး စိစစ်ဆောင်ရွက်မှု ပိုမိုအားကောင်းလာရန်နှင့် တွန်းအားပေးဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများပါဝင်သည့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့လေးဖွဲ့ကို ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ကွင်းဆင်းစေပြီး စိစစ်ဆောင်ရွက်နေကြပြီဖြစ်၍ ပြည်သူများ လိုလားတောင့်တနေကြသော မြေသိမ်းဆည်းခံရမှု ပြဿနာများ ဖြေရှင်းဆောင်ရွက်ရာတွင် တိုးတက်မှု အထိုက်အလျောက် ရရှိနိုင်မည် ဖြစ်ပါကြောင်း။

## အချိန်ကောင်းရောက်လာတော့မည်

စိုက်ပျိုးထုတ်လုပ်သူများ ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်တင်ပို့နိုင်သည်အထိ လက်ကားဈေးကွက်များ၊ Contract Farming များ ဒေသအလိုက် ပေါ်ပေါက်လာရေးကို နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် မိမိတို့ ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများကို ဈေးကောင်းပေးသည့်တိုင်အောင် မရောင်းချဘဲ သားစဉ်မြေးဆက်လယ်ယာကို ချစ်ခင်ရင်းနှီး လုပ်ကိုင်သွားကြရင်းဖြင့် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝမြင့်မားလာရန် အခါအခွင့်သင့်သည့် အချိန်ကောင်းကို ရောက်လာတော့မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု သမိုင်းကိုကြည့်ပါက ကမ္ဘာ့နံပါတ် (၁) ဆန်တင်ပို့သော နိုင်ငံအဖြစ်ရပ်တည်ခဲ့ရာမှ ခေတ်အဆက်ဆက် တဖြည်းဖြည်းလျော့ကျလာခဲ့ပြီး ယခု ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန် ၃ ဒသမ ၅၈ သန်းကျော် တင်ပို့နိုင်ခဲ့၍ နှစ်ပေါင်း ၇၃ နှစ်အတွင်း အများဆုံးစံချိန်တင် တင်ပို့နိုင်မှုအဖြစ် ပြန်လည်ရရှိလာခဲ့ပြီ ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၃၀၈၀ ဒသမ ၅၃ သန်း ရှိသည့်အနက် ဆန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၄၀ သန်းရှိသည့်အတွက် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု၏ ၃၇ ရာခိုင်နှုန်းကျော်ရှိသည်ကို တွေ့ရပါကြောင်း။

## ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်စိုက်ပျိုး

ပြည်ပပို့ကုန်တင်ပို့မှုအတွက် အရေးပါသော လယ်ယာကဏ္ဍ၌ လုပ်ပိုင်ခွင့်ရ တောင်သူလယ်သမားကြီးများ အနေဖြင့်လည်း မိမိတို့ဘဝအဆင့်အတန်းမြင့်မားရေး၊ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ မှီတင်းနေထိုင်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစားသုံးရမည့် စားနပ်ရိက္ခာများ ဖူလုံစေရုံသာမက ဈေးကွက်ဝင် ပြည်ပပို့ကုန်များအဖြစ်ပါ တိုးမြှင့်စိုက်ပျိုးလုပ်ကိုင်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးအတွင်း မြေယာကိစ္စတိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်မှုနှင့် စွန့်လွှတ်မြေများကို မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁) ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ (မိုင်းမော)မှ ဒုတိယဗိုလ်မှူးကြီး စိန်လင်းထွန်းက ပြန်လည်စွန့်လွှတ်မြေများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား ခရိုင်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

## လွှဲပြောင်းပေးအပ်

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းတို့က ယာယီလယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၃)များအား မြစ်သားမြို့နယ် သရက်ပင်ကံကျေးရွာ တောင်သူများ၏ကိုယ်စား တောင်သူ ဦးအောင်မင်း၊ ဦးဖိုးကောင်း၊ ဦးကြည်လုံးနှင့် ဦးမြင့်သိန်းတို့ထံ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် မြေယာပြန်လည်လုပ်ပိုင်ခွင့်ရရှိသည့် မူလတောင်သူများကိုယ်စား တောင်သူ ဦးအောင်မင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် မြစ်သားမြို့နယ်အတွင်းရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ (မိုင်းမော)မှ အမှန်တကယ်လိုအပ်သည့်မြေကိုသာ အသုံးပြုပြီး စိုက်ပျိုးမြေဧရိယာ ဧက ၂၁၈ ဒသမ ၉၀ ဧကကို တောင်သူ ၅၃ ဦး လက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) များ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကျောက်ဆည်မြို့ရှိ ကျောက်ဆည် ခရိုင်ပြည်သူ့ဝန်ဆောင်မှုရုံးသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် ထောက်ခံအားပေးမှုပြုနေကြသော လုံခြုံရေးကောင်စီအဖွဲ့ဝင်များကို ကျေးဇူးတင်၊ အပြန်အလှန်နားလည်မှုနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်

❍ ရှေ့ဖုံးမှ

မြန်မာနိုင်ငံအစိုးရသည် မြေပြင်ဖြစ်ပေါ်မှုအခြေအနေများကို ပိုမိုနားလည်စေနိုင်ရန်အတွက် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ ခရီးစဉ်ကို လက်ခံစီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူများ ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ နေရပ်သို့ပြန်နိုင်ရေးအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်ကြောင်း၊ ကုလသမဂ္ဂနှင့် မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ကြီးမားသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ တိကျမှန်ကန်မှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုမှုများပေါ်တွင် အခြေခံသည့် အပြုသဘောဆောင်သည့် ထိတွေ့ပူးပေါင်းဆောင်ရွက်မှုများကို မိမိတို့အနေဖြင့် ယုံကြည်ကြောင်း။

အဆိုပါခရီးစဉ်သည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံကြိုးပမ်းဆောင်ရွက်မှုများအပေါ် တွန်းအားတစ်ရပ် ဖြစ်စေမည်ဟု မျှော်လင့်ကြောင်း၊ လုံခြုံရေးကောင်စီ၏ခရီးစဉ်ကို အချိန်အကန့်အသတ်ကြားမှ အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ခရီးစဉ်ကို အရေးပါသည့် မှတ်တိုင်တစ်ရပ်အဖြစ် မှတ်ချက်ပြုခဲ့ကြောင်း၊ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် မြန်မာအစိုးရ၏ သန္နိဋ္ဌာန်ချထားမှုကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြောင်း။

ရခိုင်ပြည်နယ်၌ ကြုံတွေ့နေရသည့် ပြဿနာရပ်များကို ဖြေရှင်းရာတွင် လက်ရှိအရေးအကြီးဆုံး လုပ်ဆောင်ရန်မှာ နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံသဘောတူညီချက်များအရ ပြန်လည်လက်ခံရေးကို စတင်ရန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်ခံရန် အဆင်သင့်ဖြစ်နေသည့်အလျောက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ စတင်ရန် ထပ်တလဲလဲ ပြောကြားခဲ့ကြောင်း။

**နှစ်ဖက်သဘောတူညီချက်ကို အကောင်အထည်ဖော်ရန်**

မေ ၈ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury ကို နေပြည်တော်သို့ ဆင့်ခေါ်ခဲ့ပြီး၊ နှစ်ဖက်သဘောတူညီခဲ့သည့်အတိုင်း မိုးရာသီမရောက်မီ စိစစ်ပြီးသောသူများအား ပြန်လည်လက်ခံရေးကို စတင်ရန် မြန်မာဘက်အနေဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းကို သတိပေးပြောကြားခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဘင်္ဂလားဒေ့ရှ်အား နှစ်ဖက်သဘောတူညီချက်ကို အကောင်အထည်ဖော်ရန်နှင့် စိစစ်ပြီးသော နေရပ်စွန့်ခွာသူများကို ပြန်လည်ပို့ဆောင်ပေးရေးအတွက် ထပ်မံတိုက်တွန်းခဲ့ပါကြောင်း၊ ပြန်လည်လက်ခံရေးဆိုင်ရာ အစီအမံတွင် သဘောတူထားသည့်ပုံစံများကိုအသုံးပြု၍ နေရပ်စွန့်ခွာသူများစာရင်းကို ပေးပို့ရန်လည်း ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ထပ်လောင်းသတိပေးခဲ့ကြောင်း။

ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးပို့လာသည့် ပုံစံများမှာ နှစ်နိုင်ငံသဘောတူထားသည့် အစီအမံပါ ပုံစံများမဟုတ်ဘဲ စိစစ်မှုများ ပြုလုပ်နိုင်ရန် လိုအပ်သည့် လက်မှတ်၊ လက်ဗွေရာများနှင့် ဓာတ်ပုံများ ပါဝင်လာခြင်း မရှိကြောင်း၊ နေရပ်စွန့်ခွာသူများ ဆန္ဒအလျောက် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် မှန်ကန်စွာဖြည့်စွက်ထားသည့်ပုံစံများကို သံတမန်လမ်းကြောင်းမှ ပြန်လည်ပေးပို့ပေးပါရန် ဘင်္ဂလားဒေ့ရှ်ဘက်သို့ သုံးကြိမ်တိုင်တိုင် မေတ္တာရပ်ခံခဲ့ကြောင်း။

**နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံနိုင်ရေး**

လုံခြုံရေးကောင်စီ၏ ခရီးစဉ်မတိုင်မီ မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးက ကော့ခ်ဘဇားရှိ နေရပ်စွန့်ခွာသူများ နေထိုင်သည့်စခန်းများသို့ သွားရောက်ခဲ့ပြီး၊ ၎င်းတို့အား ပြန်လည်နေရာချထားရေးအတွက် မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ထားမှုများ၊ ပြန်လည်လက်ခံရေး အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း၊ နေရပ်စွန့်ခွာသူများအနေဖြင့် ပြန်လည်လက်ခံရေး အစီအစဉ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာသိရှိထားခြင်းမရှိသည်ကို တွေ့ရှိရသည့်အတွက် အံ့အားသင့်ခဲ့ရကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်များနှင့် ပတ်သက်၍သော်လည်းကောင်း၊ ပြန်လည်လာရောက်ရေးအတွက် ဖြည့်စွက်ရန် လိုအပ်သည့်ပုံစံများနှင့်ပတ်သက်၍ သော်လည်းကောင်း ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ၎င်းတို့အား အသိပေးထားခြင်း မရှိသည်မှာ ထင်ရှားကြောင်း၊ မိမိတို့ဘက်မှ စိစစ်အတည်ပြုပြီးသော နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံနိုင်ရေး စီစဉ်ပေးရန် မေတ္တာရပ်ခံခဲ့သော်လည်း တွေ့ဆုံခွင့်မရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံဘက်မှ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် စိတ်ရင်းမှန်ဖြင့် ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသော်လည်း၊ ဘင်္ဂလားဒေ့ရှ်အနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည့်အစား၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဖင့်နွှေးအောင် ဆင်ခြေဆင်လက်များ တစ်ခုပြီးတစ်ခုပေးနေသည်မှာ စိတ်ပျက်ဖွယ်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အခြေအနေမှန်ကို ဖုံးကွယ်ကာ မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရန် ဆန္ဒမရှိကြောင်းဖြင့် တစ်ကမ္ဘာလုံးသို့ ပြောကြားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအား နိုင်ငံတကာမှ ပြစ်တင်ရှုတ်ချစေရန်နှင့် နိုင်ငံရေးအရ ဖိအားပေးမှုများ မြင့်မားလာစေရန်အတွက် ဘင်္ဂလားဒေ့ရှ်အနေဖြင့် မဟုတ်မမှန်ပြောကြားကာ မြန်မာအစိုးရနှင့် ပြည်သူများအား ပုတ်ခတ်ဝေဖန်လျက်ရှိကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ စစ်မှန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း။




မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း

ကုဝိတ်အမြဲတမ်းကိုယ်စားလှယ် ပြောကြားခဲ့သည့် နှစ်နိုင်ငံနယ်စပ်တွင် တရားမဝင် နေထိုင်မှုများနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ နှစ်နိုင်ငံ နယ်စပ်သဘောတူညီချက်အရ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာတွင် လူများ နေထိုင်ခြင်းနှင့် အဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကို တားမြစ်ထားပါကြောင်း၊ သို့အတွက် တစ်ဖက်နယ်စပ် ကန့်သတ်ဇရိယာအတွင်း ကတုတ်ကျင်းများနှင့် နေအိမ်အချို့ ဆောက်လုပ်နေမှုများအတွက် မိမိတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ကန့်ကွက်စာပေးပို့ခဲ့ကြောင်း။

မြန်မာဘက်ရှိ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်မျဉ်းအတွင်း တရားမဝင် နေထိုင်သူများကိုလည်း အဆောက်အအုံများဆောက်လုပ်နိုင်ရန် ဘင်္ဂလားဒေ့ရှ်မှ အကူအညီပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာကို ပေါ်ပေါ်တင်တင် ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း၊ ယင်းလုပ်ရပ်ကို ချက်ချင်းရပ်တန့်ရန် လိုအပ်ကြောင်း။

**❏ မြန်မာဘက်ရှိ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်မျဉ်းအတွင်း တရားမဝင်နေထိုင်သူများကိုလည်း အဆောက်အအုံများ ဆောက်လုပ်နိုင်ရန် ဘင်္ဂလားဒေ့ရှ်မှ အကူအညီပေးလျက်ရှိသည်ကို တွေ့ရှိရ၊ ယင်းမှာ မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာကို ပေါ်ပေါ်တင်တင် ချိုးဖောက်နေခြင်းပင်ဖြစ်၊ ယင်းလုပ်ရပ်ကို ချက်ချင်းရပ်တန့်ရန်လိုအပ်**

**အရေးယူရန်အဆင်သင့်ရှိ**

တာဝန်ခံမှုနှင့်ပတ်သက်၍ မည်သည့်လူ့အခွင့်အရေးချိုးဖောက်မှုများကိုမျှ အကာအကွယ် ပေးမည်မဟုတ်ကြောင်းကို မြန်မာအစိုးရအနေဖြင့် ထပ်တလဲလဲ ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ အထောက်အထား တင်ပြနိုင်သည့် စွပ်စွဲချက်များကို တရားဥပဒေအရ စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ် အကြမ်းဖက်မှုကို ရှုတ်ချကြောင်းနှင့် လိုအပ်သည့် အချက်အလက်များ ပံ့ပိုးပေးပါက လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များကို အရေးယူရန် အဆင်သင့်ရှိကြောင်း ပြောကြားခဲ့သည်ကို အမှတ်ရလိမ့်မည်ဟု ယူဆကြောင်း၊ အခွင့်အရေးချိုးဖောက်မှုများကို မြန်မာနိုင်ငံရှိ တရားရုံးများသို့ ဖော်ထုတ်တင်ပြလိုသူ မည်သူကိုမဆို လုံခြုံရေးအာမခံမှုပေးမည်ဟုလည်း ထပ်လောင်းပြောကြားခဲ့ကြောင်း။

ကျူးလွန်သူများကို အရေးယူအပြစ်ပေးနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာ သက်သေအထောက်အထားတင်ပြနိုင်မည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူဆိုသူများကို မြန်မာ့တပ်မတော်မှ ကြိုဆိုမည်ဖြစ်ကြောင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုံခြုံရေးကောင်စီအဖွဲ့ဝင်များအား ပြောကြားခဲ့ကြောင်း။

လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်မှုများနှင့်ပတ်သက်၍ လက်ရှိ ကြုံတွေ့နေရသည့် လူသားချင်းစာနာမှု ပြဿနာသည် ARSA အကြမ်းဖက်သမားများက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်လုံခြုံရေး စခန်း ၃၀ ကို တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည်ကို မမေ့သင့်ကြောင်း၊ ပဋိပက္ခ၏ အရင်းအမြစ်နှင့် အပြစ်မဲ့ ဟိန္ဒူ၊ ရခိုင်ဗုဒ္ဓဘာသာနှင့် အခြားတိုင်းရင်းသားမျိုးနွယ်စုများကို အကြမ်းဖက်သမားများက ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်မှုများကို အနောက်မီဒီယာများက မသိကျိုးကျွန်ပြုနေကြကြောင်း၊ မွတ်စလင်များ နှိပ်စက်ခံသားကောင်ဖြစ်နေရကြောင်း ဇာတ်နာအောင် ဖန်တီးမှုများကို တရစပ်ဖော်ပြမှုများအောက်တွင် အမှန်တရားသည် ဖုံးကွယ်ခံနေရကြောင်း၊ အလွန်ရှုပ်ထွေးပြီး နိုင်ငံရေးအရ ထိခိုက်လွယ်သည့် ရခိုင်ပြဿနာကို မျှတမှုရှိပြီး အပြုသဘောဆောင်သည့် နည်းလမ်းဖြင့်သာ မှန်ကန်စွာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း။

မေ ၁ ရက်တွင် မောင်တောမြို့သို့ သွားရောက်ခဲ့သည့် လုံခြုံရေးကောင်စီ၏ ခရီးစဉ်အတွင်း ရခိုင်၊ မြို၊ မရမာကြီးနှင့် ဟိန္ဒူ ၂၀ ခန့်က ARSA အကြမ်းဖက်များ၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် ရင်ဆိုင်ရသည့် ၎င်းတို့၏ အတွေ့အကြုံများကို လုံခြုံရေးကောင်စီအဖွဲ့ဝင်များထံ ထွက်ဆိုပြောကြားနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ စောင့်ဆိုင်းနေခဲ့ကြကြောင်း၊ သို့သော်လည်း အချိန်အကန့်အသတ်ကြောင့် ရခိုင်အမျိုးသမီးတစ်ဦးနှင့် ဟိန္ဒူအမျိုးသမီးတစ်ဦးသာ ARSA အကြမ်းဖက်များက ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ပြောကြားခွင့်ရခဲ့ကြကြောင်း၊ ရခိုင်လူမျိုးများ၏ ဝမ်းနည်းဖွယ်အဖြစ်အပျက်များသည် အသိုက်အဝန်းတစ်ခု၏ ပြောကြားချက်များကိုသာ တစ်ဖက်သတ်နားထောင်လိုသူအချို့၏ မသိကျိုးကျွန်ပြုမှုခံခဲ့ရကြောင်း။

၎င်းတို့သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၈ ရက်က မောင်တောမြို့နယ် ကုန်တိုင်ကျေးရွာ၌ ARSA အကြမ်းဖက်သမားများက မြိုတိုင်းရင်းသား ခုနစ်ဦးအား သတ်ဖြတ်ခဲ့မှု၊ အိမ်ခြေ ၂၆၂၅လုံး မီးရှို့ခံခဲ့ရမှု စသည့် ရက်စက်ကြမ်းကြုတ်သော အဖြစ်အပျက်များကို မျက်မြင်ကြုံတွေ့ခဲ့ကြရသူများဖြစ်ကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်က ရဲဘော်ကျကျေးရွာ အနောက်မြောက်ဘက်၌ ARSA အကြမ်းဖက်များ ပြန်ပေးဆွဲခံခဲ့ရသူ ၁၀၀ အနက် အသတ်ခံခဲ့ရသည့် ဟိန္ဒူရုပ်အလောင်း ၄၅ လောင်းကို တူးဖော်တွေ့ရှိမှုတွင်လည်း မျက်မြင်ကြုံတွေ့ခဲ့ကြသူများဖြစ်ကြောင်း။

**မိမိတို့ပိုင်သည့် မြေပေါ်တွင်ပင် မလုံခြုံမှုများ ခံစားနေကြရ**

မောင်တောဒေသရှိ တိုင်းရင်းသားများသည် အကြမ်းဖက်များ၏ ဆိုးရွားသည့် လုပ်ရပ်များကြောင့် စိတ်ဒဏ်ရာများ ခံစားနေကြရကြောင်း၊ ARSA များကြောင့် စိုးရိမ်ကြောက်ရွံ့မှုများကြီးမားလာပြီး မိမိတို့ပိုင်သည့် မြေပေါ်တွင်ပင် လူနည်းစုများအဖြစ် မလုံခြုံမှုများ ခံစားနေကြရကြောင်း။

ရခိုင်ပြည်နယ်ရှိ အရပ်သားပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့ကြခြင်းအတွက် ARSA ကိုလည်း အရေးယူရန်လိုအပ်ကြောင်း၊ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးရာတွင် ARSA အကြမ်းဖက်သမားများ၏ ရက်စက်မှုများလည်း ပါဝင်ရမည်ဖြစ်ကြောင်း။

ဘင်္ဂလားဒေ့ရှ်ဘက်မှ ဒေသတွင်း၌ အစွန်းရောက်များ ပေါ်ပေါက်လာစေရန် အမှတ်တမဲ့ ခွင့်ပြုနေခြင်းအပေါ် မိမိတို့အနေဖြင့် လွန်စွာစိုးရိမ်ပူပန်ပါကြောင်း၊ ARSA အနေဖြင့် ဒုက္ခသည်စခန်းများ၌ ခြေကုပ်ယူလျက်ရှိနေပြီး၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတို့ အမာခံနယ်မြေတစ်ခု မကြာမီ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း။

မေ ၉ ရက်က လေးဦးမှ ခြောက်ဦးအထိ ပါဝင်သည့် အကြမ်းဖက်အုပ်စုသည် ဘူလူကာလီဒုက္ခသည်စခန်းသို့ ဝင်ရောက်ခဲ့ပြီး အသက် (၄၆ နှစ်)အရွယ် Mohamed Faisal Ulhaq ဆိုသူအား ခေါ်ထုတ်ကာ ဓားဖြင့်ထိုးသတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ၎င်းသည် နေရပ်တိမ်းရှောင်နေသူများ ရခိုင်ပြည်နယ်သို့ ပြန်ရန် လှုံ့ဆော်စည်းရုံးနေသူတစ်ဦးဖြစ်သည်ဟု သိရှိရကြောင်း။

**တက်ကြွစွာ ဆွေးနွေးလျက်ရှိ**

မိမိတို့အနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လာရောက်ရေးအတွက် သင့်လျော်သည့် ပတ်ဝန်းကျင်များကို ပြင်ဆင်ထားရှိကြောင်း၊ နေရပ်စွန့်ခွာသူများ ဘေးကင်းပြီး ဂုဏ်သိက္ခာရှိသည့် ဆန္ဒအလျောက် နေရပ်သို့ ပြန်လည်လာရောက်ရေးအတွက် ကုလသမဂ္ဂအေဂျင်စီများနှင့် ထိတွေ့ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့နှင့် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ် ချုပ်ဆိုနိုင်ရန် တက်ကြွစွာ ဆွေးနွေးလျက်ရှိကြောင်း၊ ယင်းအေဂျင်စီများအနေဖြင့် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံး၏ အကျိုးအတွက် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UEHRD တို့နှင့်အတူ ဆောင်ရွက်သွားကြရန်ရှိပါကြောင်း။

*စာမျက်နှာ ၉ သို့*

# နတ်မောက်မြို့နယ်နှင့် ရမည်းသင်းမြို့နယ် ခရိုင်ချင်းဆက်လမ်းအား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၁၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက **ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော် ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီရေးဆွဲထုတ်ပြန် ကျင့်သုံးပေးပါရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆုံးဖြတ်လိုက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကော်မတီများတွင် လစ်လပ်သွားသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၆ ခုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

### ပြောင်းလဲဖွဲ့စည်းမည်

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လစ်လပ်သွားသော ဥက္ကဋ္ဌနေရာ၌ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းအားလည်းကောင်း၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လစ်လပ်သွားသော အတွင်းရေးမှူးနေရာ၌ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးအားလည်းကောင်း၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ လစ်လပ်သွားသော ဥက္ကဋ္ဌနေရာ၌ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်းနှင့် အတွင်းရေးမှူးနေရာ၌ ကဝမဲဆန္ဒနယ်မှ ဦးလှသန်းတို့အား လည်းကောင်း ပြောင်းလဲဖွဲ့စည်းမည်ကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ဧပြီ ၇ ရက်မှ ၁၉ ရက်အထိ ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာဆက်ဆံရေး၊ အုပ်ချုပ်မှုနှင့် အများပြည်သူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သင်တန်းသို့ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် တက်ရောက်ခဲ့သည့် ခရီးစဉ်၊ ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်မှ ၂၀ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် Dialogue on Parliamentarians Supporting the Quiet Revolution for Better Regulatory Governance ဆွေးနွေးပွဲသို့ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် တက်ရောက်ခဲ့သည့် ခရီးစဉ်၊ ၂၀၁၈ ခုနှစ် ဧပြီ ၂၅ ရက်မှ ၂၆ ရက်အထိ မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပသည့် International Conference Improving the Foreign Policy Decision Making Process: The Case of Mongolia ဆွေးနွေးပွဲသို့ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း တက်ရောက်ခဲ့သည့် ခရီးစဉ်၊ ၂၀၁၈ ခုနှစ် မေ ၇ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် လက်နက်ငယ်များ၊ သယ်ဆောင်ရလွယ်ကူသော လက်နက်များနှင့် စပ်လျဉ်းသည့် ပါလီမန်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း တက်ရောက်ခဲ့သည့် ခရီးစဉ်နှင့် ၂၀၁၈ခုနှစ် မေ ၇ ရက်မှ ၉ ရက်အထိ စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပသည့် Parliamentarian Workshop on International Trade 2018 အလုပ်ရုံဆွေးနွေးပွဲသို့ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်း တက်ရောက်ခဲ့သည့် ခရီးစဉ်တို့ကို လွှတ်တော်သို့ အသိပေးတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်သည်။


ဒုတိယဝန်ကြီး ဦးကျော်လင်း

### အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ **လမ်းတံတား အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် အရေးပါသည့် Third Party စနစ် အမြန်ဆုံးအကောင်အထည်ဖော်ရန်အတွက် လိုအပ်သော Myanmar National Building Code (MNBC) အား ဘာသာပြန်ပြီး ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အမြန်ဆုံးဖြန့်ဝေပေးရန်နှင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲသတ်မှတ်မှုနှင့် ဆောင်ရွက်ကျင့်သုံးမှု ရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ UN- Habitat နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ ပတ်သက်ဆက်နွှယ်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (Myanmar National Building Code – MNBC) ကို ၂၀၁၁ ခုနှစ်မှ စတင်ပြုစုခဲ့ပြီး ၂၀၁၂ ခုနှစ်အောက်တိုဘာလတွင် ပြီးစီးခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် (Myanmar National Building Code) (မူကြမ်း)စာအုပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ စည်ပင်သာယာရေးကော်မတီများ၊ ဗိသုကာနှင့် အင်ဂျင်နီယာဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီများသို့ ၂၀၁၅ ခုနှစ်တွင် ဖြန့်ဝေပေးပို့၍ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ တောင်းခံခဲ့ပြီး ပြန်လည်ပေးပို့လာသော အကြံပြုချက်နှင့် သဘောထားမှတ်ချက်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသို့ ပေးပို့စိစစ် တည်းဖြတ်ခဲ့ပြီး မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ (MNBC – 2016) အား ၂၀၁၆ခုနှစ် မတ်လတွင် အပြီးသတ်ပြုစုနိုင်ခဲ့ပါကြောင်း။

(MNBC – 2016) ကို အတည်ပြုထုတ်ဝေနိုင်ရန်အတွက် မြန်မာဘာသာသို့ ပြန်ဆိုရာတွင် စုစုပေါင်းစာမျက်နှာ ၁၁၄၈ မျက်နှာရှိသည့်အနက် စာမျက်နှာ ၈၀၀၊ ၇၀ ရာခိုင်နှုန်းခန့်ကို မြန်မာဘာသာပြန်ဆိုပြီး ဖြစ်ပါကြောင်း၊ မြန်မာဘာသာပြန်ဆိုပြီးသည့်အပိုင်းများအား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ပြန်လည်ဆန်းစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ (MNBC – 2016) ကို ဘာသာပြန်ဆိုခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ အတည်ပြုချက်ရရှိရေး ဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုချက်ရရှိပါက စီးပွားရေးရာကော်မတီသို့ တင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၏ အတည်ပြုချက်ရရှိပါက မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများကို ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး Third Party စနစ် အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**◆ ဥပဒေပြုလွှတ်တော်အနေဖြင့် မူရင်းဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှုပြီး နိုင်ငံတော်မှ ကျင့်သုံးနေသည့်မူဝါဒကို အခြေပြုရေးဆွဲခြင်းဖြစ်**

**◆ မူရင်းဥပဒေရည်ရွယ်ချက်အောင်မြင်ရန် တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို မလွဲမသွေ ရေးဆွဲကျင့်သုံးရမည်**

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေး တင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် အနိမ့်ဆုံးကြမ်းခင်းဈေးသတ်မှတ်ထားခြင်းအား ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပစ္စည်းဝယ်ယူရေး တင်ဒါနှင့် တည်ဆောက်ရေးတင်ဒါဟူ၍ အပိုင်း ၂ ပိုင်း ပါဝင်ပါကြောင်း၊ ပထမပိုင်းဖြစ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါခေါ်ယူဆောင်ရွက်ရာတွင် သတ်မှတ်ထားချက်များအရ အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ရန်မလိုအပ်ပါကြောင်း၊ ပစ္စည်းဝယ်ယူရေး တင်ဒါအောင်မြင်သူကို ရွေးချယ်ရာတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီသော တင်ဒါတင်သွင်းသူများအနက်မှ ဈေးအနည်းဆုံးသော တင်ဒါကို ရွေးချယ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

### ဈေးနှုန်းအနည်းဆုံး တင်သွင်းသည့်ကုမ္ပဏီ

ဒုတိယပိုင်းဖြစ်သည့် တည်ဆောက်ရေးဆိုင်ရာ တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် တင်ဒါတင်သွင်းသူများအား (Two Envelope) စနစ်ဖြင့် စိစစ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကျွမ်းကျင်မှုဆိုင်ရာ စာအိတ် (Technical Proposal Envelope) များကို လိုအပ်သော အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှု ရှိ၊ မရှိ စိစစ်ရွေးချယ်ရမည်ဖြစ်ပြီး ကျွမ်းကျင်မှုဆိုင်ရာ အောင်မြင်သော ကုမ္ပဏီများကိုသာ ဈေးနှုန်းဆက်လက်ဝင်ရောက်ယှဉ်ပြိုင်စေရမည် ဖြစ်ပါကြောင်း၊ ကျွမ်းကျင်မှုဆိုင်ရာ အောင်မြင်သော ကုမ္ပဏီများမှ တင်သွင်းလာသည့် ဈေးနှုန်းများအနက် ဈေးနှုန်းအနည်းဆုံး တင်သွင်းသည့်ကုမ္ပဏီအား တင်ဒါအောင်မြင်သည့် ကုမ္ပဏီအဖြစ် ရွေးချယ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။


နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း

နတ်မောက် မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း၏ **နတ်မောက်မြို့နယ်နှင့် ရမည်းသင်းမြို့တို့အား ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မကွေးခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကို ဆက်သွယ်မည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကပေါင်းကုန်းကြီး၊ လဲဘူး၊ သပွတ်ပင်၊ ကျောက်အိုး၊ အောင်ချမ်းသာ၊ ဖက်တောရေ၊ မျှော်တောင်၊ မကျီးပင်ကုန်း ကျေးရွာတို့မှ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်သို့ ဆက်သွယ်မည့် ခရိုင်ချင်းဆက်လမ်း၏ စုစုပေါင်းအရှည်မှာ ၂၅ မိုင်ရှိပြီး မကွေးတိုင်းဒေသကြီးအတွင်း ၁၇ မိုင်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ၈ မိုင် ပါဝင်ပါကြောင်း၊ အဆိုပါလမ်းများအား တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ပြီးပါက ရန်ကုန်-မန္တလေး အမြန်လမ်း၏ မိုင်တိုင်အမှတ် (၂၅၆/၂)သို့ ဆက်သွယ်သွားရောက်နိုင်မည်ဖြစ်ပါကြောင်း။

### ရာသီမရွေး သွားလာနိုင်သောလမ်း

အဆိုပါ ခရိုင်ချင်းဆက်လမ်းသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (A)တွင် ပါဝင်သဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကပေါင်းကုန်းကြီး၊ လဲဘူး၊ သပွတ်ပင်လမ်းပိုင်း၌ ၁၂ပေ အကျယ် ၆ လက်မထု ကျောက်ရောမြေ ၈ မိုင် ဖိဖာလုံခင်းရန်အတွက် ရန်ပုံငွေထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသောလမ်းပိုင်းများအား ဘဏ္ဍာရေးနှစ်အလိုက်၊ ဘဏ္ဍာငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးနှင့် ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးက ၂၀၁၈ ခုနှစ် မေ ၁၂ရက်တွင် မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေးဂိတ်စခန်းနှင့် မြို့တွင်းရှိ နေအိမ်များသို့ KIA၊ TNLA လက်နက်ကိုင်အဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ ၁၄ ဦးသေဆုံး၊ ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင် လေးဦး ကျဆုံးနှင့် ဒဏ်ရာရသူ ၇၂ ဦးတို့အတွက် စာနာထောက်ထားကြောင်းနှင့် သေဆုံးသူများ၏ မိသားစုနှင့်အတူ ဝမ်းနည်းပါကြောင်း အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူသဖြင့် မှတ်တမ်းတင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက **ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော် ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန် ကျင့်သုံးပေးပါရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ မိမိတို့နိုင်ငံအနေဖြင့် ပထမအကြိမ် လွှတ်တော်သက်တမ်းမှ ယခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအထိ မူရင်း ဥပဒေ ၅၉ ခုကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးရမည့် တစ်ဆင့်ခံဥပဒေများဖြစ်သည့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းထားရှိရခြင်း မရှိသေးသည်ကို သိရှိရပါကြောင်း၊ ထို့အတူ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို မူရင်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခွင့်ပြုထားရာ မူရင်းဥပဒေ၏ တစ်ဆင့်ခံနည်းဥပဒေများအား သက်ဆိုင်ရာအဖွဲ့အစည်းများက ရေးဆွဲပြဋ္ဌာန်းကျင့်သုံးမှု အားနည်းသည့်အတွက် မူလဥပဒေများ၏ ရည်ရွယ်ချက်များ သက်ဝင်မှုမရှိသည်ကို သိရှိရပါကြောင်း။

### ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်မဟုတ်

တိုက်ရိုက်ဥပဒေဖြစ်သည့် မူရင်းဥပဒေအားလုံးကို တစ်ဆင့်ခံဥပဒေများဖြစ်သည့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်မဟုတ်ပါကြောင်း၊ အချို့သော မူရင်းဥပဒေများအနေဖြင့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကျင့်သုံးရုံဖြင့် မူရင်းဥပဒေများသည် အသက်ဝင်ပြီး လက်တွေ့နယ်ပယ်မှ အကောင်းဆုံးအကောင်အထည်ဖော်နိုင်သည်ကို တွေ့ရပါကြောင်း။

ဥပဒေပြုလွှတ်တော်အနေဖြင့် မူရင်းဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှုပြီး နိုင်ငံတော်မှ ကျင့်သုံးနေသည့်မူဝါဒကို အခြေပြုရေးဆွဲခြင်းဖြစ်ပါကြောင်း၊ မူရင်းဥပဒေရည်ရွယ်ချက်အောင်မြင်ရန် တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို မလွဲမသွေ ရေးဆွဲကျင့်သုံးရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ထို့နောက် ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်က သဘောတူ

**နေပြည်တော် မေ ၁၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာခဲ့သည်။



ဒေါက်တာမျိုးသိမ်းကြီး
ပြည်ထောင်စုဝန်ကြီး



ဦးငွန်ပေး
ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)

**“သရက်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရောဆောင်နှင့် စစ်တောင်းဆောင် (၂) ဆောင်တို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေး ခွင့်ပြုရန်ပုံငွေရရှိရေးအတွက် သာမန်အသုံးစရိတ်ဖြင့် အကြီးစား ပြင်ဆင်ရန်အတွက် စိစစ်ဆောင်ရွက်သွားမည်”**

**ရှင်းလင်းဆောင်ရွက်**

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်း ၅ ခုကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဖြေကြားခြင်းနှင့် အစီရင်ခံစာတစ်ခုအား ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးငွန်ပေး၏ **ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ သီဖူလ်းကျေးရွာအုပ်စု ဟိုင်ရွန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေ ရရှိရေးအတွက် လျာထားချက်စာရင်းများ ဆောင်ရွက်သည့်အခါတွင် အသစ်တည်ဆောက်ရန် လိုအပ်သည့် အခြေခံပညာကျောင်းများကို အန္တရာယ်ရှိ ကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန် လိုအပ်သည့် ကျောင်းဆောင်များ၊ စာကြည့်တိုက်များ၊ သိပ္ပံဆောင်များ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန် လိုအပ်သောကျောင်းများ စသည်ဖြင့် လုပ်ငန်းများခွဲခြား၍ မြို့နယ် အလိုက်ဦးစားပေးအဆင့်များ သတ်မှတ်ကာ ပြုစုဆောင်ရွက်ခဲ့ပါကြောင်း။

ချင်းပြည်နယ် ဟားခါးမြို့နယ်အတွက် အခြေခံပညာကျောင်းပေါင်း ၁၀ ကျောင်းကို မြို့နယ်ဦးစားပေးအစီအစဉ်ဖြင့် ထည့်သွင်းလျာထားဆောင်ရွက်ထားပါကြောင်း၊ သို့ဖြစ်ပါ၍ ချင်းပြည်နယ် ဟားခါးမြို့နယ် ဟိုင်ရွန်းကျေးရွာ အခြေခံပညာမူလတန်း ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၃၇ ဦးသာရှိသည့်အတွက် ပေ (၆၀×၃၀) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်ကာလတွင် ငွေလုံးငွေရင်း တည်ဆောက်ရေး ခွင့်ပြုရန်ပုံငွေ ရရှိရေးအတွက် လျာထားချက်စာရင်းတွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ ထည့်သွင်းလျာထားပါကြောင်း ဖြေကြားသည်။

**အကြီးစားပြင်ဆင်ရန်စိစစ်သွားမည်**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဒေါ်သန်းသန်းအေး၏ **မကွေးတိုင်းဒေသကြီး၊ သရက်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရောဆောင်၊ စစ်တောင်းဆောင်၊ သံလွင်ကျောင်းဆောင်များ၏ ပျက်စီးယိုယွင်းနေသော နေရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီး၊ သရက်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရောဆောင်နှင့် စစ်တောင်းဆောင် (၂) ဆောင်တို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေ ရရှိရေးအတွက် သာမန်အသုံးစရိတ်ဖြင့် အကြီးစားပြင်ဆင်ရန်အတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သံလွင်ဆောင်အစား ပေ (၁၂၀×၃၀) Steel Structure နှစ်ထပ်ကျောင်းဆောင် ၁ ဆောင်ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာ ရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေ လျာထားချက်စာရင်းများ ဆောင်ရွက်ချိန်တွင် မြို့နယ်ဦးစားပေးအစီအစဉ်ဖြင့် တန်းစီဇယားအရ စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**အခွင့်အလမ်းပိုမိုရရှိမည်**

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးအောင်မျိုးလတ်၏ **မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်အဆင့် တိုးမြှင့်မည်ဆိုပါက ဘွဲ့ကြိုတန်း၊ ဂုဏ်ထူးတန်းနှင့် မဟာအရည်အချင်းစစ်သင်တန်းများအပြင် ဒီပလိုမာတန်းများ၊ မဟာဘွဲ့သင်တန်းများပါ သင်ကြားပို့ချပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသတွင်း၌ရှိသည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် သင်ယူမှု အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊

သတ်မှတ်မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများ လွယ်ကူစွာ ပညာသင်ကြားသင်ယူခွင့်ရရှိနိုင်မည်ဖြစ်သည့်အတွက် မြင်းခြံဒီဂရီကောလိပ်အား တက္ကသိုလ်အဆင့်သို့ တိုးမြှင့်သင့်သော်လည်း တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူအရေအတွက်အပေါ် မူတည်၍ ထပ်မံလိုအပ်သည့် စာသင်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ သင်ကြားရေးဆရာ၊ ဆရာမများနှင့် ဝန်ထမ်းအင်အားများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လိုအပ်သည့် ခွင့်ပြုဘဏ္ဍာငွေနှင့် ဆရာ၊ ဆရာမခန့်ထားနိုင်မှု၊ တက္ကသိုလ်အဆင့်တိုးမြှင့်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုအတည်ပြုချက်ရရှိရေးအတွက် အလေးအနက်ထား ကြိုးစားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဒေါက်တာဇော်လင်းထွဋ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးလားလ်မင်းထန်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာ ကော်မတီသည် မြန်မာ့သမိုင်းအဖွဲ့ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် သင့်လျော်ညီညွတ်မှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မတီသည် မြန်မာ့သမိုင်းအဖွဲ့ ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ကြေညာ**

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတတိယနေ့ကို မေ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၁ / ၂၀၁၈ )**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁ ရက်**
**( ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက် )**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၁) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၁) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁/၂၀၁၆)၊ ၁၇.၅.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၈/၂၀၁၆)၊ ၁၄.၁၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၆/၂၀၁၆) နှင့် ၂၆.၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၁) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၀၀၈၆ ဗိုလ်မှူးချုပ် တင်စိုး | အစား | ရေ ၁၃၃၅ ဗိုလ်မှူးချုပ် နေဝင်း |
| (၂) | ကြည်း ၂၁၉၉၉ ဗိုလ်မှူးချုပ် သန်းအောင် | အစား | ကြည်း ၁၉၅၉၈ ဗိုလ်မှူးကြီး ဝင်းလွင်ဦး |
| (၃) | ကြည်း ၁၅၁၃၇ ဗိုလ်မှူးချုပ် စိုးမြင့် | အစား | ကြည်း ၁၉၅၂၈ ဗိုလ်မှူးကြီး စိုးလွင် |
| (၄) | ကြည်း ၁၅၁၉၁ ဗိုလ်မှူးကြီး ကြည်ရွှေ | အစား | ကြည်း ၁၉၃၆၈ ဗိုလ်မှူးကြီး မင်းဦး |
| (၅) | ကြည်း ၂၆၂၃၉ ဗိုလ်မှူးကြီး မြဦး | အစား | ကြည်း ၆၇၅၄၀ ဗိုလ်ကြီး ဒေါ်ပြည့်ပြည့်သူ |
| (၆) | လေ ၁၇၅၃ ဗိုလ်မှူးကြီး နေဝင်း | အစား | ကြည်း ၃၁၂၂၅ ဒုတိယဗိုလ်မှူးကြီး အောင်ဇင်မင်း |
| (၇) | ကြည်း ၁၉၇၆၈ ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် | အစား | ကြည်း ၂၈၆၆၆ ဒုတိယဗိုလ်မှူးကြီး သန့်ဇော် |
| (၈) | ကြည်း ၂၆၂၇၇ ဒုတိယဗိုလ်မှူးကြီးမောင်ဘို | အစား | ကြည်း ၃၀၃၇၁ ဒုတိယဗိုလ်မှူးကြီးရဲထွန်းနိုင် |
| (၉) | ကြည်း ၃၁၃၇၆ ဒုတိယဗိုလ်မှူးကြီး ထိန်လင်း | အစား | ကြည်း ၆၃၁၁၂ ဗိုလ်ကြီး ဒေါ်ဇင်ဇင်အောင် |
| (၁၀) | ကြည်း ၃၁၉၁၉ ဒုတိယဗိုလ်မှူးကြီးကျော်ဇင်လတ် | အစား | အင်န် ၅၃၇ ဗိုလ်မှူးဒေါ်အေးအေးမာ |
| (၁၁) | ကြည်း ၂၇၄၀၂ ဗိုလ်မှူးမြင့်မောင် | အစား | အင်န် ၆၂၈ ဗိုလ်မှူး ဒေါ်သူဇာရွှေ |

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးအစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၂/ ၂၀၁၈ )**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁ ရက်**
**( ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက် )**

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးအစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ငါးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါကော်မရှင်၏ ကြေညာချက် အမှတ် (၂/၂၀၁၆)၊ ၁၄.၁၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၆) နှင့် ၂၆.၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ငါးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၈၃၉၉ ဗိုလ်မှူးကြီး သန်းဌေး | အစား | ကြည်း ၂၀၈၇၀ ဗိုလ်မှူးကြီး ခင်မောင်နိုင် |
| (၂) | ကြည်း ၂၁၇၅၀ ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း | အစား | ကြည်း ၂၇၄၆၆ ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း |
| (၃) | ကြည်း ၂၄၉၂၇ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး | အစား | ကြည်း ၁၉၃၇၈ ဗိုလ်မှူးကြီး အောင်ကျော်စိုး |
| (၄) | ကြည်း ၃၁၄၀၁ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းမြင့် | အစား | ကြည်း ၆၃၁၀၆ ဗိုလ်ကြီး ဒေါ်ပန်းအိစံ |
| (၅) | ကြည်း ၃၃၄၄၅ ဗိုလ်မှူးဝင်းနိုင် | အစား | ကြည်း ၃၁၃၁၄ ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင် |

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သားတိုင်းသည် မည်သည့်လက်ရုံးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ဖွဲ့များကဲ့သို့ တိုက်ပွဲဝင်နိုင်ရမည်




**နေပြည်တော် မေ ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဟင်္သာတ တပ်နယ် ကွင်းကောက်ရှိ နယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံသည်။ **(ယာပုံ)**

**ကျွမ်းကျင်မှုနှင့် ကြံ့ခိုင်မှု**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းသည် စစ်သည်တစ်ဦးချင်း၏ အခြေခံမှစ၍ ရာထူးအဆင့်ဆင့်အား ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်ပေးနေသည့် သင်တန်းကျောင်းတစ်ခုဖြစ်ကြောင်း၊ လေ့ကျင့်ချိန်ကာလ ကြာမြင့်သည်နှင့်အမျှ စစ်သည်တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုနှင့် ကြံ့ခိုင်မှု ပိုမိုတိုးတက်ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ သင်တန်းကာလအလိုက် လေ့ကျင့်ရေးလုပ်ငန်းဆောင်ရွက်ပေးမှုများကို စနစ်တကျသင်ယူမှသာ ကြံ့ခိုင်မှုကိုရရှိနိုင်မည်ဖြစ်ပြီး ထိုသို့ သာမန်ထက်ပို၍ခံနိုင်ရည်ရှိသည့် ကျန်းမာကြံ့ခိုင်မှုရှိမှသာ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းသည် မည်သည့်လက်ရုံးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို စစ်မြေပြင်တွင် ခြေလျင်တပ်ဖွဲ့များကဲ့သို့ တိုက်ပွဲဝင်နိုင်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ထမ်းဆောင် နိုင်ရန်အတွက် ရာသီဥတုဒဏ်ကိုခံနိုင်၍ ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး စစ်သည်တစ်ဦးချင်း လိုအပ်သည့် အာဟာရနှင့်ကိုက်ညီသည့် ရိက္ခာများကို ရရှိအောင် ဆောင်ရွက်ပေးထားပြီး အပြည့်အဝစားသုံးရန် လိုအပ်ကြောင်း မှာကြားသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)က အားကစားပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူးက စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းသားစားရိပ်သာတွင် သင်တန်းသားများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ပုသိမ်မြို့ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ အုန်းသားဆီနှင့်ဆက်စပ်ပစ္စည်းစက်ရုံ(ပုသိမ်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကိုယ်ခံအားစနစ် တိုးတက်ကောင်းမွန်စေ**

အဆိုပါ အုန်းသားဆီနှင့် ဆက်စပ်ပစ္စည်းစက်ရုံ(ပုသိမ်)မှ ထုတ်လုပ်သည့် သဘာဝအုန်းသားဆီများကို သုံးစွဲခြင်းဖြင့် လူ့ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေခြင်း၊ ခန္ဓာကိုယ်ရှိ ဒူး၊ တံတောင်စသော အဆစ်အမျက်များ လှုပ်ရှားမှုပိုမိုကောင်းမွန်လာခြင်း၊ အသက်အရွယ်ကြီးရင့်သူများ သောက်သုံးပါက ဦးနှောက်ဆဲလ်များကို ပိုမိုကောင်းမွန်စေသည့်အတွက် မှတ်ဉာဏ်ကျဆင်းမှုကို ကာကွယ်နိုင်ခြင်း၊ ဆီးချိုရောဂါရှိပါက သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို ထိန်းညှိနိုင်သောကြောင့် ရောဂါသက်သာစေခြင်း၊ သွေးတိုးရောဂါရှိသူများ ခန္ဓာကိုယ်အတွင်း သွေးတိုးမှုကို လျော့ကျစေခြင်း၊ သွေးအတွင်းမလိုအပ်သော အဆီပါဝင်သည့် ပမာဏကို သိသာစွာလျှော့ချပေးခြင်း၊ ကိုယ်အလေးချိန်ချရန်အတွက် လေ့ကျင့်ခန်းပြုလုပ်နေသူများ သောက်သုံးပါက ဇီဝကမ္မဖြစ်စဉ်ကို ပိုမိုလှုံ့ဆော်ပေးသဖြင့် ကယ်လိုရီပိုမိုလောင်ကျွမ်းစေခြင်း၊ ကလေးမွေးပြီးစ နို့တိုက်မိခင်များ သောက်သုံးပါက ရင်သွေးငယ်အတွက် အာဟာရပြည့်ဝသော နို့ချိုပိုမိုထွက်စေခြင်း စသောအကျိုးကျေးဇူးများ ရရှိစေနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၇ ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၃/၂၀၁၈ )**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁ ရက်**
**( ၂၀၁၈ ခုနှစ်၊ မေ လ ၁၅ ရက်)**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၇)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၇)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၆)၊ ၁၄.၁၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၈/၂၀၁၆)၊ ၁၆.၅.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၁၀/၂၀၁၇)နှင့် ၃၀.၁၀.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၆/၂၀၁၇)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၇) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က) **ကချင်ပြည်နယ်လွှတ်တော်**
ကြည်း ၃၅၄၆၈ ဗိုလ်မှူး လှိုင်ဖြိုးဝေ — အစား — ကြည်း ၂၀၆၁၅ ဗိုလ်မှူးကြီး ကျော်ကျော်ဦး

(ခ) **ကယားပြည်နယ်လွှတ်တော်**
(၁) ကြည်း ၂၂၆၀၃ ဗိုလ်မှူး နေထွန်း — အစား — ကြည်း ၃၉၅၆၅ ဗိုလ်မှူး မျိုးမင်းထက်
(၂) ကြည်း ၂၈၅၇၀ ဗိုလ်ကြီး ရွှေတိုး — အစား — ကြည်း ၃၆၅၈၀ ဗိုလ်ကြီး ဇော်မင်းထွန်း

(ဂ) **ချင်းပြည်နယ်လွှတ်တော်**
ကြည်း ၄၂၅၇၇ ဗိုလ်မှူး ဉာဏ်ထွဋ်ဆွေ — အစား — ကြည်း ၅၇၅၄၇ ဗိုလ်ကြီး စိုးရန်အောင်ဌေး

(ဃ) **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**
(၁) ကြည်း ၁၆၆၆၇ ဗိုလ်မှူးကြီး ကျော်သန့်နိုင် — အစား — ကြည်း ၂၆၈၈၄ ဗိုလ်မှူးကြီး သန်းထွန်းအောင်
(၂) ကြည်း ၃၀၅၈၇ ဗိုလ်မှူး သန်းထိုက်အောင် — အစား — ကြည်း ၁၉၄၆၈ ဗိုလ်မှူးကြီး ဝင်းတင့်

(င) **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၄၀၄၇၄ ဗိုလ်မှူး ဝင်းအောင်သန်း — အစား — ရေ ၄၂၀၅ ဗိုလ်မှူး သက်တင်အောင်

(စ) **ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၂၃၉၅၈ ဗိုလ်မှူး ကိုကိုလတ် — အစား — ကြည်း ၃၉၇၈၅ ဗိုလ်မှူး မျိုးမင်းဇော်

(ဆ) **မကွေးတိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၃၆၃၅၃ ဗိုလ်မှူး ကိုကို — အစား — ကြည်း ၄၅၅၇၇ ဗိုလ်ကြီး မျိုးထွန်းလင်း

(ဇ) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**
(၁) ကြည်း ၂၃၂၇၀ ဗိုလ်မှူး ဇော်မြင့် — အစား — ကြည်း ၃၉၂၄၇ ဗိုလ်မှူး ဌေးဦးခိုင်
(၂) ကြည်း ၃၀၅၁၉ ဗိုလ်မှူး ဟန်ဝင်းဇော် — အစား — ကြည်း ၃၃၅၂၆ ဗိုလ်မှူး ကျော်မြင့်အောင်
(၃) ကြည်း ၂၈၀၀၇ ဗိုလ်ကြီး တိုးအောင်မြင့် — အစား — ကြည်း ၅၀၇၇၁ ဗိုလ်ကြီး ထွန်းဝင်းအောင်

(ဈ) **မွန်ပြည်နယ်လွှတ်တော်**
(၁) ကြည်း ၃၈၄၆၄ ဗိုလ်မှူး မျိုးဇော်အောင် — အစား — ကြည်း ၁၉၃၆၇ ဗိုလ်မှူးကြီး တင်ထွဋ်
(၂) ရေ ၃၈၄၅ ဗိုလ်မှူး အောင်မြတ်မိုး — အစား — ရေ ၄၁၉၂ ဗိုလ်မှူး မြတ်သူရခိုင်

(ည) **ရခိုင်ပြည်နယ်လွှတ်တော်**
(၁) ကြည်း ၄၂၅၉၅ ဗိုလ်မှူး သက်နိုင်မြင့် — အစား — ကြည်း ၃၈၇၈၃ ဗိုလ်မှူး သက်ဦးမောင်
(၂) ရေ ၄၂၅၄ ဗိုလ်မှူး ဝေသူအောင် — အစား — ရေ ၄၁၁၃ ဗိုလ်မှူး ဇော်လင်းနိုင်
(၃) ကြည်း ၂၈၆၉၈ ဗိုလ်ကြီး သိန်းဆွေမြင့် — အစား — ကြည်း ၄၄၆၅၀ ဗိုလ်ကြီး ကျော်မင်းသန့်

(ဋ) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**
(၁) ကြည်း ၃၃၆၂၆ ဗိုလ်မှူး မင်းအောင်ဇော် — အစား — ကြည်း ၂၈၄၂၄ ဗိုလ်မှူး သိန်းလှိုင်
(၂) လေ ၂၅၅၄ ဗိုလ်မှူး ဖုန်းဇော်အောင် — အစား — လေ ၂၉၄၀ ဗိုလ်မှူး လှိုင်ဝင်းအောင်
(၃) ကြည်း ၃၀၆၈၁ ဗိုလ်ကြီး ရဲအောင် — အစား — ကြည်း ၄၂၇၁၅ ဗိုလ်ကြီး စိုးမင်းဌေး

(ဌ) **ရှမ်းပြည်နယ်လွှတ်တော်**
(၁) ကြည်း ၂၃၈၁၄ ဒုတိယဗိုလ်မှူးကြီး ကျော်သူရ — အစား — ကြည်း ၃၃၄၉၄ ဗိုလ်မှူး လင်းကျော်ခိုင်
(၂) ကြည်း ၃၀၀၆၄ ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထွန်း — အစား — ကြည်း ၃၃၆၄၂ ဒုတိယဗိုလ်မှူးကြီး မျိုးထိုက်
(၃) ကြည်း ၂၈၃၉၈ ဗိုလ်မှူး စိုးနိုင် — အစား — ကြည်း ၃၉၈၆၆ ဗိုလ်မှူး သက်ပိုင်ထွန်း
(၄) ကြည်း ၃၀၀၈၉ ဗိုလ်မှူး ဇော်လင်းထွေး — အစား — ကြည်း ၃၃၇၉၇ ဗိုလ်မှူး ထွန်းထွန်း
(၅) ကြည်း ၃၆၃၂၀ ဗိုလ်မှူး ရဲမြတ်ထွန်း — အစား — ကြည်း ၄၈၇၅၂ ဗိုလ်ကြီး ရဲနောင်ဇော်
(၆) ကြည်း ၆၀၂၃၃ ဗိုလ်ကြီး ကျော်ဇင်အောင် — အစား — ကြည်း ၅၃၈၈၇ ဗိုလ်ကြီး ထင်ကျော်

(ဍ) **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၃၁၂၈၃ ဗိုလ်ကြီး လင်းသက်အောင် — အစား — ကြည်း ၂၈၇၈၃ ဗိုလ်မှူး မင်းခေါင်

**( လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❋ *ကျောဖုံးမှ*

အနက် ၃ မီတာကျော်မျှသာရှိကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပိုင်ဆိုင်သော သောင်တူးသင်္ဘောအငယ်စားဖြင့် အမြဲမပြတ် စောင့်ကြည့်ပြီး တူးဖော်ပေးနေရသော နေရာဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြစ်အတွင်း ရေစူးအနက် ၉ မီတာရှိ သင်္ဘောကြီးများ ဝင်ထွက်နိုင်ရန် ခွင့်ပြုထားသော်လည်း ရေလမ်းကြောင်း တဖြည်းဖြည်းတိမ်ကောလာမှုကြောင့် ဒီရေတက်ချိန်ကို စောင့် ပြီး ဝင်ထွက်သွားလာနေရသဖြင့် မျှော်မှန်းထားသလောက် ခရီးတွင်မှု အားနည်းလျက်ရှိသည်။ သို့သော်လည်း ရန်ကုန်မြစ်ကြောင်းအတွင်း နေ့စဉ်သင်္ဘောဝင်ရောက်မှု ၂၅၀ မှ ၃၀၀ ကြားရှိကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရန်ကုန်မြစ်အတွင်း ရေစူး ၉ မီတာအနက်ရှိ ကုန်တင်သင်္ဘောကြီးများ အဆင်ပြေစွာ သွားလာနိုင်ရေး သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လွန်ခဲ့သောတစ်နှစ်ခွဲကာလမှစပြီး တင်ဒါခေါ်ယူခဲ့ကြောင်း၊ STAR HIGH ASIA PACIFIC LTD က တင်ဒါအောင်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် စာချုပ်ကာ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစာချုပ်အရ တင်ဒါအောင်ကုမ္ပဏီက သင်္ဘောငှားရမ်းခေါ်ယူကာ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တစ်နှစ်စာ စာချုပ်အရ လုပ်ငန်းဆောင်ရွက်မှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၅ သန်း ကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီက ယခုနှစ်မှစတင်ကာ ငါးနှစ်ကြာ ရန်ကုန်မြစ်အတွင်း သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိထားပြီး စာချုပ်ကို တစ်နှစ်တစ်ခါ ချုပ်ဆို၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခု သောင်တူးခြင်းလုပ်ငန်းတွင် အတွင်းစည်းခုံကို ၄ ဒသမ ၇ မီတာအနက်တူးပြီ အပြင်စည်းခုံကို ၅ မီတာအနက်တူးပေးကာ ရေလမ်းတစ်လျှောက် ၉ မီတာအနက်ရှိ သင်္ဘောကြီးများ နေ့စဉ်ဝင်ထွက်သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြစ်ကြောင်းအတွင်း ရေစူးနက်သော ကုန်တင်သင်္ဘောကြီးများ ပိုမိုသွားလာနိုင်ခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများ မြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

# “ဘင်္ဂလားဒေ့ရှ်ဘက်မှ ဒေသတွင်း၌ အစွန်းရောက်များ ပေါ်ပေါက်လာစေရန် အမှတ်တမဲ့ခွင့်ပြုနေခြင်းအပေါ် မိမိတို့အနေဖြင့် လွန်စွာစိုးရိမ်ပူပန်ပါကြောင်း၊ ARSA အနေဖြင့် ဒုက္ခသည်စခန်းများ၌ ခြေကုပ်ယူလျက်ရှိနေပြီး၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတို့ အမာခံနယ်မြေတစ်ခု မကြာမီဖြစ်လာလိမ့်မည်”

*စာမျက်နှာ ၅ မှ*

တစ်ချိန်တည်းမှာပင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများ၏ အကြောင်းရင်းဇာစ်မြစ်များကို ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ကိုဖီအာနန် ကော်မရှင်၏ အကြံပြုချက်များသည် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံး၏ ဖွံ့ဖြိုးမှုရရှိရေးအတွက် လက်တွေ့အရေးယူဆောင်ရွက်ရန် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ မစ္စတာ ကိုဖီအာနန်၏ကော်မရှင်မှ အကြံပြုချက် (၈၈)ချက်၊ အမျိုးသားအဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင်မှ အကြံပြုချက် (၄၈)ချက် တင်ပြထားခဲ့ကြောင်း၊ အကြံပြုချက်အများစုမှာ ထပ်နေကြောင်း၊ အကြံပြုချက် (၅၇)ခုကို မကြာမီ အကောင်အထည်ဖော်ပြီးစီးတော့မည်ဖြစ်ပြီး (၃၁)ခုကိုမူ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့ပြီး ဒုတိယအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ မေလတွင် တင်ပြသွားရန်ရှိကြောင်း။

**IDP စခန်း(၃)ခုကို ပိတ်သိမ်းနိုင်ခဲ့**

မစ္စတာကိုဖီအာနန်၏ နောက်ဆုံးအကြိမ် အစီရင်ခံစာတင်သွင်းပြီးနောက်ပိုင်း IDP စခန်း(၃)ခုကို ပိတ်သိမ်းနိုင်ခဲ့ပြီး နောက်ထပ်စခန်း (၄)ခုကိုလည်း မကြာမီ ပိတ်သိမ်းမည်ဖြစ်ကြောင်း။

NVC ကတ်များ ထုတ်ပေးရေးနှင့်ပတ်သက်၍ လျှောက်ထားမှုများ မပြုလုပ်အောင် သတင်းမှားများအား ဖြန့်နေသည်ကို တွေ့ရကြောင်း၊ အမှန်စင်စစ် NVC ကတ်သည် နိုင်ငံသားစိစစ်ခံနိုင်ရေးအတွက် ပထမအဆင့်ဖြစ်ကြောင်း၊ တည်ဆဲဥပဒေများအရ လိုအပ်ချက်များနှင့် ကိုက်ညီပါက NVC ကတ် ကိုင်ဆောင်သူများသည် နိုင်ငံသားဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်သူ မည်သူမဆို နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ကြရပါကြောင်း။

ရခိုင်ပြည်သူများအတွက် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုဖီအာနန်အစီရင်ခံစာပါ အကြံပြုချက်များကို မြေပြင်အခြေအနေပေါ် မူတည်၍ တတ်နိုင်သမျှ အပြည့်အဝ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

**ရန်လိုမုန်းတီးမှုသဘောထားအချို့ကို ကြားခဲ့ရ**

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့်လည်း ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံးအတွက် ငြိမ်းချမ်းရေး၊ သဟဇာတရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ပြန်လည်ရရှိရေးတို့အတွက် ဆီလျော်သည့် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရန် အတူတကွ ကြိုးပမ်းသွားရန် လိုအပ်ကြောင်း၊ အမြစ်တွယ်နေသည့် အယုံအကြည်ကင်းမဲ့မှုကို ကြီးမားစေမည့် အမုန်းပွားစေသည့် သဘောထားအမြင်များကို ရပ်တန့်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအပေါ် ထားရှိနေသည့် ဆန့်ကျင်ဘက် သဘောထားသည် ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် အထောက်အကူပြုစေမည် မဟုတ်ကြောင်း၊ ယခုပင် မိမိတို့နိုင်ငံအပေါ် ရန်လိုမုန်းတီးမှုသဘောထားအချို့ကို ကြားခဲ့ရသည်မှာ စိတ်မကောင်းဖွယ်ဖြစ်ကြောင်း။

ခွဲခြားဆက်ဆံမှုများနှင့် တစ်ဖက်သတ် ပံ့ပိုးကူညီမှုများသည် ဒေသတွင်း အသိုက်အဝန်းများအကြား ပိုမိုကင်းကွာမှုများနှင့် တင်းမာမှုများကိုသာ မြင့်တက်စေမည်ဖြစ်ကြောင်း။

**ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး**

နေရပ်စွန့်ခွာသူများ ပြန်လည်လာရောက်ရေးအတွက် နှစ်နိုင်ငံ သဘောတူညီချက်အား ဆန္ဒမှန်ဖြင့် အကောင်အထည်ဖော်ရာတွင် ဘင်္ဂလားဒေ့ရှ်အနေဖြင့် မြန်မာနိုင်ငံနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ နေရပ်စွန့်ခွာသူများအား အကူအညီပေးနိုင်ရန်အတွက် အပြန်အလှန်လေးစားမှု၊ စစ်မှန်သော ဆန္ဒနှင့် အိမ်နီးချင်းကောင်းစိတ်ဓာတ်တို့ဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ပါက ရခိုင်ပြည်နယ်ရှိ လက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ ပြဿနာနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖြေရှင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း။

မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် ပူးတွဲလုပ်ငန်းအဖွဲ့သည် သဘောတူညီထားသည့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ အကောင်အထည်ဖော်ရေးအတွက် ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်တွင် ဒါကာမြို့၌ ထပ်မံတွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း။

**ရလဒ်ကောင်းများ ရရှိနိုင်မည်**

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် ထောက်ခံအားပေးမှုပြုနေကြသော လုံခြုံရေးကောင်စီအဖွဲ့ဝင်များကို ကျေးဇူးတင်ရှိပါကြောင်းနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသည့်အတွက် အိမ်နီးချင်း(၄)နိုင်ငံကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း၊ အပြန်အလှန်နားလည်မှုနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် မိမိတို့ လိုလားတောင့်တသည့် ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း။

ကြီးမားသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံး၏ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာအစိုးရအနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ- တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ National Development and Reform Commission (NDRC) ၏ Department of Foreign Capital and Overseas Investment မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zheng Chiping နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr. Hong Liang တို့အား ယနေ့မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ ယူနန်ပြည်နယ်၊ တဲဟုန်ပြည်နယ်ခွဲ၊ ပါတီကော်မတီအတွင်းရေးမှူး Mr. Wang Jun Qiang နှင့်အဖွဲ့တို့အား ညနေ ၄ နာရီတွင်လည်းကောင်း ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံသည်။ **(ယာပုံ)**

NDRC \ Department of Foreign Capital and Overseas Investment မှ ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့် တရုတ်သံအမတ်ကြီးအား တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်ရေး၊ မြန်မာ- တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တဲဟုန်ပြည်နယ်ခွဲ၊ ပါတီကော်မတီအတွင်းရေးမှူး၊ ပြည်ပချစ်ကြည်ရေးအသင်းတာဝန်ခံအား တွေ့ဆုံရာတွင် Trade Processing Zone တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ Belt and Road Initiative တွင် ပါဝင်ဆောင်ရွက်သွားနိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးအပါအဝင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၁၅

**၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများလက်ဝယ်သို့ အချိန်မီထုတ်ချေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၃ နာရီခွဲက ကျင်းပသည်။** (အောက်ပုံ)

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခင်က စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရာတွင် တောင်သူသုံးဦး အစုအဖွဲ့အလိုက် ( ဝိုင်းလေးချုပ်) အာမခံသည့်စနစ်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မူရင်းကို ပြသစေပြီး တိုက်ဆိုင်စစ်ဆေး၍ ထုတ်ပေးခဲ့ပါကြောင်း၊ အဆိုပါစနစ်အရ ဝိုင်းလေးချုပ်တွင်ပါဝင်သူ တောင်သူတစ်ဦးဦးက ချေးငွေပြေကျေအောင် ပေးဆပ်ရန် ပျက်ကွက်ပါက ကျန်နှစ်ဦးကိုလည်း ချေးငွေသစ် ထုတ်ချေးခြင်း မပြုသဖြင့် ချေးငွေပြေကျေသော တောင်သူများမှာ နစ်နာမှုများ ရှိခဲ့ပါကြောင်း၊ သုံးဦးအစုအဖွဲ့ဖြင့် အာမခံရသည့် (ဝိုင်းလေးချုပ်) စနစ်အစား တစ်ဦးချင်း ရှင်းလင်းလွယ်ကူစွာ ထုတ်ချေးပေးပါရန် လွှတ်တော်ကိုယ်စားလှယ်အချို့က မေးခွန်းများ မေးမြန်းခဲ့ခြင်း၊ ဒေသအချို့မှ တောင်သူအချို့ကလည်း နစ်နာမှုများ တင်ပြခဲ့ခြင်းတို့ ရှိခဲ့ပါကြောင်း၊ တစ်ဦးမကျေလျှင် ကျန်နှစ်ဦးပါ ချေးခွင့်မရသည့်အတွက် တောင်သူအချို့ကပါ နောက်မှ ဆပ်တော့မည်ဆို၍ ချေးငွေပေးဆပ်မှု လျော့ရဲလာခဲ့ပြီး ကြွေးကျန်ပမာဏ တဖြည်းဖြည်းများ လာခြင်းကိုလည်း တွေ့ရပါကြောင်း။



သို့ဖြစ်ရာ ယခင်ကျင့်သုံးခဲ့သော တောင်သူလယ်သမားသုံးဦး အစုအဖွဲ့အချင်းချင်း အာမခံသည့်ပုံစံဖြင့် ချေးငွေထုတ်ချေးသည့်ပုံစံအစား တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်းက ကိုယ်တိုင်အာမခံသည့်စနစ်ဖြင့် ရှင်းလင်းလွယ်ကူစွာ ထုတ်ချေးမည့်ပုံစံသို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ယခုပြောင်းလဲ ဆောင်ရွက်မည့် (ပုံစံ-၇)မူရင်း အပေါင်ရယူပြီး တစ်ဦးချင်း လွယ်ကူရှင်းလင်းစွာ ဆောင်ရွက်မည့် စနစ်သည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ယခင်ကြွေးကျန်မရှိသည့် (ပုံစံ-၇)မူရင်း လက်ဝယ်အမည်ပေါက်ပိုင်ဆိုင်သူ တောင်သူတိုင်း ပါဝင်ခွင့်ရသော စနစ်ဖြစ်သည့်အတွက် ယခင်အဆက်ဆက် ကြွေးကျန်များရှိနေသည့် တောင်သူများအနေနှင့် ကြွေးကျန်များပေးဆပ်ပြီး ယခုစနစ်ထဲကို ဝင်ရောက်ကြရန် လွှတ်တော်အပိုင်းနှင့် ဌာနအဖွဲ့အစည်းများ အားလုံးကပါ ဝိုင်းဝန်းကူညီဆော်ဩပေးကြရန်လိုပါကြောင်း၊ ထို့ပြင် ယခုနှစ် မိုးရာသီအတွက် ထုတ်ချေးရာတွင် စိုက်ပျိုးချိန်မီစေရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဇွန်လကုန်အမီ ထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အပါအဝင် သက်ဆိုင်ရာဆက်စပ်ဌာနများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးနှင့် တောင်သူတစ်ဦးချင်း ရှင်းလင်းလွယ်ကူစွာ ချေးငွေထုတ်ချေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များကလည်း ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ အဆင်ပြေစွာ ထုတ်ချေးနိုင်ရေး ကူညီဆောင်ရွက်မည့် အစီအစဉ်များကို ပါဝင်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ ကျောဖုံးမှ

အနေဖြင့် ကိုင်တွယ်ကျင့်သုံးရသည့် ဥပဒေ (၄၉)ခုနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထုအခြေပြု ရဲလုပ်ငန်းစနစ်ကို ကျင့်သုံးကာ သက်ဆိုင်ရာဒေသခံ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ နိုင်ငံအလိုက်ရဲအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဆောင်ရွက်လျက်ရှိ**

အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဆက်ဆံရေးရုံး(BLO) ၁၂ ရုံးကို ဖွင့်လှစ်ဆောင်ရွက် လျက်ရှိပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဆက်ဆံရေးရုံး (BLO) အား မြန်မာနိုင်ငံ မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ်မြို့တို့၌ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ၁၉၉၉ ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် နောက်တိုးငါးနှစ် စီမံကိန်းများကို ၂၀၁၉ ခုနှစ်အထိ ရေးဆွဲကာ ဘိန်းအပါအဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးခြင်းနှင့် သစ်တောစိုက်ပျိုး ထိန်းသိမ်းမှုတို့ကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၂၅ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကောက်ခံလျက်ရှိသော အခွန်လေးမျိုးဖြစ်သည့် မြေခွန်၊ ယစ်မျိုးခွန်၊ တာတမံခွန်၊ ဓာတ်သတ္တုခွန် သန်းပေါင်း ၃၃၉၃၄ ဒသမ ၅၉၁ ကို ကောက်ခံရရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၃၆၅၇၇ ဒသမ ၀၁၇ ကောက်ခံရရှိခဲ့သဖြင့် လျာထားချက်ပြည့်မီကျော်လွန်အောင် ကောက်ခံရရှိခဲ့ပါကြောင်း။

(၂) နှစ်တာ သက်တမ်းကာလအတွင်း ပြည်တွင်းအသင်းအဖွဲ့အသစ် ၃၆၆ သင်းကို လည်းကောင်း၊ သက်တမ်းတိုးသည့် အသင်းအဖွဲ့ ၈၁ သင်းကို လည်းကောင်း၊ နိုင်ငံတကာ အသင်းအဖွဲ့အသစ် ၃၀၊ သက်တမ်းတိုးအသင်းအဖွဲ့ ၄၂ သင်းကို လည်းကောင်း မှတ်ပုံတင်ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)အား နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၃၁၆ မြို့နယ်တွင် ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်နိုင်ခဲ့ပြီး စုစုပေါင်း ဝန်ဆောင်မှု ၂၉၁၉၅၄၉ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**စီးပွားရေးဆိုင်ရာ ပြစ်မှုများ**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် စီးပွားရေးဆိုင်ရာ ပြစ်မှုများနှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၁၅ ရက် အထိ ၉၅ မှုကို စုံစမ်းစစ်ဆေးခဲ့ပြီး စုံစမ်းစစ်ဆေးခဲ့သည့် အမှုများအနက်မှ ငွေကျပ်သိန်းပေါင်း ၅၃၅၄၄၃၂ ကျော်နှင့် အမေရိကန်ဒေါ်လာ ၁၈၅၆၆၉၄၅ ခန့်အပေါ် အခွန်စည်းကြပ်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အကြောင်းကြားနိုင်ခဲ့ပါကြောင်း။

အကျဉ်းဦးစီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျက်ဖြင့် အကျဉ်းထောင်အသစ်များ ဆောက်လုပ်ခြင်း၊ လက်ရှိအကျဉ်းထောင်များအား တိုးချဲ့ဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး အကျဉ်းထောင် စခန်း ၉၄ ခုတွင် ရေသန့်စက်များအား ငွေကျပ်သန်း ၈၅၄ ဒသမ ၆၃ အကုန်ကျခံ၍ တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ မီးသတ်ဦးစီးဌာနအနေဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ပိုလန်နိုင်ငံ ချေးငွေဖြင့် ခေတ်မီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ ဖြည့်တင်းပေးနိုင်ခဲ့ပါကြောင်း။

မီးသတ်ဦးစီးဌာနအနေဖြင့် ထိရောက်သော မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအား ဖွဲ့စည်းပုံအရ တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ခန့်ထားခြင်း၊ ခရိုင်၊ မြို့နယ်၊ နယ်မြေမီးသတ်စခန်းများ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ မီးသတ်ယာဉ်၊ စက်နှင့်ပစ္စည်းကိရိယာများ ဖြည့်တင်းခြင်းနှင့် စခန်းအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပြီး မီးလောင်မှုဖြစ်စဉ်၊ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းသည်။

**ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး**

အလားတူ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် အောင်ဝင်းဦး** က မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး ဟူသည့် ရည်မှန်းချက်တာဝန်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှု ရရှိစေရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး တစ်ရုံး၊ နယ်မြေရဲစခန်း ရှစ်ခု၊ ရဲကင်းစခန်း ၁၄ ခု တို့အား အသစ်တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ရဲကင်းစခန်းငါးခုအား နယ်မြေရဲစခန်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်သည့် ရခိုင်ပြည်နယ် နယ်စပ်ဒေသ လုံခြုံရေးမြှင့်တင်ဆောင်ရွက်ရာတွင် ယခင်က အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ လေးခုဖြင့် လုံခြုံရေးဆောင်ရွက်လျက်ရှိရာမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ လေးခု ထပ်မံဖွဲ့စည်းခဲ့ပြီး တပ်ဖွဲ့ခွဲ ရှစ်ခု၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး သုံးရုံး တိုးချဲ့ဖွင့်လှစ် အင်အားဖြည့်တင်းကာ လုံခြုံရေးဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံး(BLO)အား မြန်မာနိုင်ငံ မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ်မြို့တို့၌ ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံနယ်ခြားစောင့်တပ်များအကြား အလံတင်အစည်းအဝေးများအား ဗဟိုအဆင့် နှစ်ကြိမ်၊ ကွပ်ကဲရေးမှူးအဆင့် နှစ်ကြိမ်၊ တပ်ရင်းမှူးအဆင့် ၁၂ ကြိမ်၊ တပ်ခွဲမှူးအဆင့် တစ်ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ နိုင်ငံအလိုက်ရဲအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အထူးစစ်ဆင်ရေး**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများရောင်းဝယ်၊ ပျံ့နှံ့မှု တားဆီးနှိမ်နင်းရန် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အထူးစစ်ဆင်ရေး ရှစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး အမှုပေါင်း ၁၃၈၈ မှု၊ တရားခံပေါင်း ၁၉၅၇ ဦးတို့အား မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အရေးယူဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများအား သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများ တွေ့ကြုံရသည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချိန်နှင့်တစ်ပြေးညီ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းသည်။

**အမျိုးသားမြို့ပြကွန်ရက်စနစ်**

ယင်းနောက် **ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း** က ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Conceptual Plan 2030 တွင် အမျိုးသားမြို့ပြကွန်ရက်စနစ်၊ အနာဂတ်မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ခြောက်ခု လျာထားပါကြောင်း၊ ၎င်းတို့မှာ နယ်စပ်ကုန်သွယ်ရေးစခန်းများ အနေဖြင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ယခုလက်ရှိနှင့် အနာဂတ်တွင်ရှိမည့် နယ်စပ်ကုန်သွယ်ရေးနေရာများ၊ နိုင်ငံတကာလေဆိပ်များအနေဖြင့် ယခုလက်ရှိ နိုင်ငံတကာလေဆိပ်များအပြင် ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်လာမည့် ကျောက်ဖြူ၊ ထားဝယ်စသည့် နိုင်ငံတကာလေဆိပ်အသစ်များ၊ ကျောက်ဖြူ၊ ငရုတ်ကောင်း၊ မော်လမြိုင်၊ ထားဝယ် စသည့် ရေနက်ဆိပ်ကမ်းများ၊ စစ်တွေ၊ ကျောက်ဖြူ၊ သီလဝါ၊ မော်လမြိုင်၊ ထားဝယ်၊ ကော့သောင်း စသည့် ကမ်းရိုးတန်းသွားဆိပ်ကမ်းများ၊ Inland Logistic Hub အနေဖြင့် Dry Ports တွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မုံရွာ၊ လားရှိုး၊ ထီးချိုင့်၊ စစ်ကိုင်း၊ ဘားအံ စသည်တို့နှင့် SEZ တွင် သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ် စသည်တို့နှင့် စက်မှုဇုန် ၁၉ ခုနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် မြဝတီ၊ မြို့သာ၊ မူဆယ်၊ ဘားအံ စသည်များ၊ Tourist Attraction Zone အနေဖြင့် အင်းလေး၊ ပုဂံ၊ မြောက်ဦး၊ ရန်ကုန်၊ မန္တလေး၊ ငပလီ၊ ချောင်းသာ၊ ငွေဆောင်၊ ပြင်ဦးလွင်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ် ရေခဲတောင်ဒေသ၊ ချင်းပြည်နယ် နတ်မတောင်၊ ကန်ပက်လက် စသဖြင့် ပါဝင်ထည့်သွင်းရေးဆွဲထားရှိပါကြောင်း။

**အဓိကအသက်သွေးကြောလမ်းမကြီး**

ထို့ပြင် Arterial Road Network Master Plan အရ ၂၀၃၅ ခုနှစ်တွင် တောင်မြောက် အမြန်လမ်းမကြီး ငါးလမ်း၊ အရှေ့အနောက် အမြန်လမ်းမကြီး ခုနစ်လမ်း၊ တောင်မြောက် အဓိကအသက်သွေးကြောလမ်းမကြီး ခြောက်လမ်း၊ အရှေ့အနောက် အဓိကအသက်သွေးကြောလမ်းမကြီး ၁၂ လမ်း ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ (၂)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် အဆောက်အဦဦးစီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က လုပ်ငန်းအပ်နှံသည့် အဆောက်အဦများကို တည်ဆောက်ခဲ့ပါကြောင်း၊ Construction Industry Development အတွက် လိုအပ်သည့် Construction Manual များ ရေးဆွဲထုတ်ပြန်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် Myanmar National Building Code ကို မြန်မာဘာသာပြန်ဆို၍ တစ်နိုင်ငံလုံး ဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း၊ ဧပြီ ၁ ရက်မှ စတင်ကာ အဆောက်အဦဦးစီးဌာနအနေဖြင့် အဆောက်အဦများကို ကိုယ်တိုင်မဆောက်လုပ်ဘဲ Regulatory Body အနေဖြင့်သာ ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ Regulation များနှင့် Standard and Specification များကိုသာ ရေးဆွဲလျက်ရှိပါကြောင်း။

**နေ့ချင်းပြန်သွားလာနိုင်ပြီ**

လမ်းဦးစီးဌာနအနေဖြင့် (၂)နှစ်တာကာလအတွင်း နောင်မွန်းမှ ပူတာအိုအထိ ကားလမ်းဖောက်လုပ်ပြီးစီးကာ ပန်းနန်းဒင်အထိ ကားလမ်းဖောက်လုပ်ပေးခဲ့သည့်အတွက် နေ့ချင်းပြန် သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း မိုင် ၂၂၀ ခန့်ကို နေ့ချင်းပေါက်သွားနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မြစ်ကြီးနားမှ ပူတာအို အထိ ကားငယ်များအနေဖြင့် နေ့ချင်းပေါက်သွားလာနိုင်ပြီး ကားကြီးများမှာ ဆွမ်ပရာဘွမ်တွင် တစ်ညအိပ်၍ သွားလာနိုင်ပြီဖြစ်ပါကြောင်း။

ကယားပြည်နယ် လမ်းဦးစီးဌာနပိုင်လမ်းများကို ၉၅ ရာခိုင်နှုန်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း၊ ကရင်ပြည်နယ်တွင် ကော့ကရိတ် - မြဝတီလမ်းကို AC လမ်းအဖြစ် အဆင့်မြှင့်တင်ပြီး ADB ၏ အကူအညီဖြင့် အိန္ဒူ - ကော့ကရိတ်လမ်းကို အဆင့်မြှင့်တင်လျက်ရှိပါကြောင်း၊ ထို့ပြင် ချင်းပြည်နယ် မြောက်ဘက်အစွန်ဖြစ်သည့် ကျီးခါးမှတစ်ဆင့် တောင်ဘက် ပလက်ဝအထိ တောင်မြောက်လမ်းကြီးအား (၅)နှစ်အတွင်း ဖောက်လုပ်ရန် ရည်မှန်းချက်ထားပြီး စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျီးခါးနှင့် တွန်းဇံ၊ တွန်းဇံနှင့် တီးတိန်ကြားတွင် လိုအပ်သော လမ်း ၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပါကြောင်း။

**အဆင့်မြှင့်တင်သွားမည်**

မတူပီ - ပလက်ဝလမ်းပိုင်းကိုလည်း (၂)နှစ်တာအတွင်း မြေသားလမ်းအဆင့်ပေါက်အောင် ဖောက်လုပ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ JICA ဖွံ့ဖြိုးရေးအေဂျင်စီ အကူအညီဖြင့် ဟားခါး - ဂန့်ဂေါ လမ်းအပိုင်း မိုင် ၈၀ ကိုလည်း အဆင့်မြှင့်တင်လျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်နှင့် ဆက်သွယ်မည့် ဆာဆီချောက်-ထန်တလန် လမ်းမကြီးကို ပြီးခဲ့သည့် (၂)နှစ်တာကာလအတွင်း ဖောက်လုပ်နိုင်ခဲ့ပြီး လာမည့် (၃)နှစ်တာကာလအတွင်း အဆင့်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း။

စစ်တွေ-ပုဏ္ဏားကျွန်း - ရသေ့တောင်- ဘူးသီးတောင်- မောင်တောအထိ ၉၄ မိုင်ခန့်ရှိသည့် လမ်းမကြီးပေါ်ရှိ ရသေ့တောင်တံတား အပါအဝင် တံတားငါးစင်းကို ယခုနှစ် မတ် ၃၁ ရက်က ဖွင့်လှစ်ခဲ့သည့်အတွက် စစ်တွေမှ မောင်တောအထိ လေးနာရီခရီးဖြင့် သွားရောက်နိုင်ပြီ ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ရသေ့တောင် - ဘူးသီးတောင်လမ်းအပိုင်း မြေသားလမ်းကို ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း။ *စာမျက်နှာ ၁၁ သို့*



ပြည်ထဲရေး၊ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**“ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများရောင်းဝယ်၊ ပျံ့နှံ့မှု တားဆီးနှိမ်နင်းရန် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အထူးစစ်ဆင်ရေး ရှစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး အမှုပေါင်း ၁၃၈၈ မှု၊ တရားခံပေါင်း ၁၉၅၇ ဦးတို့အား မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အရေးယူဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများအား သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများ တွေ့ကြုံရသည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချိန်နှင့်တစ်ပြေးညီ ပါဝင်ဆောင်ရွက်ခဲ့ ”**

# တစ်နိုင်ငံလုံးရှိ ကြိုးတံတား ၂၉ စင်း၏ ကြံ့ခိုင်ရေးအား စစ်ဆေးလျက်ရှိ

နေပြည်တော် မေ ၁၅

**တစ်နိုင်ငံလုံးရှိ ကြိုးတံတား ၂၉ စင်း၏ ကြံ့ခိုင်ရေးအား ပြည်ပကျွမ်းကျင်ပညာရှင်များနှင့် လမ်းတံတားဦးစီးဌာနမှ အင်ဂျင်နီယာများ ပူးပေါင်းကာ ပြန်လည်စိစစ်မှုများ ပြုလုပ်နေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောသည်။**





ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနတွင် ပြုလုပ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုကို ဒုတိယဝန်ကြီးက ထိုသို့ပြန်လည်ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြောင်းမြကြိုးတံတား ဖြစ်စဉ်လိုမျိုး နောက်တံတားတွေမှာ မဖြစ်ဖို့ ကျွန်တော်တို့မှာ နည်းပညာ အားနည်းနေတယ်၊ အခု တရုတ်ပညာရှင် ၂၂ ဦး ရောက်လာတဲ့အခါ ခေတ်မီစက်ကိရိယာတွေ ပါလာတယ်၊ နည်းပညာနဲ့ပတ်သက်ပြီးလည်း ကူညီပေးဖို့ ပြောထားတယ်၊ ပြီးတော့ ကျွန်တော်တို့ အင်ဂျင်နီယာတွေကိုလည်း လက်တွဲပြီး မျှဝေသင်ကြားပေးနေပါတယ်၊ ကြိုးတံတား ၂၉ စင်းလုံးကို စစ်ဆေးနေပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောသည်။

ထိုကဲ့သို့ ပြည်ပပညာရှင်များနှင့် ပူးပေါင်းစစ်ဆေးနေသည့် ကြိုးတံတား ၂၉ စင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မယ်ဇလီတံတားနှင့် မွန်ပြည်နယ်အတွင်းရှိ ဇာသပြင်တံတားတို့သည် အန္တရာယ်ရှိသည့် အခြေအနေတွင် ရှိနေကြောင်း ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်ကို ဒုတိယဝန်ကြီးက ပြောသည်။

"တံတား ၂၉ စင်းထဲက အဆိုးဆုံး တံတား နှစ်စင်းကို တရုတ်ပညာရှင်တွေက အန္တရာယ်ရှိတယ်ဆိုပြီး ထောက်ပြပါတယ်၊ အန္တရာယ်ရှိတဲ့အခြေအနေရောက်နေတဲ့အတွက် ခရီးသည်တင်ဘတ်စ်ကားဆိုရင်လည်း ကားချည်းပဲ ပေးမောင်းပြီး လူတွေကို ဆင်းလျှောက်စေပါတယ်၊ ကုန်တင်ယာဉ်တွေဆိုလည်း ကုန်တွေလျှော့ချပြီးမှ သွားခိုင်းပါတယ်၊ သူတို့က ၁၃ တန်အောက် လျှော့ချပါလို့ အကြံပြု ပြောတယ်၊ ဒီတံတားနှစ်စင်းကို အမြန်ဆုံး ပြန်လည်ပြီးအစားထိုးဖို့ လုပ်နေပါတယ်" ဟု ဒုတိယဝန်ကြီးက ဆိုသည်။

ပြည်ပကျွမ်းကျင်ပညာရှင်များနှင့် လမ်းတံတားဦးစီးဌာနမှ အင်ဂျင်နီယာများအနေဖြင့် ပြန်လည်စိစစ်နေသည့် ကြိုးတံတား ၂၉ စင်း၏ ကြံ့ခိုင်မှုအခြေအနေ စစ်ဆေးတွေ့ရှိချက်ကို ဇူလိုင် ၃၁ ရက်တွင် အများပြည်သူ သိရှိနိုင်စေရန် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။ **မင်းသစ် (MNA)**

*စာမျက်နှာ ၁၀ မှ*

မင်းဘူး - အမ်း - စစ်တွေလမ်းပိုင်းကို (၂)နှစ်တာကာလအတွင်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် ၁၁ နာရီခရီးဖြင့် မင်းဘူးမှ စစ်တွေအထိ သက်သောင့်သက်သာသွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ထို့ပြင် ရန်ကုန်မှ သံတွဲ-ငပလီကို မောင်းချိန် ကိုးနာရီဖြင့် သွားလာနိုင်ရန် (၂)နှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပြီး လာမည့် (၃)နှစ်အတွင်း ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်ပါက ရန်ကုန်မှ သံတွဲအထိ မောင်းချိန် ခုနစ်နာရီဖြင့် သွားလာနိုင်မည်ဖြစ်ပါကြောင်း။

**စစ်ဆေးဆောင်ရွက်လျက်ရှိ**

အလားတူ (၂) နှစ်တာကာလအတွင်း ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဆက်သွယ်သောလမ်းများကို ၁၈ ပေကျယ် ကတ္တရာလမ်းများအဖြစ် ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ဧပြီ ၁ ရက်တွင် မြောင်းမြကြိုးတံတား ကျိုးကျပြီးနောက် တစ်နိုင်ငံလုံးရှိ တည်ဆောက်ပြီး ကြိုးတံတား ၂၉ စင်း၏ တံတားကြံ့ခိုင်မှုအခြေအနေများကို တိုင်းတာစစ်ဆေးနိုင်ရန် တရုတ်နိုင်ငံ China Highway Construction Association၊ ဂျပန်နိုင်ငံ JICA နှင့် ကိုရီးယားနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ မြို့ပေါင်း ၃၃ မြို့ကို Urban Planning အပြီးသတ်ရေးဆွဲဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အိမ်ရာကဏ္ဍအနေဖြင့် ၂၀၃၀ ပြည့်နှစ်အထိ အိမ်ရာ တစ်သန်းဆောက်လုပ်ရန်ရှိပြီး (၂)နှစ်တာကာလအတွင်း စုစုပေါင်း အိမ်ရာ ၁၀၉၂၄ ခန်း ဆောင်ရွက်ခဲ့ကာ အခန်းပေါင်း ၅၇၄၈ ခန်းမှာ ၁၀၀ ရာခိုင်နှုန်းနှင့် အခန်းပေါင်း ၅၁၇၆ ခန်းကျော်မှာ ၇၀ ရာခိုင်နှုန်းပြီးစီး နေပြီဖြစ်ပါကြောင်း၊ လာမည့် (၃)နှစ်တာကာလအတွင်း အခန်းပေါင်း ၈၀၀၀ ကျော် ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ PPP စနစ်ဖြင့် ဌာနမှ အခန်းပေါင်း ၄၀၀၀ ကျော်၊ ကုမ္ပဏီများဘက်မှ အခန်းပေါင်း ၆၀၀၀ ကျော် စုစုပေါင်း အခန်းပေါင်း ၁၀၀၀၀ ကျော် ဆောင်ရွက်ရန်ရှိပါကြောင်း။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းတို့သည် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူဦးရေ ၁၀၀၀ နှင့် အထက် ကျေးရွာများအားလုံးကို ၂၀၂၀ ပြည့်နှစ်တွင် လည်းကောင်း၊ လူဦးရေ ၅၀၀နှင့် အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင် လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျေးရွာများတွင် လူဦးရေ ၂၅၀ နှင့်အထက်ရှိ ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာ ၅၀ ရာခိုင်နှုန်းကို ၂၀၃၀ ပြည့်နှစ်တွင် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူဦးရေ မည်သို့ပင်ရှိစေကာမူ တူညီသည့် အခွင့်အရေးရရှိရန် လူဦးရေနည်းသည့် ပြည်နယ်များကို ခြွင်းချက်အနေဖြင့် သီးခြားစဉ်းစားပေးရန် ရည်မှန်းထားရှိပါကြောင်း။

**အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့**

ဂျာမနီနိုင်ငံ KfW အထောက်အပံ့ဖြင့် ရှမ်းပြည်နယ်အတွင်း လမ်း ကိုးလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျေးလက်လမ်း ၁၈ လမ်းကို Pilot Project ဖြင့် ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ (၂)နှစ်တာကာလအတွင်း တိုင်းဒေသကြီး ခုနစ်ခုတွင် တံတားကြီးပေါင်း ၂၈ စင်း၊ ပြည်ထောင်စုလမ်းမကြီး ၁၄၄ လမ်းတွင် ကွန်ကရစ်လမ်း ၄၀၅ မိုင်၊ ကတ္တရာလမ်း ၁၀၁၂ မိုင်၊ နိုင်လွန်ကတ္တရာ ၅၄၄ မိုင်ကို အဆင့်မြှင့်တင်ဆောင် ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းသည်။

ထို့နောက် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ အဆိုပါဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း**က လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူပေါင်း ၅၉၃၀၀၀၀ ကျော်ပိုင်သည့် ဦးပိုင်ပေါင်း ၉၆၉၀၀၀၀ ကျော်တွင် ဧကပေါင်း ၂၄၈၆၀၀၀၀ ကျော်ကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လျာထားချက်အပေါ် ၉၁ ဒသမ ၉၉ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

**တိုးမြှင့်တင်ပို့နိုင်ခဲ့**

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ နွေစပါး၊ မိုးစပါး စိုက်ဧက သန်းပေါင်း ၁၇ ဒသမ ၆၉၅ ဧကစိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ အထွက်တင်းပေါင်း ၁၃၂၇ ဒသမ ၂၃ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ဆန်မက်ထရစ်တန် ၁ ဒသမ ၇၄၇ သန်း ပြည်ပကို တင်ပို့နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ နွေစပါး၊ မိုးစပါးစိုက်ဧက သန်းပေါင်း ၁၇ ဒသမ ၂၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်းပေါင်း ၁၁၀၅ ဒသမ ၃၅၆ သန်း ထုတ်လုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ၂၀၁၈ ခုနှစ် မတ်လအထိ ပြည်ပကို ဆန်တင်ပို့နိုင်မှုအနေဖြင့် ဆန်မက်ထရစ်တန် ၃ ဒသမ ၅၁၈ သန်း တင်ပို့နိုင်ခဲ့ပါကြောင်း၊ ရလဒ်အနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်ထက် ပြည်ပကို ဆန်တင်ပို့မှု နှစ်ဆခန့် တိုးမြှင့်တင်ပို့နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်ပေးချက်အရ ဆန်စပါးအသင်းချုပ်၏ ထိန်းချုပ်မှုနှင့် တောင်သူလယ်သမားများ၏ ဆန်စပါးအတွက် အခြေခံဈေးနှုန်းကို ညှိနှိုင်းသတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း၊ စပါးတင်းတစ်ရာကို ငွေကျပ် ငါးသိန်း သတ်မှတ်ပေးခဲ့ပါကြောင်း။

မိုးစပါး ၆၉၇၀၂ ဧက စိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းထားပြီး ၆၉၇၃၄ ဧက တိုး၍ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် သီးနှံမျိုးစေ့ဖြန့်ဖြူးလျက်ရှိရာ စပါးသီးနှံအနေဖြင့် ၂၂၇၉၅၅၉ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ဆောင်နေသည့် လူဦးရေ ၁၈၉၆ ဦးကို ပေါင်းစပ်ပြီး အသင်း ၉၆ သင်းကို ဖွဲ့စည်းပေးနိုင်ခဲ့ပါကြောင်း၊ ၎င်းတို့ပိုင်ဆိုင်သည့် ထွန်စက်ကြီး ၁၄၃၇ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၂၃၃ စီးတို့ဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တစ်ပိုင်တစ်နိုင်သုံးစွဲနိုင်သည့် တောင်သူများထံ ထွန်စက်များ ရောင်းချပေးသည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်တွန်းထွန်စက် ၁၅၃၀၆ စီးနှင့် ထွန်စက်ကြီး ၃၆၃ စီး ရောင်းချပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် ငွေကျပ်သိန်း ၃၀၀ တန် လယ်ယာသုံးစက်ပစ္စည်းတစ်ခုအတွက် လယ်သမားက ငွေကျပ်သိန်း ၃၀ သွင်းရုံဖြင့် လက်ဝယ်ရယူနိုင်သည့်စနစ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် တောင်သူလယ်သမားများထံ ထွန်စက်ကြီး ၁၃၈၅ စီးနှင့် ခြွေလှေ့စက် ၅၉ စီးကို ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တောင်သူပိုင်စက်များ ပြင်ဆင်ပေးခြင်းနှင့် စက်အရန်ပစ္စည်း အလွယ်တကူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းအနေဖြင့် စက်မှုလယ်ယာစခန်း ၄၅ ခုတွင် ပြင်ဆင်ရေးကိရိယာများကို တပ်ဆင်ပြီး တောင်သူပိုင်စက်များကို ပြင်ဆင်ပေးလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းရေးနှင့် ပြင်ဆင်ရေးသင်တန်းများကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စပါးသီးနှံနှင့်ပတ်သက်၍ မျိုးသစ် ၂၅ မျိုးကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အပင်ဇီဝနည်းပညာ သုတေသနလုပ်ငန်းဆောင်ရွက်မှု အဖြစ် အပင်တစ်သျှူးမွေးမြူထုတ်လုပ်ခြင်းနှင့် မျိုးထွန်းနည်းပညာကို အသုံးပြုကာ အချိန်တိုအတွင်း မူရင်းအပင်နှင့် ပုံစံတူ အပင်ပွားများ မွေးမြူခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက်မှ ၂၇၅ မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကောက်ယူရရှိခဲ့သည့် တိရစ္ဆာန်ကောင်ရေစာရင်းသွင်းခြင်းလုပ်ငန်းကို အတိအကျဆောင်ရွက်လျက်ရှိပါကြောင်း။

**တိုးချဲ့ပညာပေးရေးဗဟိုဌာန ဖွင့်လှစ်နိုင်ခဲ့**

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်းစခန်း ၂၇ ခုက ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၁၂၅၉၁ အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၈၀ ဒသမ ၈၇၉ သိန်းကို ပေးအပ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာအဆင့်မီသည့် ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာနကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၀၁၈ ခုနှစ် မတ်လကုန်အထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ငါးတန်ချိန် ၅၆၈၂၂၇ ဒသမ ၃၂၇ မက်ထရစ်တန်၊ အမေရိကန်ဒေါ်လာသန်းပေါင်း ၇၁၁ ဒသမ ၇၁၇ တင်ပို့နိုင်ခဲ့ပါကြောင်း၊ မွေးမြူရေး ငါး၊ ပုစွန်များကို EU နိုင်ငံများသို့ တင်ပို့နိုင်ရန် National Residue Monitoring Plan ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ငါးလုပ်ငန်းဆိုင်ရာတက္ကသိုလ်ကြီး ဖွင့်လှစ်ရန်အတွက် ငါးလုပ်ငန်းဆိုင်ရာ ပညာရှင်များနှင့် ဆွေးနွေးခဲ့ပါကြောင်း။ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု မပေါ်ပေါက်ခင် ရန်ကုန်တက္ကသိုလ်တွင် ဘာသာရပ်တစ်ခုအနေဖြင့် ငါးပညာရပ်တစ်ခုကို စတင်သင်ကြားပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလာမည့် ပညာသင်နှစ်တွင် ငါးနှင့်ပတ်သက်သည့် ဘာသာရပ်များကို မေဂျာတစ်ခုအနေဖြင့် သင်ကြားနိုင်တော့မည် ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် မေ ၁၆ရက်မှ ဩဂုတ် ၁၅ ရက်အထိကို ငါးမဖမ်းရ ရာသီအဖြစ် သတ်မှတ်ထားပါကြောင်း၊ ငါးဖမ်းကွက်အားလုံးကို ငါးမဖမ်းရဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေရရှိရေးလုပ်ငန်းပေါင်း ၅၇၉၅ ခုကို ကျေးရွာပေါင်း ၄၂၃၉ ရွာတွင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးလက်မီးလင်းရေးအတွက် ကျေးရွာပေါင်း ၄၀၇၂ ရွာတွင် မီးလင်းရေးလုပ်ငန်းပေါင်း ၂၂၉၄၅၇ ခု ဆောင်ရွက်ခဲ့ပါကြောင်း၊ လူထုဗဟိုပြုစီမံကိန်းကို မြို့နယ် ၄၇ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပြီး လူဦးရေ ၇ ဒသမ ၁ သန်းကို အကျိုးပြုစေခဲ့ပါကြောင်း၊ မြစ်မ်းရောင် ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၉၈၉၅ ရွာ၌ ဆောင်ရွက်ခဲ့ပြီး ကျေးရွာ ၈၉၆၃ ရွာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းကိုရေးဆွဲ၍ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ စုစုပေါင်း သင်တန်းကြိမ်ရေ ၁၄၉၀ ဖွင့်လှစ်ပြီး ကျေးလက်ပြည်သူ ၃၉၆၈၉ ဦးကို ပို့ချပေးနိုင်ခဲ့ပါကြောင်း။

သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမဖွဲ့စည်းပေးမှုမှာ အသင်းသစ် ၅၉၄ သင်း တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပါကြောင်း၊ မြို့နယ်ပေါင်း ၂၉၁ မြို့နယ်ရှိ အသင်းသား ၂ ဒသမ ၅ သန်းကျော်ကို ဘီလီယံပေါင်း ၅၈၆ ဒသမ ၅၄၂ ထုတ်ချေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သမဝါယမအသင်းသား တောင်သူ ၇၃၇၈ ဦးကို စက်ပစ္စည်း စီးရေ စုစုပေါင်း ၇၈၅၁ စီး ငွေကျပ်အနေဖြင့် ဘီလီယံပေါင်း ၅၇ ဒသမ ၉၅၉ ကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းသည်။

ထို့နောက် ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **ဟန်မင်းကျော် (သတင်းစဉ်)**



ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် အောင်ဝင်းဦး



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း

## လှိုင်သာယာတွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲ

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့တွင် မေ ၁၄ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က ရုတ်တရက် မိုးသက်လေပြင်းတိုက်ခတ်ခဲ့ရာ လှိုင်သာယာမြို့နယ်တွင် နေအိမ်အချို့သွပ်များလွင့်၍ သစ်ကိုင်းများ ကျိုးကျကာ ရပ်ကွက်အချို့ရှိ လျှပ်စစ်မီးကြိုးများ ပြတ်ကျခြင်းကြောင့် လျှပ်စစ်မီးများ ပြတ်တောက်ပြီး အဆောက်အအုံအချို့ပျက်စီးခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ၇ ရပ်ကွက်၊ အမှတ် ၈ ရပ်ကွက်၊ ၉ ရပ်ကွက်၊ ၁၆ ရပ်ကွက်နှင့် ၂၀ ရပ်ကွက် အပါအဝင် အခြားသောရပ်ကွက်နှင့် ကျေးရွာအချို့တွင် နေအိမ်သွပ်များလန်ခြင်း၊ သစ်ကိုင်းများကျိုးကျခြင်း၊ နေအိမ်ပေါ်သို့ သစ်ပင်များလဲခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



## ပွင့်ဖြူမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**ပွင့်ဖြူ မေ ၁၅**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုအရှိန်ကြောင့် လေဘေးဒဏ်ခံစားရသည့် ကျေးရွာများမှ ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၅ ရက် ယနေ့ မွန်းလွဲပိုင်းက ပွင့်ဖြူမြို့နယ် မဒဲကျေးရွာနှင့် ကနီကျေးရွာတို့ရှိ ရွာလယ်ဓမ္မာရုံများတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် တာဝန်ရှိသူများက မဒဲကျေးရွာအုပ်စုရှိ အမိုးလန်ပျက်စီးခဲ့သည့် လေဘေးသင့်အိမ်ထောင်စု ၆၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်း၊ လူဦးရေ ၂၃၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းနှင့် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးတို့ကို လည်းကောင်း၊ ကနီကျေးရွာရှိ အမိုးလန်ပျက်စီးခဲ့သည့် လေဘေးသင့်အိမ်ထောင်စု ၃၃ စုအတွက် ထောက်ပံ့ငွေကျပ် ၆၆၀၀၀၀၊ လူဦးရေ ၁၃၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် စားနပ်ရိက္ခာဆန်ဖိုးငွေကျပ် ၂၈၁၄၀၀နှင့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးတို့ကို လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း အမိုးလန်ပျက်စီးမှုအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကို လည်းကောင်း လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မော်လိုက်မြို့နယ်တွင် လေပြင်းတိုက်မှုကြောင့် စာသင်ကျောင်းနှင့် နေအိမ်များ အမိုးလန်ပျက်စီး

**မော်လိုက် မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် မေ ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့် နေအိမ်များ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် နန်းသီကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် နေအိမ်လေးလုံး၊ ထော်သာကျေးရွာတွင် နေအိမ် နှစ်လုံး၊ ကြာအင်းကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် နေအိမ် နှစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**မော်လိုက်သားလေး**

# စစ်တွေမြို့ ဆတ်ရိုးကျ ၁ ကယ်ဆယ်ရေးစခန်း၌ မီးလောင်၊ နေအိမ် ၁၇ လုံး ဆုံးရှုံး

**စစ်တွေ မေ ၁၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ ဆတ်ရိုးကျ ၁ ကယ်ဆယ်ရေးစခန်း(ရခိုင်)၌ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က စတင်ပြီး မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၇ လုံး ဆုံးရှုံးသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မီးသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် ငါးစီး၊ မီးသတ် တပ်ဖွဲ့ဝင် ၇၀၊ အရန် ၂၀၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ) ဒေသကွပ်ကဲရေးမှူး ဦးဆောင်သည့် တပ်မတော်သား ၁၂၃ ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၁၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၀ နှင့် ရပ်ကွက်သူ ရပ်ကွက်သားများက ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။



မီးလောင်မှုဖြစ်စဉ်မှာ ဆတ်ရိုးကျ ကယ်ဆယ်ရေးစခန်းနေ ဦးထွန်းစိန်မောင် နေအိမ်မှ စတင်လောင်ခဲ့ရာ မီးလောင်မှုကြောင့် ပေ(၂၀ × ၃၀) နေအိမ် ၁၅ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး နေအိမ် နှစ်လုံးကို မီးမကူးစက်အောင် ဖြိုဖျက်လိုက်ရသည့်အတွက် စုစုပေါင်း ၁၇ လုံး ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။ မီးဘေးသင့် အိမ်ထောင်စု ၁၇ စုမှ လူဦးရေ ၉၀ တို့အား နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင် နေရာချထားပေးလျက်ရှိကြောင်း စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မီးစတင်လောင်ကျွမ်းသည့် အိမ်ပိုင်ရှင် ဦးထွန်းစိန်မောင်အား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

## လွိုင်ကော်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

မူးယစ်တပ်ဖွဲ့စု ၂၀ လွိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် ညနေ ၅ နာရီက လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု ကယန်းသာယာ(တောင်)ကျေးရွာနေ မဂျိုဝါးနာ(ခ) အမိုး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၅ ပြားကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မေ ၁၃ ရက် ညနေ ၃ နာရီခွဲက ကလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာနေ မအိမွန်အောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၈ ပြားကိုလည်းကောင်း၊ အလားတူ မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ကားလမ်းမိုင်တိုင်အမှတ် ၈၀/၄ တွင် ဝင်းမင်းသိန်း(ခ)မင်းမင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၆၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများကို ပို့ဆောင်ခိုင်းသူ ခင်မောင်ဆန်း (ခ) မောင်ဆန်းနှင့် ရဲချစ် **(ယာပုံ)** တို့အား ဆိုင်ကယ်နှင့်အတူ တွေ့ရှိရပြီး ၎င်းတို့ကိုရှာဖွေရာ ငွေကျပ် ၁ ဒသမ ၅ သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။




**သတင်းစဉ်**

## ပေါက်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ၊ သယ်ဆောင်လာသူများ ထွက်ပြေး



**ပေါက်တော မေ ၁၅**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် သက်ဆိုင်ရာ ရဲတပ်ဖွဲ့သည် R, WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဟွန်ဒါဖစ် ယာဉ်တစ်စီးကို မေ ၁၄ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က ဖမ်းဆီးရမိသည်။

ပေါက်တောမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်စိုးအောင်နှင့် တပ်ဖွဲ့ဝင်များသည် ပေါက်တောမြို့နယ် ရွာချောင်းကြီးကျေးရွာ ချောင်းကူးတံတားထိပ်မှနေ၍ ယာဉ်များကို ရပ်တန့်လျက် မူးယစ်ဆေးဝါး ရှာဖွေမှုများ ဆောင်ရွက်နေစဉ် မင်းပြားမြို့မှ ပေါက်တောမြို့ဘက်သို့ မောင်းနှင်လာသော ဟွန်ဒါဖစ်ယာဉ်ကို ရပ်တန့်စစ်ဆေးစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးရာ ဆောက်လုပ်ရေးရုံးရှေ့ လမ်းဆုံအနီးအရောက်တွင် ကားပေါ်မှ လူသုံးဦး ထွက်ပြေးသွားကြသည်။

ယာဉ်အတွင်းသို့စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၈ ပြားနှင့် ဆေးပြားအကြေ ၃ ဒသမ ၅ ဂရမ်ခန့်၊ ဆမ်ဆောင်းဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။ ဆက်လက်၍ ထွက်ပြေးသွားသော လူသုံးဦးကို ရဲတပ်ဖွဲ့က လိုက်လံရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရထား ခဲပေါက်မှုဖြစ်စဉ် ဖြစ်ပွား

**ကောလင်း မေ ၁၅**

ရထားရဲတပ်ဖွဲ့ အမှတ် ၂ တပ်ခွဲ (ကောလင်း)အပိုင် နန့်စီးအောင် ဘူတာ၌ ယနေ့ နံနက် ၁ နာရီ ၈ မိနစ်က အမှတ် ၅၇ အဆန် မန္တလေး-မြစ်ကြီးနား ရထားရပ်တန့်စဉ် ရထားကို ခဲဖြင့်ပေါက်မှုဖြစ်ပွားခဲ့ပြီး ရထားထိန်း ဦးဇော်ဝင်း၏ ဦးခေါင်းကို ထိမှန်ခဲ့ကြောင်း သိရသဖြင့် ရထားလုံခြုံရေးလိုက်ပါလာသော ရဲဒုတပ်ကြပ်လှဌေးနှင့် တပ်ဖွဲ့ဝင်များက ရထားပေါ်မှဆင်း၍ ဖမ်းဆီးခဲ့ရာ ရထားကို ခဲဖြင့်ပစ်ပေါက်ခဲ့သူ အောင်မောင်း (ခ)ဝင်းစိုး (၃၆ နှစ်) အင်းတော်မြို့နယ် ပေကုန်းကျေးရွာနေသူအား ဖမ်းဆီးနိုင်ခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အင်းတော်မြို့နယ် မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မော်တော်ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် လိုင်စင်မဲ့ဆိုင်ကယ်များ ဖမ်းမိ

**နေပြည်တော် မေ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၇၆ စီး ၊ သွင်းကုန် ၈၄၀ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄ စီး ၊ သွင်းကုန် ၁၈၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၆၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁ ဒသမ ၁၈၉ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇ ဒသမ ၈၇၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် KIA Bongo III ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လေးစီးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၀၅ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား

၁၆ -၅- ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၃၀ - ရန်းကန်လှုပ်ရှားဘဝများ **သခင်နှင့် ဆင် သံယောဇဉ်**
၉း၄၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင်- အောင်ရဲလင်း)
၁၁း၃၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၃း၁၀ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၁) (မန္တလေးမြို့) (ပထမပိုင်း)

**ညပိုင်း**

၁၆း၃၅ - **ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာ ကာကွယ်မယ် (လျှင်လေ့ကျင့်ခန်း)**
၁၇း၀၅ - အနုပညာခန်းရိပ်သာ **ဗိုလ်ကလေးတင့်အောင်နှင့် တွေ့ဆုံမေးမြန်းခန်း မိဘမေတ္တာ** (တင်တင်မြ)
၁၇း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **ဝုန်းပစ်လိုက်မယ်**
၁၇း၃၅ - MRTV Travelogue
၁၈း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ **အချစ်စမ်းချင်စမ်း၊ မစမ်းချင်နေ**
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၂၀)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - သူတို့ဒေသ၊ သူတို့ဘဝ **ပအိုဝ်း တိုင်းရင်းသားတို့ပြုံးပျော် ရိုးရာဒုံးလွှတ်ပွဲတော်**
- ဂီတသမား၊ ဂီတစကား **သက်န်းဂုဏ်ရည် သီချင်းနောက်ဆက်တွဲ (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း** (အပိုင်း-၁၁)

# ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ကူးတံတား တည်ဆောက်မည့်နေရာသို့ ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရေတာရှည် မေ ၁၅**

ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာအနီး၌ စစ်တောင်းမြစ်ကူးတံတား တစ်စင်း တည်ဆောက်မည့်နေရာအား မေ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ထွန်းက တံတားဆောက်လုပ်ရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ လမ်းအူကြောင်းနှင့် တံတားချဉ်းကပ်လမ်းများ ဖောက်လုပ်ရာတွင် လမ်းအတွက် လိုအပ်သည့် ရေယာကိုသာ အသုံးပြုရန်နှင့် ဒေသခံပြည်သူများကိုလည်း သေချာစွာ အသိပေးရန် မှာကြားခဲ့သည်။

အဆိုပါ တံတားသစ်သည် ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာဘက်မှ တံတား ချဉ်းကပ်လမ်း ၁ မိုင် ၂ ဖာလုံ၊ တောင်ငူမြို့နယ် ကရင်ချောင်းကျေးရွာဘက်မှ တံတားချဉ်းကပ်လမ်း ၁ မိုင် ၂ ဖာလုံရှိပြီး တံတားအရှည်မှာ ပေ ၅၀၀ ရှိမည်ဖြစ်ကြောင်း၊ ရေတာရှည်-ကရင်ချောင်း-လိပ်သိုလမ်းနှင့် ချိတ်ဆက်တည်ဆောက်သွားမည်ဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက ကရင်ပြည်နယ်၊ ကယားပြည်နယ်တို့နှင့် တိုက်ရိုက်ချိတ်ဆက်၍ နေပြည်တော်နှင့်အနီးဆုံး ဖြတ်လမ်းတစ်ခုလည်း ဖြစ်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






# ပုသိမ်မြို့နယ်ရှိ ရေလိုအပ်နေသော ကျေးရွာများသို့ သောက်သုံးရေ သွားရောက်လှူဒါန်း

**ပုသိမ် မေ ၁၅**

ပုသိမ်မြို့နယ်အတွင်းရှိ ဥယျာဉ်ချောင်းကျေးရွာနှင့် ကင်မွန်းချဉ်ကျေးရွာများရှိ ရေတွင်း ရေကန်များအတွင်း နွေရာသီအပူချိန်မြင့်တက်မှုများကြောင့် သောက်သုံးရေများ ပြတ်လပ်လျက်ရှိရာ ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ပုသိမ်မြို့ မြို့မ ရေအလှူတော်အဖွဲ့နှင့် ပူးပေါင်း၍ မေ ၁၅ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ဥယျာဉ်ချောင်းကျေးရွာတွင် အိမ်ခြေ ၉၅ လုံးရှိပြီး၊ ကင်မွန်းချဉ်ကျေးရွာ၌ အိမ်ခြေ ၅၅ လုံးရှိကြောင်း သိရှိရပြီး နွေကာလဖြစ်ခြင်းကြောင့် သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသည်။ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယင်းကဲ့သို့ ရေ ရှားပါးရာ အရပ်ဒေသများသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း သောက်သုံးရေခက်ခဲသည့် ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေပေးမည့်အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် တောင်သူများ ပုဂ္ဂလိကလယ်ထွန်စက်များကို ထွန်ယက်ခဈေးနှုန်း မြင့်မားစွာပေး၍ အသုံးချနေကြရ

ညောင်ဦး မေ ၁၅


**မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ မိုးဦးကျထွန်ယက်ချိန်တွင် ပုဂ္ဂလိကထွန်စက်များကို ထွန်ယက်ခဈေးနှုန်း မြင့်မားစွာပေး၍ အသုံးချနေကြရသည်ဟု သိရှိရသည်။**

ညောင်ဦးမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁ အုပ်စု၊ ကျေးရွာပေါင်း ၂၂၀ ရှိသည်။ အဆိုပါ ကျေးရွာတိုင်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး စိုက်ပျိုးရေးတစ်ဖက်၊ မွေးမြူရေးတစ်ဖက်ကိုသာ အားပြုအသက်မွေးဝမ်းကျောင်းပြုကြသည်။ ထိုသို့ အသက်မွေးဝမ်းကျောင်းပြုရာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းပြုသူ ပိုများပြီး တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်ရာတွင် ပုဂ္ဂလိကပိုင် လယ်ထွန်စက်ကြီးများကို မဖြစ်မနေငှားရမ်း အသုံးပြုနေကြရသည်။

"ကျွန်တော်တို့ တောင်သူတွေ သီးနှံပေါ်ချိန် ထွန်စက်ခပေးလိုက်ရင် ကိုယ့်တွက် မကျန်တော့ဘူး၊ သီးနှံရောင်းရတော့ အောက်ဈေးက ရောင်းရတာပါ၊ ထွန်ယက်ခတွေကလည်း ဈေးကောင်းပါတယ်၊ ပုဂ္ဂလိကထွန်စက်မောင်းတဲ့ ဈေးက တစ်နာရီ ငွေကျပ် ၂၅၀၀၀ ပေးရတယ်၊ စက်မှုလယ်ယာစက်က ဧကပြတ်နဲ့ မောင်းတာ ပြောတယ်၊ ကျွန်တော်တို့ဆီကို ဝေးလို့မလိုက်ချင်ကြဘူး၊ စက်မှုလယ်ယာက ထွန်ယက်ခ တစ်ဧက ငွေကျပ် ၁၃၀၀၀ ပါ၊ သူတို့ကိုခေါ်ရင် မအားတာက များပါတယ်၊ စက်မှုလယ်ယာက ကျွန်တော်တို့ သူကောင်းတည်ဘက်ကို ထွန်စက်စခန်းတစ်ခု လာဖွင့်ရင် ပိုကောင်းမယ်" ဟု သူကောင်းတည်ကျေးရွာသားတစ်ဦးက ပြောသည်။

"တောင်သူတွေကို ထွန်စက်တော့ ထုတ်ပေးပါတယ်၊ တောင်သူတွေ မသုံးနိုင်ကြဘူး၊ ထွန်စက်တစ်စီးကို ငွေကျပ်သိန်းနှစ်ရာ၊ သုံးရာဆိုတော့ မဝယ်နိုင်ကြပါဘူး၊ ဝယ်နိုင်သူနည်းတယ်၊ တစ်ဦးတလေ ထောင်ထားတာရှိတော့လည်း ထွန်ယက်ခက ဈေးကောင်းနေတယ်၊ မြို့နယ်မှာရှိတဲ့ စက်မှုလယ်ယာကိုသာ ထွန်စက်များများ ချပေးသင့်ပါတယ်၊ နောက်လည်း ပုဂ္ဂလိကထွန်စက်ဝယ်သူများလာရင်လည်း ထွန်ယက်ခက ဈေးကောင်း နေဦးမယ်၊ ဒီတော့ တောင်သူတွေ စီးပွားရေးက ချောင်လည်မှု နည်းနေဦးမှာပါပဲ၊ အချို့တောင်သူတွေက မဝယ်ချင်ကြဘူး၊ ငွေကျပ်သိန်းနှစ်ရာ၊ သုံးရာဆိုတော့ အဲလောက်ရှိရင် ဘဏ်ငွေအပ်ထားတော့မယ်ဆိုတဲ့ အမြင်တွေလည်းရှိတယ်၊ တချို့ဆိုရင်လည်း ကိုယ့်ယာမြေပေါ်ကို တောင်သူလုပ်မစားချင်ကြတော့ဘူး၊ ရှိတဲ့ယာမြေကို ရောင်းစားချင်သူတွေ များနေတယ်"ဟု ယဉ်ဆန်းရွာသား ဦးသောင်းဌေးက ပြောသည်။

တောင်သူအများစုက ထွန်စက်ဝယ်ယူရန် ငွေထုတ်ချေးခြင်းထက် စိုက်ပျိုးစရိတ် ထုတ်ချေးခြင်းကိုသာ မျှော်လင့်နေကြသည်။ **ကျော်ဌေး**




## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၁၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေး မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**ရန်ကုန် မေ ၁၅**

ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပမည့် အကြိမ် (၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် ကောင်စီ အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အားကစားကိုယ်စားလှယ်အဖွဲ့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားပြီဖြစ်သည်။

အဆိုပါ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် ကောင်စီ အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေနှင့် မိုင်အာလီဗာယင်းဝှာထောင်းလွယ်တို့ လိုက်ပါသွားကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**



ဓာတ်ပုံ-မင်းထက်

# ရန်ကုန်နှင့် ဆီရက်စ်အသင်းတို့ AFC Cup ပွဲကြို သတင်းစာရှင်းလင်း

**ရန်ကုန် မေ ၁၅**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ် ဒုတိယအကျော့ယှဉ်ပြိုင်ကစားမည့် မြန်မာကလပ် ရန်ကုန်အသင်းနှင့် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။

ရန်ကုန်အသင်းနှင့် ဆီရက်စ်အသင်းသည် မေ ၁၆ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဦးမျိုးမင်းထွန်းက "ပထမအကျော့ရလဒ်ကြောင့် ဒုတိယအကျော့မှာ ၂-၀၊ ၃-၁ ဂိုးနဲ့ အနိုင်ရဖို့လိုအပ်နေပေမယ့် ဒီပွဲက မြန်မာကလပ်အသင်းတွေ၊ ကစားသမားတွေနဲ့ နည်းပြတွေအတွက် စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်၊ မြန်မာနည်းပြတွေနဲ့ မြန်မာကလပ်အသင်းတွေ ဘယ်လောက်ထိလုပ်ပြနိုင်လဲဆိုတာ သက်သေပြရမှာပါ၊ ဒါကြောင့် ရလဒ်ကိုမေ့ထားပြီး စိန်ခေါ်မှုတစ်ခုအနေနဲ့ ဒီပွဲကို ယှဉ်ပြိုင်ကစားမှာပါ၊ ဒေးဗစ်ဒန်း၊ ဆောင်လမန် မရှိတော့ပေမယ့် ဒါကအသင်းအတွက်အများကြီးမထိခိုက်ပါဘူး၊ အခုပွဲအတွက်ပြင်ဆင်မှုတွေ သေချာပြုလုပ်ထားပြီး ဂိုးသမား ကျော်ဇင်ထက်ကို အသင်းခေါင်းဆောင်အဖြစ် ပြန်လည်ပွဲထွက်စေမှာပါ"ဟု ပြောကြားသည်။ ဆီရက်စ်အသင်းနည်းပြချုပ် မီဒါကိုဗစ်က "ဒီပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်၊ ဗိုလ်လုပွဲတက်ရောက်နိုင်ဖို့ သေချာပြင်ဆင်နေပါတယ်၊ ပထမအကျော့မှာ ဂိုးပြတ်အနိုင်ရထားပေမယ့် ပွဲသစ်တစ်ပွဲအနေနဲ့ ကစားမှာပါ၊ ဂိုးမရှိသရေရလဒ်ဆိုတဲ့ အခြေအနေမျိုးနဲ့ ယှဉ်ပြိုင်ကစားမှာပါ"ဟု ပြောကြားသည်။

ရန်ကုန်အသင်းသည် ပထမအကျော့အဝေးကွင်းပွဲတွင် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသောကြောင့် ယနေ့ယှဉ်ပြိုင်မည့်ပွဲတွင် အနည်းဆုံးနှစ်ဂိုးနှင့်အထက် အနိုင်ရရန် လိုအပ်နေသည်။

**ညီမြတ်သော်တာ**



## လွိုင်ကော်မြို့၌ ငြိမ်းချမ်းရေးအားပေးထောက်ခံကြိုဆိုပွဲ ကျင်းပ

**လွိုင်ကော် မေ ၁၅**

ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) တို့၏ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရေးကော်မတီတို့ ပူးတွဲထုတ်ပြန်ချက် အပိုဒ် (၃) အရ KNPP အနေဖြင့် NCA တွင် လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် သဘောတူညီချက်ကို ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ သုံးသောင်းခန့်က အားပေးထောက်ခံ ကြိုဆိုပါကြောင်း ဆန္ဒဖော်ချီတက်ပွဲကို မေ ၁၅ ရက် နံနက် ၈ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ ထေးသမရပ်ကွက်ရှိ ရိုးရာကေ့ထျိုးဘိုးကွင်း၌ ကျင်းပသည်။

ချီတက်ပွဲတွင် ဥတ္တရာရုံပရိယတ္တိစာသင်တိုက်မှ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇိနေဘာသနှင့် သံဃာတော်များ၊ အင်္ဂလီကန်ခရစ်ယာန်အသင်းတော်မှ တရားဟောဆရာတော် စတိုင်လို၊ ကက်သလစ်ခရစ်ယာန်အသင်းတော်မှ ဖာသာခဲ့ဆိုဘရွှေနှင့် ခရစ်ယာန်သီလရှင်များ၊ ၈၈ မျိုးဆက်အင်အားစု အဖွဲ့ဝင် ဦးသက်နောက်ထွန်း၊ ဦးဘန်ဒီ၊ နိုင်ငံရေးပါတီဝင်များ၊ ကေ့ထျိုးဘိုးရိုးရာ အဖွဲ့များမှ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူလူထုအင်အား သုံးသောင်းခန့် တက်ရောက်ကြကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# လုပ်ဆောင်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိ
# ပူးပေါင်းဆောင်ရွက်မှုကြောင့် ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်ရေးကို များစွာအထောက်အကူဖြစ်

**ညွှန်ကြားရေးမှူး ဦးမျိုးဝင်း**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၌ ရက်အတန်ကြာ လောင်ကျွမ်းခဲ့သည့် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုကို စုပေါင်းအားဖြင့် အပြီးတိုင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ထိုသို့ စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သို့သော စိန်ခေါ်မှု၊ မည်သို့သော အခက်အခဲမျိုးကိုမဆို ကျော်လွှားအောင်မြင်နိုင်ကြောင်းကို ထိန်ပင်အမှိုက်ပုံ မီးလောင်မှုဖြစ်စဉ်က အထင်အရှား သက်သေပြခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ၊ ပြည်သူပြည်သားများအား ရွေးချယ်၍ ကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်သည်။

ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်သည့်အပေါ် မီးငြိမ်းသတ်ရာတွင် ပါဝင်သူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



ဦးမျိုးဝင်း၊ ညွှန်ကြားရေးမှူး



ဒုတိယရဲမှူးကြီး ယုနိုင်



ဒေါက်တာအောင်မြင့်မော်



ဦးကိုကိုစိုး၊ ဒုတိယညွှန်ကြားရေးမှူး

**ညွှန်ကြားရေးမှူး ဦးမျိုးဝင်း**
**(ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ကျေးဇူးတင်လွှာဟာ ကျွန်တော်တို့အတွက် အတိုင်းမသိ ဝမ်းသာစရာပါ။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒါဟာ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေအတွက်ကတော့ အားဆေးတစ်ခွက်လိုပါပဲ။ နောင်မှာလည်း ကျွန်တော်တို့အနေနဲ့ ဒီထက်ပို ဆက်လက်ပြီး ကြိုးစားသွားမှာပါ။ ကျွန်တော်တို့နဲ့အတူ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ ပရဟိတအဖွဲ့တွေ၊ စည်ပင်သာယာရေးဝန်ထမ်းတွေနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေကြောင့်လည်း မီးလောင်မှုဟာ အချိန်တိုအတွင်းမှာ ငြိမ်းသွားတာဖြစ်ပါတယ်။ ဒါကြောင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ဌာနဆိုင်ရာတွေအပါအဝင် အဖွဲ့အစည်းအသီးသီးကို ကျွန်တော့်အနေနဲ့ ကျေးဇူးအများကြီးတင်ပါတယ်။ သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ ကျွန်တော်တို့အတွက် မီးငြိမ်းသတ်ရေးလုပ်ငန်းမှာ အများကြီးအထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့မြန်မာစကားပုံ "စုပေါင်းညီညာ အောင်ကြောင်းဖြာ"ဆိုတဲ့အတိုင်း စုပေါင်းပြီး တက်ညီလက်ညီဆောင်ရွက်ခြင်းဟာ ကျွန်တော်တို့အတွက် အောင်မြင်မှုကို ရရှိစေခဲ့တာ ဖြစ်ပါတယ်။

**ဒုတိယရဲမှူးကြီး ယုနိုင်**
**(ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အကူတပ်ခွဲ ၊ တပ်ဖွဲ့ခွဲမှူး)**

စတင်ဖြစ်ပွားစဉ်ကတည်းက မီးသတ်တပ်ဖွဲ့နဲ့အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့တာပါ။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်း တပ်ဖွဲ့ဝင်တွေရဲ့ အင်အားသာမက ရေယာဉ် အမြောက်ကားတွေနဲ့လည်း တစ်ဖက်တစ်လမ်းကနေပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပါတယ်။ ရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက် လေးရပ်အရ ပြည်သူတွေအတွက် ဆောင်ရွက်ခဲ့တာပါ။ အဲဒီလို ဆောင်ရွက်ခဲ့တဲ့အပေါ် နိုင်ငံတော်အနေနဲ့ အခုလို အသိအမှတ်ပြုတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ဌာနအသီးသီး ပူးပေါင်းဆောင်ရွက်မှုရဲ့ အောင်မြင်မှုတစ်ခုလို့ပဲ မြင်ပါတယ်။ နောက်နောင်မှာလည်း ပြည်သူတွေအတွက်ဆိုရင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဟာ ပြည်သူတွေနဲ့အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာအောင်မြင့်မော်**
**(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး)**

မီးစတင်လောင်ကျွမ်းခဲ့တဲ့ ဧပြီ ၂၁ ရက်နေ့ကတည်းက မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ နောက်ရက်တွေမှာလည်း ဆည်မြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့ အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့လည်း မီးအမြန်ဆုံးငြိမ်းသတ်နိုင်ဖို့အတွက် YCDC အနေနဲ့ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အပြီးသတ်မီးငြိမ်းသတ်မှု အပြီးစောင့်ကြည့်မီးငြိမ်းသတ်မှုကာလအတွင်းမှာလည်း ကျွန်တော်တို့ YCDC အနေနဲ့ ဝန်ထမ်းအင်အားတွေကို ပိုမိုတိုးမြှင့်ပြီး မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ အနီးကပ်စောင့်ကြည့်ပြီး ထဲထဲဝင်ဝင်ဆောင်ရွက်တာမျိုးအပြင် မီးသတ်တပ်ဖွဲ့ဝင်တွေ မီးငြိမ်းသတ်ရေးအတွက် အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးတဲ့ အပိုင်းတွေကို လူအင်အားနဲ့ စက်ယန္တရားတွေသုံးပြီးတော့လည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ အားလုံးရဲ့ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေကြောင့် မီးကို အခုလို ငြိမ်းသတ်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်ခဲ့မှုတွေအပေါ် နိုင်ငံတော်အနေနဲ့ အသိအမှတ်ပြုတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။

**ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုစိုး**
**(မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန)**

လှိုင်သာယာ ထိန်ပင်အမှိုက်ပုံ မီးလောင်မှုကို ၁၂ ရက်အကြာမှာ အောင်အောင်မြင်မြင် ငြိမ်းသတ်နိုင်တာကတော့ မီးသတ်တပ်ဖွဲ့ဝင်တွေသာမက တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတွေအပါအဝင် ဌာနဆိုင်ရာအသီးသီးနဲ့ ပြည်သူတွေ တညီတညွတ်တည်း ပူးပေါင်းပါဝင်လုပ်ဆောင်မှုကြောင့်ပါ။ အားလုံးရဲ့ ပူးပေါင်းပါဝင်မှု အင်အားတစ်ရပ်ကြောင့် အခုလိုအောင်မြင်ခဲ့တာပါ။ မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့လည်း အဆင့်ဆင့် ကွပ်ကဲမှုနဲ့ ကြိုးစားဆောင်ရွက်ခဲ့တယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေရဲ့အင်အားနဲ့ လုပ်အားဟာ တပ်ဖွဲ့ဝင်တွေအတွက် စိတ်ဓာတ်ခွန်အားကို ဖြစ်စေခဲ့ပါတယ်။ ဒါ့ကြောင့် အခုဖြစ်စဉ်ဟာ အဖွဲ့အစည်းအသီးသီးနဲ့အတူ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခုပါ။ အဲဒီအပေါ်မှာ နိုင်ငံတော်က အသိအမှတ်ပြုတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ မီးသတ်တပ်ဖွဲ့အနေနဲ့လည်း သမိုင်းဝင်တဲ့ မှတ်တမ်းတစ်ခုဖြစ်မှာပါ။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့အသိအမှတ်ပြုမှုဟာ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေအနေနဲ့ အဲဒီမှာ ပင်ပန်းခဲ့သမျှကို ပြေပျောက်စေတဲ့အပြင် စိတ်ဓာတ်ခွန်အားတစ်ရပ်ကိုလည်း ဖြစ်စေခဲ့ပါတယ်။ နောင်မှာလည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ မီးငြိမ်းသတ်ရေးဆိုင်ရာ လုပ်ငန်းတွေမှာ အခုထက်ပိုပြီး အာရုံစူးစိုက်မှုတွေနဲ့ လုပ်ဆောင်သွားဖို့ တပ်ဖွဲ့ဝင်တွေရဲ့ရင်ထဲမှာရှိနေပါတယ်။ ။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-ဖေဇော်**

### နိုင်ငံတကာသတင်း

## ဂါဇာကမ်းမြောင်တွင် ပဋိပက္ခများဆက်ဖြစ် သေဆုံးသူ ပါလက်စတိုင်း ၅၉ ဦးထိရှိလာ

**ဂါဇာ မေ ၁၅**

အမေရိကန်သံရုံးကို ဂျေရုဆလင်တွင်ဖွင့်လှစ်ခြင်းကို ဆန့်ကျင်သည့်အနေဖြင့် ဂါဇာကမ်းမြောင်နယ်စပ်တစ်လျှောက်တွင် ပဋိပက္ခများဖြစ်ပွားခဲ့ရာ အဆိုပါပဋိပက္ခများအတွင်း အစ္စရေးတပ်ဖွဲ့များက ပါလက်စတိုင်း ၅၉ ဦးကို သတ်ဖြတ်ခဲ့ပြီးနောက် တစ်နေ့ ထပ်မံဆန္ဒပြမှုများဖြစ်ပွားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ပါလက်စတိုင်းတို့က အင်္ဂါနေ့ကို "Nakba" နေ့အဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၄၈ စစ်ပွဲအတွင်း ပါလက်စတိုင်း ၇၀၀၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင် သို့မဟုတ် ပြည်နှင် ဒဏ်ခံခဲ့ရသောနေ့ အောက်မေ့ဖွယ်အဖြစ် ထိုသို့ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

တနင်္လာနေ့က သေဆုံးခဲ့သော ဂါဇာဒေသခံ ၅၉ ဦးမှာ အစ္စရေးလက်ဖြောင့်သေနတ်သမား (စနိုက်ပါ)တို့ လက်ချက်ဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။ ထို့အပြင် အသက် ၁၆ နှစ်အောက် ကလေးငယ်များလည်း မျက်ရည်ယိုဗုံးများကြောင့် မီးခိုးငွေ့များရှူရှိုက်မိရာ တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဌာနက ဆက်လက်ပြောကြားခဲ့သည်။ ၂၀၁၄ ဂါဇာစစ်ပွဲဖြစ်ပွားသည့်အချိန်မှစကာ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအတွင်း အနည်းဆုံး ၂၄၀၀ခန့် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဟားမားစ်အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ ခါလီအယ်လ်ဟေယာက ဂါဇာတွင် ဖြစ်ပွားလျက်ရှိသော ဆန္ဒပြမှုများမှာ ဆက်လက်ဖြစ်ပွားဖွယ်ရှိကြောင်း ပြောခဲ့သည်။

ဟားမားစ်တပ်ဖွဲ့များနှင့်အခြား အကြမ်းဖက်အုပ်စုများကလည်း ၎င်းတို့၏ တိတ်ဆိတ်မှုကို ဆက်လက်သည်းခံနေမည် မဟုတ်ဘဲ တစ်စုံတစ်ရာတုံ့ပြန်မှုများ လုပ်သွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အနောက်ဘက်ကမ်းဒေသတွင်လည်း အစ္စရေးတို့ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများပြုလုပ်သည်ဟု စွပ်စွဲပြီးနောက် ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်က အင်္ဂါနေ့တွင် ဆန္ဒပြမှုများ ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်း ပြောခဲ့သည်။ တနင်္လာနေ့က ဆန္ဒပြသူထောင်ပေါင်းများစွာသည် နယ်စပ်အနီးချဉ်းကပ်လာ သလို တချို့ကလည်း ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း အစ္စရေးစနိုက်ပါများက နေရာယူထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**




## နျူကလီးယားစမ်းသပ်ရာနေရာ မြောက်ကိုရီးယား စတင်ဖျက်သိမ်း

**ပြုံယမ်း မေ ၁၅**

မြောက်ကိုရီးယားသည် နိုင်ငံမြောက်ပိုင်းရှိ ပန်ဂျီရီ နျူကလီးယားစမ်းသပ်ကွင်းကို စတင်ဖြိုဖျက်မှုပြုလုပ်နေပြီဖြစ်ကြောင်း အမေရိကန်သုတေသီများကပြောသည်။

မြောက်ကိုရီးယားနိုင်ငံသည် မေ ၂၃ရက်နှင့် ၂၅ ရက်အတွင်း စတင်ဆောင်ရွက်ရန် စီစဉ်ထားသည့် နျူကလီးယားစမ်းသပ်ရာနေရာဖျက်သိမ်းမှုကို လေ့လာမှတ်တမ်းတင်ရန် အမေရိကန်နှင့် အခြားပြည်ပမီဒီယာများကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

သုတေသီများသည် မေ ၇ ရက်က နျူကလီးယားအဆောက်အအုံမှ ဂြိုဟ်တုဖြင့် ဖမ်းယူထားသည့် ပုံရိပ်အား တနင်္လာနေ့တွင် ပုံနှိပ်ဖော်ပြခဲ့ကြသည်။ မြောက်ဘက်ဝင်ပေါက်မှတွေ့ရသည့် ဓာတ်ပုံများက ရုံးစိုက်ခဲ့ဟန်ရှိသည့် နေရာအပါအဝင် နျူကလီးယား အဆောက်အအုံများကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း ပြသနေသည်ဟု သုတေသီများက ပြောသည်။ ယင်းနေရာသည် နျူကလီးယားစမ်းသပ်မှု ခြောက်ကြိမ် ပြုလုပ်ခဲ့သည့်နေရာဖြစ်သည်။ အနောက်ဘက်ဝင်ပေါက်မှ တွေ့ရသည့် ပုံတွင် အနီးအနားအဆောက်အအုံများအား ဖြိုချဖျက်ဆီးပစ်ပြီးဖြစ်ကြောင်း တွေ့မြင်ရသည်။ ဂြိုဟ်တုမှ ဖမ်းယူထားသည့် ပုံရိပ်များသည် နျူကလီးယားစမ်းသပ်သည့်နေရာကို ကောင်းစွာ ဖျက်သိမ်းမှု လုပ်ဆောင်နေပြီဖြစ်ကြောင်း ပထမဆုံးဖော်ပြလိုက်သည့် တိကျသည့် သက်သေ အထောက်အထားတစ်ခုဖြစ်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးရဲ့ တိုက်ခိုက်မှုတွေအပေါ် သည်းခံနိုင်စွမ်းကုန်ဆုံးသွားတဲ့ ဆီးရီးယား

**ကလျာမိုးမြင့်**



ဆီးရီးယားဟာ ၎င်းဘက်ခြမ်းကနေ အစ္စရေးတိုက်လေယာဉ်တွေကို ပစ်ချခြင်းအားဖြင့် အစ္စရေးနဲ့ ထိပ်တိုက်ရင်ဆိုင်တဲ့ကစားပွဲကို စတင်အရှိန်မြှင့်လိုက်ပြီး ၁၉၇၃ ခုနှစ် အာရပ်-အစ္စရေး စစ်ပွဲဖြစ်ပွားခဲ့ချိန်ကတည်းက အစ္စရေးကို တစ်ကြိမ်တစ်ခါမှ မပြုလုပ်ဖူးတဲ့ အခြားတိုက်ခိုက်မှုတွေနဲ့ တုံ့ပြန်လာပါတယ်။

ဆီးရီးယားအစိုးရက အီရန်နဲ့ လက်ဘနွန်က ဟစ်ဇ်ဘိုလာတွေနဲ့ မဟာမိတ်ပြုခြင်းကို စိုးရိမ်ရတဲ့အတွက် အစ္စရေးဟာ ဆီးရီးယားမှာရှိတဲ့ ပစ်မှတ်တွေကို အကြိမ်ကြိမ်တိုက်ခိုက်နေပါတယ်။ အဲဒီပစ်မှတ်တွေမှာ အီရန်ကနေ သဘော်နဲ့ လက်နက်ပို့ဆောင်မှုတွေ ပါဝင်နေပြီး ဒီလက်နက်တွေဟာ ဟစ်ဇ်ဘိုလာတွေလက်ထဲမှာပဲ အဆုံးသတ်လိမ့်မယ်ဆိုတဲ့ အကြောင်းပြချက်ကို ယိုးမယ်ဖွဲ့ပြီး တစ်ချိန်လုံးတိုက်ခိုက်နေခဲ့ပါတယ်။

## ဗီဒီယိုဖိုင်တွေကို အသုံးပြုပြီး စွပ်စွဲ

ဒီလိုအချိန်မှာ ဆီးရီးယားအစိုးရက အစ္စရေးဟာ ၎င်းတို့သိမ်းပိုက်ထားတဲ့ ဂိုလန်ကုန်းမြင့်ဒေသနဲ့နီးကပ်တဲ့ ဆီးရီးယားတောင်ပိုင်းမှာရှိတဲ့ သူပုန်တွေကို ကူညီထောက်ပံ့ပေးနေတယ်ဆိုပြီး စွပ်စွဲပါတယ်။ အစ္စရေးဟာ သူပုန်တွေကို ဆေးဝါးအကူအညီတွေ ဘယ်လိုပေးအပ်ခဲ့တယ်ဆိုတာနဲ့ ပတ်သက်ပြီး ပေါ်ထွက်လာတဲ့ ဗီဒီယိုဖိုင်တွေကို အထောက်အထားလုပ်ပြီး စွပ်စွဲနေခဲ့တာ ဖြစ်ပါတယ်။

ဒီကိစ္စမှာ လေ့လာသုံးသပ်သူတွေက အစ္စရေးဟာ လက်ဘနွန်ပြည်တွင်းစစ်အတွင်း လက်ဘနွန်မှာ လုပ်ခဲ့သလိုမျိုး ဆီးရီးယားဘက် နယ်စပ်အခြမ်းမှာ စစ်မက်တိုက်ခိုက်မှု ဖြစ်လာနိုင်တဲ့ နိုင်ငံတွေကို ပိုင်းခြားပေးတဲ့ဇုန်တစ်ခု ထူထောင်ဖို့ သူပုန်တွေကို ကူညီပေးနေတယ်လို့ ယုံကြည်နေတာတွေလည်း ရှိပါတယ်။ မြေပြင်ပေါ်မှာ ဆီးရီးယားတပ်မတော်နဲ့ မဟာမိတ်တွေ အနိုင်ရရှိလာမှုနဲ့အတူ အစ္စရေးဘက်ကလည်း သိသိသာသာ ထိတ်လန့်တုန်လှုပ်လာပါတယ်။ ဂျူးလူမျိုးတွေနေထိုင်တဲ့ တိုင်းပြည်ဟာ ဆီးရီးယားမှာ အီရန်တပ်မတော် တည်ရှိနေတာကို သည်းမခံနိုင်ဘူးလို့ ကြိမ်ဖန်များစွာ သတိပေးခဲ့ပြီး တိုက်ခိုက်မှုတွေ ပိုပိုပြီး လုပ်ဆောင်လာခဲ့ပါတယ်။

## အစ္စရေးရဲ့ တိုက်ခိုက်မှုတွေကို သည်းမခံနိုင်တော့တဲ့ ဆီးရီးယား

ဘယ်လိုပဲဖြစ်ဖြစ် အစ္စရေးဘက်က တိုက်ခိုက်လာတာတွေကိုလည်း ဆီးရီးယားဘက်က မခံမရပ်နိုင်အောင် ဖြစ်လာတာပါပဲ။ ဘာမှတုံ့ပြန်ထိုးနှက်မှု မရှိဘဲ ဆီးရီးယားရဲ့ အချုပ်အခြာအာဏာကို ပစ်မှတ်ထားလာတဲ့ တိုက်ခိုက်မှုမျိုးကို ဆီးရီးယားအနေနဲ့ ဆက်ပြီး သည်းခံမနေနိုင်တော့ပါဘူး။

ဖေဖော်ဝါရီလမှာ ဆီးရီးယားတပ်မတော်က ဟွမ်စ်အလယ်ပိုင်းပြည်နယ်မှာရှိတဲ့ စစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားလာတဲ့ အစ္စရေး F-16 တိုက်လေယာဉ်ကို ပစ်ချလိုက်ကြောင်း ပြောလိုက်ချိန်မှာ အစ္စရေးနဲ့ ဆီးရီးယားထိပ်တိုက်ရင်ဆိုင်မှုအကြား အလှည့်အပြောင်းတစ်ခု စတင်ဖြစ်ပေါ်လာပါတယ်။ ဒီကိစ္စမှာ အစ္စရေးက အီရန်နိုင်ငံပိုင် ဒရုန်းလေယာဉ်တစ်စင်းဟာ အစ္စရေးလေပိုင်နက်ထဲကို ထိုးဖောက် စိမ့်ဝင်လာတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ လေတပ်စခန်းကို ပစ်မှတ်ထားတဲ့ တိုက်ခိုက်မှုကို F-16 တိုက်လေယာဉ်နဲ့ ပြုလုပ်ခဲ့တာဖြစ်ပြီး ဆီးရီးယားက အဲဒီတိုက်လေယာဉ်ကို ပစ်ချလိုက်ပါတယ်။

## တိုက်ခိုက်မှုတွေကို အဆက်မပြတ် ရင်ဆိုင်နေရသည့် ဆီးရီးယား

ဧပြီလမှာ အစ္စရေးဟာ ဟွမ်စ်မှာရှိတဲ့ T-4 လေတပ်အခြေစိုက်စခန်းကို ထပ်ပြီး တိုက်ခိုက်မှုလုပ်ဆောင်လာခဲ့တာ အီရန်နိုင်ငံသားတွေအပါအဝင် တိုက်ခိုက်ရေးအဖွဲ့ဝင် အမြောက်အမြားကျဆုံးသွားခဲ့ရပါတယ်။ ဒါ့အပြင် ဧပြီ ၁၄ ရက်မှာ အမေရိကန်၊ ပြင်သစ်နဲ့ ဗြိတိန်နိုင်ငံတို့ဟာ ဒမတ်စကတ်မြို့အနီးက သူပုန်တွေထိန်းချုပ်ခဲ့တဲ့ နေရာဟောင်းတွေမှာ ဓာတုလက်နက်နဲ့ တိုက်ခိုက်မှုလုပ်ဆောင်နေတဲ့အတွက် အရေးယူတဲ့အနေနဲ့ ဆီးရီးယားမှာရှိတဲ့ တပ်မတော်တည်နေရာတွေကို ဒုံးကျည်များဖြင့် အမြောက်အမြား တိုက်ခိုက်ခဲ့ပြန်ပါတယ်။

အမေရိကန်ဦးဆောင်တဲ့ တိုက်ခိုက်မှုကို နိုင်ငံရေးကျွမ်းကျင်သူတွေက ဘယ်လိုထင်မြင်သလဲဆိုတော့ ရည်ရွယ်ချက်ရှိရှိနဲ့ ကြိုတင်ကြံစည်ထားတဲ့ ကျူးကျော်တိုက်ခိုက်မှုဖြစ်ပြီး အစ္စရေးရဲ့ လက်ထဲမှာ ကစားနေတဲ့ ကစားကွက်တစ်ခုသာဖြစ်တယ်လို့ ဆိုပါတယ်။ မေ ၈ ရက်မှာ အစ္စရေးဟာ ဒမတ်စကတ်မြို့တော်ရဲ့အနောက်တောင်ပိုင်းအစွန်အဖျားမှာရှိတဲ့ ကစ်ရှဝက်ရေိယာအတွင်းက ဆီးရီးယားစစ်တပ်ရှိရာ နေရာကို ပစ်မှတ်ထားပြီး တိုက်ခိုက်မှု ထပ်မံလုပ်ဆောင်ပြန်ပါတယ်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေရဲ့ ပြောပြချက်အရ ဒီတိုက်ခိုက်မှုမှာ အီရန်နိုင်ငံသားတွေအပါအဝင် ၁၅ ဦး သေဆုံးတယ်လို့ သိရပါတယ်။

အဲဒီနောက်ပိုင်းမှာ အစ္စရေးဟာ အီရန်ကို လက်ဦးမှုရယူဖို့ ကြိုတင်မျှော်မှန်းထားပြီး အထူးသဖြင့် အီရန်ရဲ့ နျူကလီးယားစာချုပ်နဲ့ပတ်သက်ပြီး ပေါ်ထွက်လာတဲ့ အငြင်းပွားမှုတွေကို အာရုံစိုက်နားစွင့်နေပါတယ်။ စာချုပ်ကနေ နုတ်ထွက်ကြောင်း မေ ၈ ရက်မှာ ကြေညာလိုက်တဲ့ သမ္မတဒေါ်နယ်ထရန့်လိုပဲ အစ္စရေးဟာလည်း နျူကလီးယားစာချုပ်နဲ့ ပတ်သက်ပြီး ကန့်လန့်တိုက်နေသူတစ်ဦးပါ။ မေ ၉ ရက်မှာ အစ္စရေးဟာ Qunaitera မှာရှိတဲ့ တပ်မတော်ပစ်မှတ်တွေကို ပစ်ခတ်မှုလုပ်ဆောင်ခဲ့တယ်။ ဒါပေမယ့် ဒီအချိန်မှာ တုံ့ပြန်မှုက လေကြောင်းကာကွယ်ရေးတပ်ဖွဲ့တစ်ခုတည်း မဟုတ်တော့ဘူး။ အစ္စရေးသိမ်းပိုက်ထားတဲ့ ဂိုလန်ကုန်းမြင့်အတွင်းက အစ္စရေးတပ်မတော်တည်နေရာတွေကိုပါ ဒုံးကျည်တွေနဲ့ အမှန်အကန်ပြန်ပြီး ပစ်ခတ်တုံ့ပြန်ခဲ့တာ ဖြစ်ပါတယ်။

## အစ္စရေးဘက်မှ ဝင်ရောက်လာသည့် ဒုံးကျည်များကို ဆီးရီးယားဖျက်ဆီး

အဲဒီနောက်ပိုင်းမှာ အစ္စရေးဟာ ဆီးရီးယားတပ်မတော်တည်နေရာတွေကို ဒုံးကျည်တိုက်ခိုက်မှုတွေ အမြောက်အမြား လုပ်ဆောင်ခဲ့ပြီး ဆီးရီးယားမှာရှိတဲ့ အီရန်စစ်အခြေစိုက်စခန်းတွေကို ပစ်မှတ်ထားတိုက်ခိုက်တာဖြစ်တယ်လို့ တစ်ချိန်လုံး ပြောဆိုနေခဲ့ပါတယ်။ သို့သော်လည်း ဆီးရီးယားတပ်မတော်က အစ္စရေးဒုံးကျည်အများစုဟာ ပစ်မှတ်တွေဆီမရောက်ခင်မှာ ဖျက်ဆီးခံလိုက်ရပြီး လေကြောင်းကာကွယ်ရေးတပ်ရင်းတွေ အပါအဝင် ရေဒါစောင့်ကြည့်ရေးဌာနကို ထိမှန်ခဲ့သလို နောက်ထပ်ကျူးကျော်တိုက်ခိုက်မှုမှန်သမျှကိုလည်း တုံ့ပြန်ရင်ဆိုင်သွားဖို့ အဆင်သင့်ပဲလို့ ပြောခဲ့ပါတယ်။

အစ္စရေးတပ်မတော်ဘက်ခြမ်းက ညသန်းခေါင်အချိန်ပြုလုပ်ခဲ့တဲ့ ဆီးရီးယားမြေပေါ် အစ္စရေးလေကြောင်းတိုက်ခိုက်မှုဟာ အဲဒီမှာရှိနေတဲ့ အီရန်စစ်တပ်ရဲ့စစ်ရေးဆိုင်ရာစွမ်းဆောင်မှုတွေကို လများစွာကြာအောင် ယုတ်လျော့သွားစေခဲ့တယ်လို့ဆိုပါတယ်။ လေကြောင်းတိုက်ခိုက်မှုတွေဟာ အီရန် အယ်လ်ကွဒ်တပ်ဖွဲ့ဝင်တွေပိုင်ဆိုင်တဲ့ စစ်ဘက်ဆိုင်ရာ ပစ်မှတ်တွေကို ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး အစ္စရေးကာကွယ်ရေးဝန်ကြီး အဗစ်ဒေါ်လိုက်ဘာမန်ဟာ သောကြာနေ့မှာ အီရန်တပ်ဖွဲ့ဝင်တွေကို ဆီးရီးယားနိုင်ငံကနေ မောင်းထုတ်ပစ်ဖို့ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။

အစ္စရေးအနေနဲ့ ၎င်းရဲ့ ဒုံးကျည်တွေနဲ့ တိုက်လေယာဉ်တွေကို လေကြောင်းကာကွယ်ရေး တပ်ဖွဲ့တွေနဲ့ တုံ့ပြန်တိုက်ခိုက်လို့ မရသလို မကြာသေးခင်က Qunaitera မှာ ဖြစ်ခဲ့သလို တိုက်ခိုက်မှုတွေအပေါ် ပြန်ပြီး တုံ့ပြန်လာလိမ့်မယ်ဆိုတာကိုလည်း ကောင်းကောင်းရိပ်စားမိပြီး ဖြစ်မှာပဲ။ အစ္စရေးဘက်က တိုက်ခိုက်မှုတွေကို ပြန်ပြီးတုံ့ပြန်တဲ့ တိုက်ခိုက်မှုတွေဟာ ချက်ချင်းဆိုသလို ပြန်ဝင်လာတယ်၊ ပြီးတော့ ဂိုလန်ကုန်းမြင့်ပေါ်မှာရှိတဲ့ အစ္စရေးတပ်မတော်တည်နေရာတွေဆီကို ရည်ရွယ်ပြီး တုံ့ပြန်လာတာဖြစ်တယ်လို့ ဆီးရီးယားနိုင်ငံရေးကျွမ်းကျင်သူ မဟာအီရှန်က ဆင်ဟွာသို့ ပြောခဲ့ပါတယ်။

အာရပ်-အစ္စရေးစစ်ပွဲဖြစ်ပွားခဲ့တဲ့ ၁၉၇၃ ခုနှစ်ကစပြီး ဒါဟာ အစ္စရေးနဲ့ ဆီးရီးယားအကြားမှာ ပထမဆုံး တင်းမာတဲ့ ထိပ်တိုက်ရင်ဆိုင်မှုအခြေအနေနဲ့ အပြန်အလှန်ပစ်ခတ်တုံ့ပြန်မှုတွေကို မြင်ရခြင်းဖြစ်ပြီး ဒီအပြုအမူက ဆီးရီးယားဘက်နဲ့ ၎င်းရဲ့ မဟာမိတ်တွေဟာ အစ္စရေးဘက်က တိုက်ခိုက်လာတာတွေကို နောက်ဘယ်တော့မှ သည်းခံတော့မှာ မဟုတ်ဘူးဆိုတဲ့ နိမိတ်ပုံတစ်ခုကို ပြဆိုနေတာလည်း ဖြစ်နိုင်ပါတယ်။ ။

**ကိုးကား- ဆင်ဟွာ**

> **“ဒါဟာ အစ္စရေးနဲ့ ဆီးရီးယားအကြားမှာ ပထမဆုံး တင်းမာတဲ့ ထိပ်တိုက်ရင်ဆိုင်မှုအခြေအနေနဲ့ အပြန်အလှန် ပစ်ခတ်တုံ့ပြန်မှုတွေကို မြင်ရခြင်းဖြစ်ပြီး ဒီအပြုအမူက ဆီးရီးယားဘက်နဲ့ ၎င်းရဲ့ မဟာမိတ်တွေဟာ အစ္စရေးဘက်က တိုက်ခိုက်လာတာတွေကို နောက်ဘယ်တော့မှ သည်းခံတော့မှာ မဟုတ်”**

## နိုင်ငံတကာ သတင်းတိုထွာ

### တူရကီရဲတပ်ဖွဲ့က အိုင်အက်စ်အကြမ်းဖက်သမားအဖြစ် သံသယရှိသူ ၅၄ ဦးကို ဖမ်းဆီး

**အစ္စတန်ဘူလ် မေ ၁၅**

အစ္စတန်ဘူလ်အကြမ်းဖက် အုပ်စုများ နှိမ်နင်းမှုတွင် တူရကီရဲတပ်ဖွဲ့က အိုင်အက်စ်အကြမ်းဖက်သမားဟု သံသယရှိသူများကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဒိုဂန်သတင်းအေဂျင်စီက ယနေ့တွင် ဖော်ပြခဲ့သည်။

အကြမ်းဖက်တန်ပြန်နှိမ်နင်း တိုက်ဖျက်ရေး ရဲတပ်ဖွဲ့က မေလ ၁၄ ရက်နှောင်းပိုင်းက ဒေသ ၁၂ ခုကျော်ရှိ လိပ်စာ ၁၉ ခုကို ဝင်ရောက်စီးနင်းမှုများလုပ်ရာ အိုင်အက်စ်အကြမ်းဖက်သမားဟု သံသယရှိသူ ၅၄ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ၎င်းတို့ကို စစ်ဆေးမေးမြန်းမှုများပြုလုပ်ရန် မြို့တော်ရဲဌာနချုပ်သို့ ခေါ်ဆောင်လာကြောင်း အဆိုပါ သတင်းဌာနတွင် ဆက်လက်ဖော်ပြထားသည်။ ၎င်းသံသယရှိသူများသည် အိမ်နီးချင်း ဆီးရီးယားသို့ သွားရောက်ရန် စီစဉ်ထားသူများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် နှစ်သစ်အခါသမယ၌ အစ္စတန်ဘူလ်နိုက်ကလပ်ကို အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ လူ ၃၉ ဦး သေဆုံးခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှု အပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုအတော်များများကို လုပ်ဆောင်ခဲ့သည်ဟူသော စွပ်စွဲပြစ်တင်မှုများ ဖြစ်ပွားပြီးနောက် တူရကီအာဏာပိုင်များက အကြမ်းဖက်နှိမ်နင်း တိုက်ဖျက်မှုများအတော်များများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဧပြီလကလည်း အိုင်အက်စ်အကြမ်းဖက်အဖွဲ့မှ အဓိကခေါင်းဆောင်လေးဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့ထဲတွင် စော်ဘွားဟု ခံယူထားသော ဆီးရီးယားနိုင်ငံ Deir Ezzor ပြည်နယ်၏ အိုင်အက်စ်အကြီးအကဲ တစ်ဦးလည်း ပါဝင်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

### တောင်ဆူဒန် မြောက်ပိုင်း၌ လက်နက်ကိုင်တပ်ဖွဲ့နှင့် အစိုးရတပ်ဖွဲ့တို့ ပစ်ခတ်မှုဖြစ်ပွား

**နိုင်ရိုဘီ မေ ၁၅**

တောင်ဆူဒန်မြောက်ပိုင်း မကြာသေးမီက အစိုးရဆန့်ကျင် လက်နက်ကိုင်များနှင့် အစိုးရတပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း တောင်ဆူဒန်တပ်ဖွဲ့က ပြောခဲ့သည်။ အစိုးရဆန့်ကျင်လက်နက်ကိုင်များသည် မေ ၉ ရက်ကတစ်ကြိမ်၊ ၁၁ ရက်က တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ရက်ဂွာဒေသရှိ အစိုးရတပ်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့သလို ရက်ဂွာဒေသရှိ မြို့တစ်မြို့ကိုလည်း သိမ်းရန် ကြိုးစားခဲ့ရာ အစိုးရတပ်ဖွဲ့က ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း တောင်ဆူဒန်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

ယခုနှစ်ပိုင်းတွင် တောင်ဆူဒန်၏ နိုင်ငံရေးအခြေအနေမှာ ရှုပ်ထွေးလျက်ရှိသည်။ ၂၀၁၃ခုနှစ် နှစ်ကုန်ပိုင်းမှစကာ တောင်ဆူဒန်သမ္မတ ဆယ်လ်ဗာကား၏ မေရာဒစ်နှင့် ယခင် ပထမ ဒု-သမ္မတဟောင်း ရိတ်ခ်မာချာတို့ကြား အာဏာပြိုင်မှုများကြောင့် တစ်နိုင်ငံလုံးလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပွားခဲ့သည်။ **ဆင်ဟွာ**

# အစွဲအလမ်းအကြောင်းပြု၍ တောင်းဆုမှားခဲ့သော အမျိုးသမီးနှင့် "ဥပါဒါန်"

ကိုလင်း




သဒ္ဒါလွန်ကဲပြီး၊ နယ်ကျွံခဲ့သောစိတ်ကြောင့် အစွဲအလမ်းဖြစ်ကာ တောင်းဆုမှားခဲ့လေသော အမျိုးသမီးတစ်ဦး၏ ဘဝကို အကြောင်းပြုပြီး ဆရာတော် ဘဒ္ဒန္တကောသလ္လ သာသန ဓဇ ဓမ္မာစရိယ B.A (Myanmar) ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်အကြောင်းကို အခြေပြုရိုက်ကူးထားသော "ဥပါဒါန်" ရုပ်ရှင်ဇာတ်ကားကြီးကို ဇာတ်လမ်း၊ ဇာတ်ညွှန်းမောင်အောင် (ရူပဗေဒ) ပြန်လည်ရေးသားပြီး ဒါရိုက်တာ ဗန်းကြီးက ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဧယျာရွှေပြည် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးထားပြီး စိန်ငွေးထုတ်လုပ်ရေးမှ ပါဝင်ကူညီထားခြင်းဖြစ်သည်။ ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင်သစ် ခိုင်ထူးသာ၊ ဇာတိ၊ နန်းဆုဦး၊ မေသဉ္ဇာဦး၊ ခင်ဇာခြည်ကျော် ၊ ချိုပြုံး၊ ငြိမ်းချမ်း၊ မျိုးမျိုးခိုင်၊ မေပိုင်စိုးနှင့် ကလေးသရုပ်ဆောင် နိုင်နိုင်းထက်တို့က ပါဝင်သရုပ်ဆောင်ထားကြသည်။

"ဒီဇာတ်ကားကြီးကို ရိုက်ကူးဖြစ်ခဲ့ရတဲ့ အကြောင်းကတော့ ကျွန်တော်က ဒါရိုက်တာအလုပ်ကို မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာ ဆရာတော်က ကျွန်တော့်ဆီကို ရောက်လာခဲ့တယ်၊ ဒါရိုက်တာလားဆိုပြီး မေးလာပြီး ကျွန်တော့်ကို ဒီဇာတ်လမ်းမျိုးရှိတယ်၊ ရိုက်လို့ရမယ်ဆို ရိုက်ပါလားလို့ မိန့်လာတယ်၊ ကျွန်တော်က သေသေချာချာစဉ်းစားခဲ့ပါတယ်၊ ဒီလို ဘာသာရေးနွယ်တဲ့ ကားမျိုးရိုက်ဖို့အတွက်က အင်မတန်ခက်ခဲပါတယ်၊ ရဟန်းတစ်ပါးကို သဒ္ဒါလွန်ကဲပြီး စွဲလမ်းစိတ်တွေရှိခဲ့ကာ ပူလောင်ခဲ့တဲ့ အမျိုးသမီးငယ်တစ်ယောက် အကြောင်းကိုပြောပြတယ်၊ ဖြစ်ရပ်မှန်ပေါ့နော်၊ သူ့ဒါယိကာမကြီးတစ်ယောက် အခုလိုဘဝကို ရောက်သွားရတဲ့ အကြောင်းလေးကိုပြောပြီး ရိုက်ကူးဖို့ တိုက်တွန်းခဲ့တယ်၊ ကျွန်တော်လည်း ဘယ်လိုကနေ ဘယ်လိုပုံစံရိုက်ရမလဲဆိုတာကို စဉ်းစားနေရင်းနဲ့ နောက်ဆုံး ကျွန်တော်ကတော့ စေတနာနဲ့ လုပ်ပေးတယ်ဆိုရင်တောင် ဝေဒနာဖြစ်ပြီး သာသနာဖျက်တဲ့သူဖြစ်သွားမှာကို အင်မတန်ကြောက်ခဲ့တယ်"ဟု ဒါရိုက်တာ ဗန်းကြီးက ပြောပြသည်။

သူက ဘုန်းကြီးနှင့် ဒါယိကာမအကြား ဘယ်လိုကြောင့် အစွဲအလမ်းဖြစ်လာခဲ့ပြီး အမျိုးသမီး မြွေဘဝကို ရောက်ရှိခဲ့ရသနည်းဟူသည့်အကြား လွဲမှားမှုတစ်ခုခု မဖြစ်စေလိုသည့်အတွက် ကြန့်ကြာနေခဲ့ကြောင်း၊ နောက်လအနည်းငယ်အကြာတွင် ယင်းဇာတ်ကားကို ရိုက်ကူးနေကြောင်း အိပ်မက်များကို မကြာခဏမက်ဖြစ်ပြီး ဇာတ်လမ်းဇာတ်ကွက် အတော်များများကိုလည်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သိရသည်။

"ဇာတ်သိမ်းပိုင်းကို ဘယ်လိုရိုက်မလဲစဉ်းစားရင်း အခုရိုက်တဲ့ကားက ဘာသာရေးကားလည်းဖြစ်နေတော့ တရားလည်း အရင်ကထက်ပိုပြီး ထိုင်ဖြစ်တယ်၊ ဆရာတော်ကြီးတွေရဲ့ဩဝါဒကိုလည်း ခံယူဖြစ်ခဲ့တယ်၊ ဒီလိုနဲ့ ဇာတ်သိမ်းကိုလည်း ရိုက်ကူးနိုင်ဖို့အထိ အကြံကောင်းတွေရခဲ့တယ်"ဟု ဒါရိုက်တာ ဗန်းကြီးက ပြောသည်။

ဇာတ်ကားရိုက်ကူးရန်အတွက် မည်သည့်ထုတ်လုပ်ရေးကမျှ ရိုက်ကူးရန် စွန့်စားမှုမရှိခဲ့ခြင်းကြောင့် ၁၀ နှစ်တာနီးပါး ကြာမြင့်သည့် ဇာတ်လမ်းဖြစ်ခဲ့ပြီး နည်းပညာပိုင်းအရ အားနည်းချက်များ ထိုစဉ်ကလည်းရှိခဲ့ကြောင်း၊ လက်ဝယ်ဇာတ်လမ်းရှိထားသော်လည်း အဆင်မပြေဖြစ်ခဲ့ကြောင်း၊ ဒါရိုက်တာအလုပ်ကို အနားယူခဲ့ပြီး သရုပ်ဆောင်ပညာကို မျိုးဆက်သစ်များအတွက် ပြန်လည်သင်ကြားပေးနေသည့် အလုပ်ကိုရွေးချယ်ကာ အသက်မွေးဝမ်းကျောင်းပြုနေခဲ့စဉ် သင်တန်းမှ အမျိုးသမီးတစ်ဦးက ထိုဇာတ်ကားကို ဆက်လက်ရိုက်ကူးရန် တိုက်တွန်းပေးခဲ့ပြီး အခြားသော တိုက်တွန်းမှုများကြောင့် မိမိတွင်ရှိသည့် ငွေကြေးနှင့် ပစ္စည်းတို့ကို ရင်းနှီးကာ ရိုက်ကူးထားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## မေ ၁၈ ရက်တွင် ပရိသတ်နှင့်တွေ့ဆုံမည့် ဘောဘီပွင့်



ပြည်သူ့အချစ်တော် ဟာသသရုပ်ဆောင် အပြုံးချိုချိုနှင့် သရုပ်ဆောင်ပိုင်နိုင်သူ ပွင့်က သရုပ်ဆောင်အပြင် ဂီတလောက အထိမ်းအမှတ်အဖြစ် ပထမဆုံးတစ်ကိုယ်တော်အခွေကို စတင်ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်သည်။

အဆိုပါတေးစီးရီးကို ဘောဘီပွင့်ဟု အမည်ပေးထားပြီး ဘိုဘိုမြူးဇစ် တေးထုတ်လုပ်ရေးမှ မေ ၁၈ ရက်တွင် ဖြန့်ချိသွားမည်ဖြစ်သည်။

အခွေထွက်ရှိသည့် နေ့ရက်တွင်လည်း လှည်းတန်းစင်တာ၌ တေးစီးရီးပရိုမိုးရှင်းပြုလုပ်ပြီး ပရိသတ်များနှင့် တွေ့ဆုံရန်စီစဉ်ထားကြောင်း သိရသည်။

"တစ်ကိုယ်တော် Solo Album လေးက ပွင့်ရဲ့ပထမဆုံးခြေလှမ်းလည်း ဖြစ်တော့လေ ပရိသတ်ကိုပေးဖို့အချိန်ယူရင်းယူရင်းနဲ့ ကြာသွားတယ်၊ လုပ်တော့လည်း ကြိုတင်အသိမပေးဘဲ ရုတ်တရက် လုပ်လိုက်သလိုဖြစ်သွားတော့ Surprise သဘောဖြစ်သွားတယ်၊ ပွင့်ရဲ့တစ်ကိုယ်တော်အခွေကို လုပ်ချင်နေတာကြာပါပြီ၊ တစ်မျိုးထင်မှာကိုလည်း စိုးရိမ်လို့ပါ၊ တချို့က ပြောတယ်လေ ရုပ်ရှင်ဘက်မှာ အောင်မြင်ရင် ဂီတဘက်ကို သွားတယ်၊ ဂီတဘက်မှာအောင်မြင်ရင် ရုပ်ရှင်ဘက်ကို သွားတယ်ပေါ့၊ အဲလိုထင်မှာစိုးရိမ်လို့ပါ၊ အဲလိုမဟုတ်ပါဘူးဆိုတာကို တစ်ခါတည်း ရှင်းပြပါရစေ၊ ပွင့်က ဂီတကိုသိပ်ချစ်ပါတယ်၊ သီချင်းတွေ ဆိုနေတာကြာပါပြီ၊ ပွင့်က နည်းနည်း Active ဖြစ်တော့ ပွဲတွေမှာဆိုရင်လည်း လှုပ်လှုပ်ရှားရှားလေး Dance ကတယ်၊ ပရိသတ်နဲ့လည်း အပေးအယူတည့်တော့ ပျော်စရာကောင်းတယ်၊ အဲဒီအတွက် ပရိသတ်တွေက တစ်ကိုယ်တော်အခွေ မလုပ်ဘူးလားလို့ ပြောနေကြတာလည်းကြာပါပြီ၊ လုပ်ဖို့အားယူရင်းယူရင်း အခုမှလုပ်ဖြစ်ခဲ့တာပါ၊ သီချင်းကတော့ ၁၁ ပုဒ်၊ ၁၂ ပုဒ်၊ သီချင်းအမျိုးအစားတွေကတော့ အဓိက ပေါ့ပ်သီချင်းလေးတွေပါမယ်၊ EDM စတိုင်လေးတွေလည်းပါတယ်၊ တေးရေး ဝေကြီးရဲ့ သီချင်းလေးတွေက အဆွေးလေးတွေပါတယ်၊ အမြူးလေးတွေနဲ့ စတိုင်မျိုးစုံတော့ ရေးပေးထားပါတယ်၊ တေးရေးတွေကတော့ ဆရာရွှေဂျော်ဂျော်၊ ကိုဆလိုင်း၊ ဝေကြီး၊ ကိုညီမင်းခိုင်၊ နောင်နောင် (Sunflower)၊ ဟဲလေးနဲ့ ပွင့်ရဲ့ဆရာ ဒါရိုက်တာ မောင်သီတို့ ရေးပေးထားပါတယ်"ဟု ပြောသည်။

"သီချင်းလေးတွေကတော့ အပျော်လေးတွေများပါတယ်၊ အသည်းကွဲသီချင်းလေးတွေ ဝေကြီးက ရေးထားတော့ နှစ်ပုဒ်လောက်တော့ ပါပါတယ်၊ နောက်ပြီး ကိုညီမင်းခိုင်ရေးပေးတဲ့ Pop Rock အမျိုးအစားလေးပါ၊ ကိုယ့်ကို အပျော်ကစားသွားတဲ့ ကောင်လေးတစ်ယောက် အကြောင်းကို ဆိုထားတာပေါ့၊ ကိုယ်က သရုပ်ဆောင်တစ် ယောက်ဖြစ်တဲ့အတွက် ဇာတ်ကောင်ပေါ်မှာ စီးမျောလိုက်သလိုပဲ သီချင်းဆိုတော့လည်း သီချင်းစာသားတွေ အပေါ်မှာစီးမျောပြီး ခံစားမှုသွင်းရတာပေါ့၊ ပြီးတော့ တေးရေးဆရာတွေကလည်း ရှင်းပြသင်ပြပေးပါတယ်၊ ဘာပဲပြောပြော ပွင့်က ဂီတဘက်မှာ သက်တမ်းရော၊ ပညာပါ နုပါသေးတယ်၊ ကိုယ့်ရဲ့ ဆရာသမားတွေ သင်ပေးတဲ့အတိုင်း အကောင်းဆုံး ကြိုးစားထားပါတယ်။ ကိုယ်တတ်နိုင်တဲ့ အတိုင်းအတာတစ်ခုတည်းမှာ အကောင်းဆုံး ဖန်တီးထားပါတယ်၊ လူတစ်ယောက်မှာလည်း ကိုယ်ပိုင်ဆိုင်တဲ့ မူလအသံကလည်းရှိတော့ ဆရာသမားတွေ သင်ပေးထားတာနဲ့ ပေါင်းစပ်ပြီး အကောင်းဆုံးကြိုးစားသီဆိုထားပါတယ်၊ အကယ်၍ လိုအပ်ချက်တွေရှိခဲ့ရင်လည်း ချစ်တဲ့စိတ်ကလေးနဲ့ ဖြည့်စွက် ပြီး နားလည် ချစ်ခင်ပေးကြပါလို့ ပရိသတ်ကြီးကို ပြောချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြီး ၁၅ ရက်က အွန်လိုင်းတွင် ပွင့်၏ စာမျက်နှာမှတစ်ဆင့် တေးရေးရွှေဂျော်ဂျော် ရေးစပ်ထားသော I am CEO အမည်ရှိ သီချင်းအမ်တီဗွီအား Lyric Video တင်ထားကြောင်းသိရပြီး ဆလိုင်းရေးစပ်ထားသည့် အကိတ်သီချင်းကိုလည်း မကြာမီ အမ်တီဗွီလွှင့်တင်သွားရန်လည်းရှိသည်။ အဆိုပါသီချင်းမှာ Music Video ဖြစ်ပြီး အကအဖွဲ့များဖြင့် ဝေဝေဆာဆာရိုက်ကူးထားကြောင်း သိရသည်။

ကိုလင်း




## ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာနှင့် အနုပညာဆည်းဆာရိပ်သာ ရန်ပုံငွေဂီတပွဲ ပြုလုပ်မည်

ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာနှင့် အနုပညာဆည်းဆာရိပ်သာ ရန်ပုံငွေဂီတပွဲကို ဇွန်၂ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် အနုပညာသစ်ပြတိုက်ဖောင်ဒေးရှင်း၏ အဓိကကူညီမှုဖြင့် ကျင်းပသွားမည်ဟုသိရသည်။

"ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာကို ၂၀၁၀ ပြည့်နှစ်က တည်ထောင်ခဲ့တာပါ၊ ကျွန်မတို့ အနုပညာ စာပေဂီတ သဘင်ပညာရှင်တွေ စိတ်တူကိုယ်တူ ဝါသနာတူတွေ ပူးပေါင်းတည်ထောင်ထားကြတာဖြစ်ပါတယ်၊ ကျွန်မတို့ဆီမှာ အဘိုးအဘွား ၁၂၀ ရှိပါတယ်၊ ဆေးရုံမှာ ပိုင်ရှင်မဲ့ ဘိုးဘွားတွေနဲ့ အချို့ဆို သူများအိမ်အောက်က နေသွားသယ်ရတာတွေ ရှိပါတယ်၊ ကျွန်မတို့ အဲဒီလို အဘိုးအဘွားတွေကို ခေါ်ယူပြီး ဝန်ထမ်း ၉၀ ကျော်နဲ့ စောင့်ရှောက်နေပါတယ်၊ အချို့သန်စွမ်းတဲ့သူတွေကိုတော့ အခြားနေရာကို ကျွန်မတို့ ပို့ဆောင်ပေးပါတယ်၊ ကျန်းမာရေးညံ့ပြီးစောင့်ရှောက်သူမဲ့နေတဲ့သူတွေကို အဓိကထားစောင့်ရှောက်တာဖြစ်ပါတယ်။ ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာနဲ့ အနုပညာဆည်းဆာရိပ်သာ ဘာကွာလဲဆိုရင် အနုပညာ ဘိုးဘွားတွေ အသက်ကြီးပြီး စောင့်ရှောက်သူမဲ့နေသူတွေကို အထူးပြုပြီးစောင့်ရှောက်တာပါ၊ ဂိလာနဘိုးဘွားကတော့ အပြင်က ဘိုးဘွားတွေကို စောင့်ရှောက်တာ ဖြစ်ပါတယ်၊ အနုပညာဆည်းဆာရိပ်သာကတော့ ၂၀၁၅ ခုနှစ်မှာစတင်တည်ထောင်ခဲ့ပါတယ်၊ ဒါရိုက်တာမောင်စိတ္တနဲ့ မန္တလေးက အဆိုတော်ကြီး ဒေါ်စိမ်းစိမ်းတို့ကိုလည်း စောင့်ရှောက်ထားပါတယ်၊ ကျွန်မတို့သူတို့ကို စောင့်ရှောက်တဲ့အခါ လိုအပ်တာတွေ ရှိနေပါတယ်၊ ဒါကြောင့်မို့ အခုလို ရန်ပုံငွေပွဲလုပ်ရတာပါ"ဟု ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာနှင့် အနုပညာဆည်းဆာရိပ် ဘိုးဘွားရိပ်သာ တည်ထောင်သူ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က ပြောကြားသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် အဆိုတော် စိန်ဝင်းထွန်း၊ ဇွဲပြည့်၊ ချမ်းချမ်း၊ အေသင်ချိုဆွေနှင့် အနုပညာရှင်များစွာ ပါဝင်ကူညီသွားမည်ဖြစ်ပြီး လက်မှတ်များကို ငွေကျပ် ၅၀၀၀၊ ၁၀၀၀၀၊ ၁၅၀၀၀၊ ၂၀၀၀၀၊ ၃၀၀၀၀၊ ၅၀၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ပြီး မန်းသီရိတေးသံသွင်း၊ 1876 မှလည်း ဝယ်ယူနိုင်ကြောင်း သိရသည်။

ကိုလင်း

## တစ်ကိုယ်တော်တေးစီးရီးအတွက် ပြင်ဆင်နေသည့် ဇော်ပိုင်



၂၀၁၉ နှစ်ဆန်းပိုင်းတွင် တစ်ကိုယ်တော်တေးစီးရီးထွက်ရှိနိုင်ရန်အတွက် အဆိုတော် ဇော်ပိုင်က ပြင်ဆင်နေပြီ ဖြစ်ကြောင်း သိရသည်။

"သီချင်းတွေ ရွေးချယ်နေပါတယ်၊ လက်ရှိမှာတော့ လေးပုဒ်ရှိပြီးပါပြီ၊ ပုံမှန်အတိုင်း ၁၂ ပုဒ်လောက်တော့ မှန်းထားပါတယ်၊ သီချင်းခွေတစ်ခွေထွက်ရှိဖို့ဆိုတာ လွယ်တော့မလွယ်ဘူးပေါ့၊ ခေတ်ရေစီးကြောင်းကိုလည်း ကြည့်ရသလို ကိုယ့်အသံနဲ့လိုက်ဖက်ညီမှုရှိအောင်လည်း စဉ်းစားရတယ်၊ အခွေသစ်ထဲမှာ ကျွန်တော်ကိုယ်တိုင်ရေးတဲ့သီချင်းတွေလည်း ပါလာမှာမို့ ပရိသတ်ကြီးအားပေးကြပါဦးလို့တော့ ပြောချင်ပါတယ်"ဟု ဇော်ပိုင်က ပြောကြားသည်။

ဇော်ပိုင်သည် လက်ရှိတွင် အနုပညာမောင်နှမများနှင့်အတူ တေးဂီတပွဲများတွင် တေးသီချင်းများသီဆိုမှုကို ဆက်တိုက်ပြုလုပ်လျက်ရှိပြီး တေးစီးရီးသစ်ထွက်ရှိလာချိန်တွင် တစ်ကိုယ်တော်ရှိုးပွဲကိုလည်း ကျင်းပသွားရန် ရည်မှန်းထားကြောင်း သိရှိရသည်။

မယ်နု

## နိုင်ငံတကာ အနုပညာသတင်း

### မိန်းကလေးတွေကိုပညာသင်ကြားပေးဖို့ အာရုံစိုက်လာရန် ကရီနာကပူးပြော

ဘောလိဝုဒ်စူပါစတား ကရီနာကပူးခန်းက အမျိုးသမီးတွေရဲ့စွမ်းအင်ကို မြှင့်တင်ဖို့ဆိုရင် ပညာသင်ပေးခြင်းကသာ ကနေဦးခြေလှမ်းလို့ပြောလိုက်ပါတယ်၊ အသက် ၃၇ နှစ် ရှိပြီဖြစ်တဲ့ ကရီနာကပူးက ပညာသင်ကြားခြင်းနှင့် စွမ်းဆောင်ရည်ရှိခြင်းဟာ တိုက်ရိုက်အချိုးကျတယ်၊ ပညာတတ်လာခြင်းကြောင့် မိခင်တစ်ဦးရဲ့တာဝန်ကိုလည်း ကောင်းကောင်းထမ်းဆောင်လာနိုင်မယ်လို့ ပြောပါတယ်၊ မိခင်နဲ့ကလေးငယ်တွေအတွက် ပြုလုပ်တဲ့ဆွေးနွေးပွဲမှာ ဒီလိုပြောကြားခဲ့ခြင်းဖြစ်တယ်၊ "မိန်းကလေးငယ်တွေကို ပညာသင်ကြားပေးသင့်တယ်၊ အသက်မပြည့်ဘဲဆယ်ကျော်သက်နဲ့ ကလေးမွေးဖွားမယ်ဆိုရင်မိခင်ရောကလေးပါ အန္တရာယ်ရှိနိုင်တယ်၊ တကယ်လို့များငယ်ရွယ်တဲ့မိန်းကလေးတွေသာ အခြေခံပညာ တတ်မြောက်မယ်ဆိုရင် ဒီကိစ္စတွေကိုကျော်လွှားနိုင်မယ်"လို့ ပြောခဲ့ပါတယ်။

ဒါတွေအပြင် ကရီနာကပူးက မိန်းကလေးတွေပညာသင်ကြားရေးအတွက် ပိုပြီး အလေးထားသင့်ကြောင်း အမေတစ်ဦးဖြစ်လာဖို့ဆိုရင် ကောင်းမွန်တဲ့ထိန်းသိမ်းအုပ်ချုပ်မှုနဲ့ သင့်တင့်တဲ့ပညာရေးစနစ်ရှိဖို့လိုအပ်တယ်လို့ ကရီနာကပူးက ပြောပါတယ်၊ ကရီနာကပူးဟာ မိခင်တွေရဲ့အခန်းကဏ္ဍတင်မကပါဘူး၊ ဖခင်တွေရဲ့အခန်းကဏ္ဍကိုလည်းပြောပြခဲ့ပါတယ်၊ ဆာအစ်အလီခန်နဲ့ သူ့ရဲ့ပထမဦးဆုံး ကလေးတုန်းက ဆာအစ်ရဲ့ ကလေးကို ပြုစုပျိုးထောင်ပုံတွေကိုလည်း ပြောပြခဲ့ပါတယ်။

အနုပညာလှုပ်ရှားမှုနဲ့ပတ်သက်လို့ကတော့ ကျရာဇာတ်ရုပ်ကနေ အကောင်းဆုံးသရုပ်ဆောင်နိုင်တဲ့ ကရီနာကပူးကို Veere Di Wedding လို့အမည်ရတဲ့ ဟာသဇာတ်မြူးကားမှာ တွေ့မြင်ရဖို့ရှိပါတယ်၊ အဲဒီဇာတ်ကားကို ၂၀၁၈ ဇွန်လအတွင်းမှာ ရုံတင်ပြသမယ်လို့လည်း သိရပါတယ်။ **အီးတိုင်းမ်စ်**

**ခြူး**




### ခိုင်လီဂျန်နာနဲ့အလုပ်ကိစ္စကလွဲရင် ပတ်သက်မှုဘာမှမရှိဟု ပြောလိုက်တဲ့ သက်တော်စောင့် တင်

ယောက်ျားပီသတဲ့ခိုင်လီဂျန်နာရဲ့သက်တော်စောင့်ဟာ လတ်တလောမှာ ထွက်ပေါ်နေတဲ့ကောလာဟလတွေကိုငြင်းလိုက်ပါတယ်၊ ခိုင်လီဂျန်နာနဲ့ သူ့ရဲ့ချစ်သူ တာဗစ်စကောက်တို့ ဖေဖော်ဝါရီလအတွင်းကမှ မွေးဖွားထားတဲ့ ကလေးငယ်စတော်မီဟာ ဖခင်ဖြစ်သူ စကောက်နဲ့ရုပ်ချင်းမတူဘဲ ခိုင်လီဂျန်နာရဲ့သက်တော်စောင့်ဖြစ်သူ တင်ချောင်နဲ့ ရုပ်ချင်းဆင်တူတယ်ဆိုပြီး လူမှုကွန်ရက်မှာ ကောလာဟလတွေ ထွက်ပေါ်လာပါတယ်၊ အဲဒီအတင်းအဖျင်းတွေနဲ့ပတ်သက်ပြီး လူမှုကွန်ရက်တွေမှာ အတော်လေးလူပြောများနေပြီး သက်တော်စောင့်ဖြစ်သူ တင်ချောင်ကို သတင်းထောက်တွေက ဒီကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းကြရာမှာတော့ တင်ချောင်ဟာ ဖြေဆိုဖို့ ငြင်းဆိုခဲ့ပါတယ်။

ဒီလိုနဲ့ သူ့ရဲ့ငြင်းဆိုမှုဟာ သတင်းတွေမှာ နေရာယူလာတော့ တင်ချောင်လည်း မနေသာတော့ပါဘူး၊ ကောလာဟလတွေနဲ့ပတ်သက်ပြီး စနေနေ့မှာ ပြောကြားခဲ့ပါတယ်၊ တင်က" ကျွန်တော်ဟာ ကိုယ်ရေးကိုယ်တာအချက်တွေကို ထုတ်ဖော်ပြောလေ့မရှိပါဘူး၊ ယုတ္တိမရှိတဲ့ အတင်းအဖျင်းတွေကို ပြန်လည်တုံ့ပြန်လေ့မရှိပါဘူး၊ အခုကောလာဟလတွေကတော့ အလွန်ပဲ ရယ်ချင်စရာကောင်းလှပါတယ်၊ အစကတော့ ဘာမှမပြောတော့ဘူးလို့ စဉ်းစားထားပေမယ့် ခိုင်လီ၊ တာဗစ်နဲ့သူတို့ရဲ့ကလေး၊ ခိုင်လီရဲ့မိသားစုကို အားနာလို့ အခုလိုပြောရတာပါ၊ ကျွန်တော်ဟာ အလုပ်ကိစ္စကလွဲရင် ခိုင်လီနဲ့ဘာမှပတ်သက်စရာမရှိပါဘူး၊ မီဒီယာတွေဟာလည်း ဒီထက်ပိုပြီး ယုတ္တိမရှိတဲ့ဇာတ်လမ်းတွေမှာ ကျွန်တော့်ကိုဆွဲမထည့်ပါနဲ့တော့"လို့ အင်စတာဂရမ်မှာ ရေးသားခဲ့ပါတယ်။ **ဟယ်လို**

**ခြူး**



## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၂၂)



# တရားရုံး နှစ်စဉ်အစီရင်ခံစာ

**ဦးဟန်ညွန့် (ဥပဒေ)**

**အစီရင်ခံစာ**

တရားရုံးအစီရင်ခံစာ ထွက်ပေါ်လာပါပြီ။ ၂၀၁၇ခုနှစ်အတွက်ဖြစ်ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးပေးပို့၍ အထက်ပါအစီရင်ခံစာကို လေ့လာဖတ်ရှုခွင့်ရပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နေချိန်တွင် ဤအစီရင်ခံစာမျိုးကို ပြည်သူတို့ဖတ်ခွင့်၊ သိခွင့်၊ မျှဝေခွင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းမှာ များစွာအထောက်အကူရပါသည်။ တရားရုံးတွေ ဘာလုပ်နေပါသလဲ။ အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက် ဘာလဲ။

**ရည်ရွယ်ချက်**

တရားရုံးနှစ်စဉ် အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိ စေရန်

(၂) တရားရုံးများ၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်

(၃) တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်

(၄)တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်




**ဥယျောဇဉ်**

ပြည်ထောင်စုတရားသူကြီးချုပ်က-

"တရားရုံးလုပ်ငန်းများ ပိုမိုထိရောက်သွက်လက်မြန်ဆန်လာနိုင်မှု၊ တရားရုံးဝန်ဆောင်မှုများကို ကျယ်ပြန့်စွာပေးနိုင်မှု၊ အများပြည်သူနှင့် မီဒီယာတို့အပေါ် ယဉ်ကျေး လိုလားစွာ ထိတွေ့ဆက်ဆံနိုင်မှု၊ ခေတ်မီသည့် မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးနည်းပညာတို့ကို အသုံးပြုနိုင်မှုတို့သည်မရှိ မဖြစ်လိုအပ်သောအရာများဖြစ်လာသည်"ဟု အသစ်အသစ်သော ပြောင်းလဲမှုများကို သတိပြုရေးသားထားသည်။ ပြီးတော့ တရားစီရင်ရေးအပေါ် အများပြည်သူ ယုံကြည်ကိုးစားမှုတိုးတက်စေရန် အလေးအနက်ခံယူထားကြောင်း ဖော်ပြသည်။ ထို့ကြောင့် ၂၀၁၇ တရားရုံးနှစ်စဉ် အစီရင်ခံစာသည် **သိသာထင်ရှားစွာ ပြည်သူသို့တင်ပြစာ** အဖြစ် ကျွန်တော် သုံးသပ်သည်။ ဘာ့ကြောင့် ဤသို့ သုံးသပ်ပါသလဲ။

**ရည်မှန်းချက်**

လူတိုင်းသို့ အရည်အသွေးမြှင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်

တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

**လုပ်ငန်းတာဝန်များ**

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

**တရားရုံး၏တန်ဖိုးများ**

(၁) သာတူညီမျှမှုနှင့် တရားမျှတမှု
(၂) တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
(၃) လက်လှမ်းမီနိုင်မှု
(၄) မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု

**တရားရုံးဖွဲ့စည်းပုံ ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

- နိုင်ငံတော်၏အမြင့်ဆုံးတရားရုံး
- နေပြည်တော်တွင်တည်ရှိသည်။

**တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ**

- ဒုတိယအမြင့်ဆုံးတရားရုံး
- တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် (၁၄)ရုံး

**ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသတရားရုံးများ**

- ဒုတိယအနိမ့်ဆုံးတရားရုံး
- ခရိုင်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတရားရုံး ၇၂ ရုံး

**မြို့နယ်တရားရုံးများ/ဥပဒေအရ တည်ထောင်သည့် အခြား တရားရုံးများ**

- မူလတရားရုံး
- မြို့နယ်တရားရုံး ၃၃၀ ရုံး
- အခြားတရားရုံး ၂၂ ရုံး

**အများပြည်သူ၏တရားမျှတမှုလက်လှမ်းမီရေး**

မဟာဗျူဟာစီမံကိန်းများအကြောင်း ဖတ်ရသည်။ ကျွန်တော်စိတ်ဝင်စားသော "အများပြည်သူ၏တရားမျှတမှု လက်လှမ်းမီရေး" ကဏ္ဍကိုတွေ့ပါပြီ။ အများပြည်သူအတွက် တရားမျှတမှုလုပ်ပေးခြင်းဖြစ် ပါသည်။ တကယ်လုပ်နိုင်ပါပြီလား။ ပြည်သူတွေ တကယ် လက်လှမ်းမီရဲ့လား။

ကောင်တာများထားရှိပေးပါသတဲ့။ အများပြည်သူကိုယ်တိုင် သတင်းအချက်အလက် ရယူနိုင်သည့် ကောင်တာများထားရှိပေးပါသည်တဲ့။

ဦးစားပေးအဆင့် (**အထူးအရေးကြီး**) သတ်မှတ်ထားပါသည်။

တိုးချဲ့ရှေ့ပြေးတရားရုံးများတွင် သတင်းအချက်အလက် ဖြန့်ဖြူးရန် စားပွဲကောင်တာများ ထားရှိပေးခြင်းလုပ်ငန်းစဉ်ပါ။

ရှေ့ပြေးတရားရုံးများတွင် ဥပဒေအထောက်အကူပြု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်ပေးခြင်း ဖြစ်ပါသည်။ (**၂၀၁၇ခုနှစ်မှာ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ**)

**ရလဒ်တိုင်းတာခြင်း**

ရလဒ်တိုင်းတာသည့်အခါ ဆန်းစစ်ချက်အရ မူလရှေ့ပြေး တရားရုံးများတွင် ၅ရာခိုင်နှုန်းမှ ၆၆ ရာခိုင်နှုန်းအထိ တိုးချဲ့ ရှေ့ပြေးတရားရုံးများတွင် ၆၃ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်ဟု ဆိုပါသည်။ (**နောက်ဆက်တွဲ ဇ**)

**ဆက်ဆံပြောဆိုမှု**

ယဉ်ကျေးလိုက်လျောစွာ ဆက်ဆံပေးရေးသည် အထူးအရေးကြီးလှပါသည်။ အသက်တစ်ရာမနေရ၊ အမှုတစ်ရာ ကြုံရတတ်စမြဲပါ။ အမှုအခင်းဖြစ်၍ စိတ်ညစ်နေသည့်အထဲ ဟိုလူကဆူ၊ ဒီလူကဆဲ၊ အမာန်အမဲတွေနှင့်ကြုံရသောအခါ တစ်ပူကိုနှစ်ပူဆင့်တတ်ပါသည်။

**ထို့ကြောင့်ပြည်သူများ၊ တရားစွဲဆိုသူများနှင့် တရားစွဲဆိုခြင်းခံရသူများ အားလုံးကို ယဉ်ကျေးလိုက်လျောစွာ ဆက်ဆံပေးရန်**

ဤအချက် အရေးကြီးသည်။

မဟာဗျူဟာကျသည်။ လက်တွေ့မှာ ပြောသလောက် မလွယ်။ တကယ်စေတနာနှင့်လုပ်မှ ဖြစ်သည်။ ယဉ်ယဉ်ကျေးကျေး ဆက်ဆံပြောဆိုလျှင် အလုပ်တစ်ဝက်ပြီးသည်။ မဟာဗျူဟာအရ ဆက်ဆံပြောဆိုရေးသင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးနေရသည်။ ဝန်ဆောင်မှုပြုနေရသည်။ အစီအစဉ်တွေ မြှင့်တင်ပေးနေရသည်။ **အထူးအရေးကြီး** ဟု ဦးစားပေးအဆင့် သတ်မှတ်ထားသည်။ ရလဒ်တိုင်းတာမှု ကျေနပ်ဖွယ်ပါ။ အပြည့်အဝတော့ မဖြစ်သေး။ ကြိုးစားရဦးမည်။

**ဆက်လက်သုံးသပ်စရာများ**

၂၀၁၇ အစီရင်ခံစာမှာ အတော်စုံလင်သည်။ ဆက်လက် သုံးသပ်စရာများ ကျန်သေးသည်။ အမှုအမျိုးအစား၊ စွဲဆိုမှု၊ ရာခိုင်နှုန်းကအစ ဖော်ပြသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အဆင့်၊ ပြည်နယ်/ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စသည်စသည် ဖြစ်ပါသည်။

ဇယားကားချပ်တွေ၊ စာရင်းဇယားတွေ၊ ပုံစံတွေ၊ ရောင်စုံခြယ်၍ပြသည်။ အတိုင်းအတာ၊ ရည်ရွယ်ချက်၊ အချက်အလက် အရင်းအမြစ်၊ အခြေခံစည်းမျဉ်း၊ ရည်မှန်းကာလတွေလည်း ထောက်ပြသည်။ အားသာချက်၊ အားနည်းချက်တွေကို မခြွင်းမချန် ဖော်ပြသည်။ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ပုံနှိပ်သည်။ အဆိုးမြင်သူတွေလည်း ပွင့်လင်းမြင်သာ ထောက်ပြနိုင်ကြပါပြီ။

**စေတနာ**

၂၀၁၇ တရားရုံးနှစ်စဉ်အစီရင်ခံစာအပေါ် ကျွန်တော်၏ ပဏာမတွေ့ရှိသုံးသပ်ချက်ဖြစ်ပါသည်။ ဤဆောင်းပါးတစ်ပုဒ်ထဲနှင့် မပြည့်စုံနိုင်။ ဆက်လက်သုံးသပ်တင်ပြပါဦးမည်။

တရားရုံး၏ တန်ဖိုးများပို၍ပို၍မြင့်မားလာတော့မည်ဟု တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

**"တရားစီရင်ရေးအပေါ် အများပြည်သူ ယုံကြည်ကိုးစားမှု တိုးတက်စေရန် အလေးအနက်ခံယူထားကြောင်း ဖော်ပြသည်၊ ထို့ကြောင့် ၂၀၁၇ တရားရုံးနှစ်စဉ် အစီရင်ခံစာသည် သိသာထင်ရှားစွာ ပြည်သူသို့တင်ပြစာအဖြစ် ကျွန်တော် သုံးသပ်သည်"**

# မိုးမိတ်မြို့နှင့် ရသေ့တောင်မြို့တို့အပါအဝင် အနီးဝန်းကျင်ကျေးရွာများ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီ

**နေပြည်တော် မေ ၁၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လျှပ်စစ်ဓာတ်အား မရရှိသေးသော မြို့များနှင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အတိုးမဲ့(သို့မဟုတ်) အတိုးနှုန်းသက်သာသော နှစ်ရှည် ချေးငွေများချေးယူ၍ လည်းကောင်း၊ ပြည်ထောင်စု ဘတ်ဂျက်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရဘတ်ဂျက်များဖြင့် လည်းကောင်း ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ နှစ်အလိုက် စီမံချက်များ ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိရာ ယခင်ဒီဇယ် ဓာတ်အားပေးစက်များဖြင့် ဓာတ်အား ပေးထားသော ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့ပေါ်ရှိ ရပ်ကွက် လေးခုကို မတ်လ ၂၅ ရက်တွင် လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင် မြို့ပေါ်ရပ်ကွက် လေးခုကို မတ်လ ၂၆ ရက်တွင် လည်းကောင်း ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

### ယခင်က တစ်ရက်လျှင် သုံးနာရီနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်

ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့အား ယခင်က ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် တစ်လုံးဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ရှစ်မိုင် တည်ဆောက်ကာ မြို့ပေါ် ရပ်ကွက် လေးရပ်ကွက်တွင် စုစုပေါင်း အိမ်ထောင်စု ၆၀၈ စုကိုသာ တစ်ရက်လျှင် သုံးနာရီနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားနိုင်ခဲ့ပြီး မိုးမိတ်မြို့သို့ ဓာတ်အားစနစ်ဖြင့် ဓာတ်အားပေးနိုင်ရေးအတွက် ၆၆ ကေဗွီ မိုးကုတ်-မိုးမိတ် ဓာတ်အားလိုင်း ၂၄ ဒသမ ၆၅ မိုင်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ကာ မိုးမိတ်မြို့တွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံကို နိုင်ငံတော် အစိုးရ ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ၆၆ ကေဗွီ မိုးကုတ်-မိုးမိတ် ဓာတ်အားလိုင်းအား မတ်လ ၂၄ ရက်တွင် လည်းကောင်း၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအား မတ်လ ၂၅ ရက်တွင် ယခင်မီးစက်ဖြင့် ဓာတ်အားပေးထားသော မြို့ပေါ်လေးရပ်ကွက်အား ၂၄ နာရီ ဓာတ်အားစတင် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ထို့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာ ၁၁ ရွာကို လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၁၁ကေဗွီ ဓာတ်အားလိုင်း ၉ ဒသမ၄၈ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၆ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ဓာတ်အားခွဲရုံ ပေါင်း ၂၀ ကို တည်ဆောက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း မိုးမိတ်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၀ ဒသမ ၈ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၇ ဒသမ ၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ဓာတ်အားခွဲရုံလေးခုကို ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့်ပင် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

### ဓာတ်အားစနစ်ဖြင့် ၂၄ နာရီဓာတ်အားပေး

ယခုအခါ ယခင်မီးစက်ဖြင့် ဓာတ်အားပေးထားသော မြို့ပေါ်ရပ်ကွက်များရှိ ဓာတ်အားသုံးစွဲသူများအပါအဝင် ဓာတ်အားသုံးစွဲသူ စုစုပေါင်း ၇၈၄ ဦးအား ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ ပုံမှန် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ထပ်မံ၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ ၁၄ ရွာရှိ အိမ်ထောင်စုပေါင်း ၄၈၀၁ စုခန့် ကို မကြာမီ ဓာတ်အားဆက်လက် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့အား ယခင်က ဒီဇယ်ဓာတ်အားပေးစက် ၅၀၀ ကေဗွီအေတစ်လုံးနှင့် ၂၀၀ ကေဗွီအေ တစ်လုံး စုစုပေါင်း ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံးဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ၅ ဒသမ ၅ မိုင် တည်ဆောက်ကာ မြို့ပေါ်လေးရပ်ကွက်တွင် စုစုပေါင်း အိမ်ထောင်စု ဦးရေ ၉၈၆ ဦးကို တစ်ရက်လျှင် ၅ နာရီနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားနိုင်ခဲ့ကြောင်း၊ ရသေ့တောင်မြို့နယ်သို့ ဓာတ်အားစနစ်ဖြင့် ဓာတ်အားပေးနိုင်ရေးအတွက် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၂ မိုင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး ရသေ့တောင်မြို့တွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံကို နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့ပေါ် လေးရပ်ကွက် အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၃ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ခုနစ်လုံးကို ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ကြိုတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း ကျေးရွာ ကိုးရွာအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၁၈ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၅ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၅ လုံးတို့အား ပြည်နယ် အစိုးရ ရန်ပုံငွေဖြင့် လည်းကောင်း၊ ကျေးရွာ ၁၇ ရွာအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၃၀ ဒသမ ၉၃ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၀ ဒသမ ၅၃၉ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ ၂၂ လုံးတို့အား နိုင်ငံတော်သမ္မတ အထူးရန်ပုံငွေများဖြင့် လည်းကောင်း အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ဓာတ်အားစတင်ပို့လွှတ်

ရသေ့တောင်မြို့သို့ ဓာတ်အားစနစ်ဖြင့် ဓာတ်အားပေးနိုင်ရေးအတွက် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်းကို မတ် ၂၅ ရက် နံနက် ၁၀ နာရီ ၂၉ မိနစ်တွင် ဓာတ်အား စတင်ပို့လွှတ်ပြီး ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံကို မတ် ၂၅ ရက်နံနက် ၁၁ နာရီတွင် လည်းကောင်း၊ မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာသုံးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ရှစ်မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၉ ဒသမ ၅ မိုင်နှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၀ လုံးနှင့် မီးသုံးစွဲသူ ဦးရေ ၁၃၁၆ ဦးတို့အား မတ်လ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ၂၄ နာရီ ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ထပ်မံ၍ ရသေ့တောင်မြို့နယ်ရှိ ကျေးရွာ ၂၆ ရွာ၊ အိမ်ထောင်စုဦးရေ ၅၉၁၈ ဦး အနက် ကျေးရွာ ၁၃ ရွာအား မေ ၅ ရက်တွင် ဓာတ်အားဖြန့်ဖြူးပေးထားပြီး ကျန်ရှိသည့် ၁၃ ရွာ အိမ်ထောင်စု ဦးရေ ၂၂၆၇ ဦးအား မကြာမီဓာတ်အား စနစ်မှ ဆက်လက် ဓာတ်အားဖြန့်ဖြူးပေးမည် ဖြစ်သဖြင့် ဒေသနေပြည်သူများ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့် ကဏ္ဍအားလုံးတွင် ဘက်ပေါင်းစုံ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း လျှပ်စစ်ဓာတ်အား မရရှိသေးသော ပြည်သူများ ဓာတ်အား ပြည့်ဝစွာရရှိရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း



၆၆ ကေဗွီ မိုးကုတ်-မိုးမိတ် ဓာတ်အားလိုင်း

# ထိုင်းနိုင်ငံတောင်ပိုင်းရှိ မြန်မာသစ်စက်လုပ်သားအများစု မကြာမီအလုပ်လက်မဲ့ ဖြစ်ပေါ်နိုင်

**စူရတ်ဌာနီ မေ ၁၅**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ သစ်စက်များမှ ထွက်ရှိသည့် သစ်သားများကို အဓိက ဝယ်ယူနေသည့် တရုတ်နိုင်ငံမှ သစ်ကုမ္ပဏီ ဒေဝါလီခံလိုက်ရသည့် ဖြစ်စဉ်များကြောင့် ထိုင်းသစ်လုပ်ငန်းအများစုမှာ လုပ်ငန်းလည်ပတ်မှု ရပ်စဲလုနီးပါး အခြေအနေသို့ ရောက်လာပြီဖြစ်ကြောင်း ထိုင်းသစ်ထုတ်လုပ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။ ထိုင်းတောင်ပိုင်းဒေသရှိ အချို့သော သစ်ထုတ်လုပ်ရေးလုပ်ငန်းများမှာ လုပ်ငန်းလည်ပတ်မှု ရပ်စဲသွားပြီဖြစ်သလို အချို့လုပ်ငန်းများမှာ ယခုအခြေအနေကို ဆက်လက်တောင့်ခံထားနေကြသော်လည်း လအနည်းငယ်မျှသာ တောင့်ခံနိုင်မည့်အခြေအနေ ရှိနေပြီး သစ်စက်လုပ်ငန်းများ ရပ်စဲသွားပါက အဆိုပါလုပ်ငန်းများတွင် လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ အနေဖြင့်လည်း အလုပ်မရှိတော့မည့်အခြေအနေကို ကြုံတွေ့နေရကြောင်း သိရသည်။

"ဆူရတ်က သစ်စက်တော်တော်များများ ပိတ်သွားကြပြီး ကျွန်တော်လုပ်နေတဲ့ သစ်စက်လည်း ဘယ်နေ့ပိတ်မလဲဆိုတာ ရင်တထိတ်ထိတ်နဲ့ လုပ်နေရတယ်၊ ကျွန်တော်တို့ကိုပို့ပေးတဲ့ အေဂျင်စီနဲ့လည်း ဆက်သွယ်ထားတယ်၊ တကယ်လို့ လုံးဝ အခြေအနေမကောင်းတော့ရင်တော့ အခြားအလုပ်ကို ပြောင်းရွှေ့ပေးမယ်လို့တော့ ပြောတယ်"ဟု မြန်မာနိုင်ငံသား သစ်စက်အလုပ်သမားတစ်ဦးဖြစ်သူ ကိုဝေအောင်က ပြောသည်။

ယခုဖြစ်စဉ် အခြေအနေများနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံတောင်ပိုင်းရှိ သစ်စက်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများသည် စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိပြီး အလုပ်သမားသံအရာရှိထံသို့ ဆက်သွယ်အကူအညီ တောင်းခံလာမှုများလည်း ရှိနေကြောင်း သိရသည်။

"ထိုင်းတောင်ပိုင်းမှာဖြစ်နေတဲ့ ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အလုပ်သမားတွေ နစ်နာမှုမရှိစေရန် ဥပဒေအတိုင်း အကျိုးခံစားခွင့်တွေရရှိဖို့ ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးဖို့ရှိပါတယ်၊ အကယ်၍များ အခုဖြစ်ပေါ်နေတဲ့အခြေနေတွေနဲ့ ပတ်သက်လို့အကူအညီလိုအပ်တဲ့ အလုပ်သမားတွေ အနေနဲ့လည်း အလုပ်သမားသံအရာရှိရုံးသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါတယ်"ဟု အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက ပြောသည်။

ထိုင်းတောင်ပိုင်းရှိ သစ်လုပ်ငန်းများ အနေဖြင့် ဈေးကွက်အသစ် ထပ်မံမရှာဖွေနိုင်ပါက သစ်လုပ်ငန်းအများအပြားမှာ ပိတ်သိမ်းရမည့် အခြေအနေသို့ ရောက်လာနိုင်ပြီး အဆိုပါလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမား အများအပြားလည်း အလုပ်လက်မဲ့ အခြေအနေများသို့ ရောက်ရှိသွားနိုင်သည်။

မြန်မာအလုပ်သမားများ အနေဖြင့် ထိုင်းနိုင်ငံတွင် အလုပ်သမားအခွင့်အရေး ဆုံးရှုံးနစ်နာမှုများနှင့် အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရမှုများရှိပါက အလုပ်သမား သံအရာရှိများဖြစ်သည့် ဦးစန်းမောင်ဦး- ၀၉၄၈၈၄၅၄၈၄၊ ဦးသန်းနိုင်-၀၆၅၂၂၀၆၉၅၂၊ ဦးဇော်မင်းအောင် (ရနောင်း)-၀၆၅၂၂၀၆၉၅၁၊ ဦးဦးခင်မောင်(ချင်းမိုင်)-၀၉၉၀၅၉၂၃၅၂၊ ဦးအောင်မင်း(မဲဆောက်)- ၀၆၅၂၂၀-၆၉၅၃ တို့ထံသို့ ဆက်သွယ် အကူအညီ တောင်းခံနိုင်သလို ဖုန်းဆက်သွယ်မှုအပြင် အလုပ်သမားသံအရာရှိရုံး၏ Facebook Page ဖြစ်သည့် LA-Thailand မှ တစ်ဆင့်လည်းကောင်း၊ Line နှင့် Viber တို့မှ ဆက်သွယ်၍လည်းကောင်း အကူအညီတောင်းခံနိုင်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ထုတ်ပြန်ထားချက်အရ သိရသည်။ **၁၃၈**




ထိုင်းနိုင်ငံတောင်ပိုင်း သစ်စက်တစ်ခုမှ မြန်မာအလုပ်သမားများ၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်။

## ပြည်သူ့စကားဝိုင်း ကျင်းပ

**ကျောက်တန်း မေ ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်သော သက်ငယ်မုဒိမ်းကာကွယ်စောင့်ရှောက်ရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၁၂ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က အမှာစကားပြောကြားပြီး တရားလွှတ်တော်ရှေ့နေ ဒေါ်ရည်နွယ်ထွန်းနှင့် အခရာအမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်စုမွန်တို့က သက်ငယ်မုဒိမ်းဖြစ်စဉ်အကြောင်းအရာများနှင့် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက သက်ငယ်မုဒိမ်းမှုများကို ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရန် လွှတ်တော်တွင် ဆွေးနွေးခြင်းများနှင့် သက်ငယ်မုဒိမ်းပပျောက် စေရန်အတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များနှင့် ပြည်သူလူထုပူးပေါင်းစွမ်းအားဖြင့် ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားရာ တက်ရောက်လာကြသူများကလည်း သိလိုသည်များကို ပါဝင်ဆွေးနွေးကြသည်။

**စိုးဝင်း (ကျောက်တန်း)**

## ဒလ-ရန်ကုန် စက်တပ်သမ္ဗန်များ၌ ဗောကွင်းများ ထားရှိခြင်းက ခရီးသွားများ၏ အသက်လုံခြုံမှုကို ပိုမိုကာကွယ်နိုင်

**ဒလ မေ ၁၅**

ဒလမြို့နယ်မှ ရန်ကုန်မြို့သို့ ခရီးသည် ပို့ဆောင်ပြေးဆွဲလျက်ရှိသော စက်တပ်သမ္ဗန်ငယ်များတွင် အသက်ကယ်ဗောကွင်းများ ထားရှိပေးခြင်းက ခရီးသွားများ၏ အသက်အန္တရာယ်ကို ပိုမိုကာကွယ်မှုပေးနိုင်ကြောင်း ခရီးသည်များထံမှ မေ ၁၄ ရက်က သိရသည်။



ဒလမြို့နယ်မှ ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ချယ်ရီသင်္ဘောကြီးများဖြင့် ပြေးဆွဲပေးလျက်ရှိသော်လည်း ခရီးသည်အများစုမှာ စက်တပ်သမ္ဗန်ငယ်များကိုသာ အားထားစီးနင်းနေရဆဲဖြစ်ကြောင်းနှင့် အသက်အန္တရာယ်နှင့် နီးကပ်သော်လည်း အချိန်ကုန်မှု သက်သာသောကြောင့် ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ်မှ ရန်ကုန်မြို့သို့ ပြေးဆွဲလျက်ရှိသော စက်တပ်သမ္ဗန်ဆိပ်များမှာ ၁၁ ခုရှိပြီး သမ္ဗန်များတွင် အသက်ကယ်အင်္ကျီများ ထားရှိပေးသော်လည်း အင်္ကျီများမှာ ဟောင်းနွမ်းနေသောကြောင့် မည်သည့်ခရီးသည်များမှ ဝတ်ဆင်ခြင်းမရှိကြောင်း၊ အသက်ကယ်အင်္ကျီ သမ္ဗန်စီးနင်းနေစဉ် ဝတ်ဆင်မှုမရှိခြင်းကြောင်း၊ မတော်တဆဖြစ်စဉ်များတွင် ခရီးသည်များ အသက်ဆုံးရှုံးနေရဆဲဖြစ်ကြောင်း၊ အသက်ကယ်ဗောကွင်းများ ထားရှိပေးမည်ဆိုပါက အသက်ကယ်ဗောကွင်း တစ်ခုလျှင် ခရီးသည် သုံးဦးအထိ လုံခြုံမှုပေးနိုင်ကြောင်း သိရသည်။

သမ္ဗန်ငယ်များတွင် ယခင်က ဗောကွင်းများ ထားရှိပေးဖူးသော်လည်း တာဝန်ရှိသူများ၏ညွှန်ကြားချက်များအရ အသက်ကယ်အင်္ကျီ ပြောင်းလဲထားရှိပေးခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အသက်ကယ်ဗောကွင်းများကိုသာ ပြန်လည်ထားရှိပေးခြင်းကသာ ခရီးသွားများ၏ အသက်အန္တရာယ်ကို ပိုမိုလုံခြုံမှုပေးနိုင်ကြောင်း ခရီးသွားများ၏ ပြောကြားချက်အရ သိရသည်။

**မောင်ယဉ်ဦး (ဒလ)**

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေး ဆွေးနွေး

**ရန်ကုန် မေ ၁၅**

၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရန်ကုန်တိုင်းဒေသကြီးဘဏ်ခွဲ၌ မေ ၁၃ ရက်က ပြုလုပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်နီလာရွှေ၊ တိုင်းဒေသကြီးမန်နေဂျာ ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ ၁၂ ခုတို့မှ မြို့နယ်မန်နေဂျာများ တက်ရောက်ကြသည်။

စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၇ ရက်မှစ၍ မြို့နယ်ဘဏ်ခွဲတိုင်းတွင် ထုတ်ချေးရေး၊ ၂၀၁၈ ခုနှစ် မေ ၊ ဇွန် နှစ်လနှင့် အပြီးသတ်ထုတ်ချေးရေး၊ ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို စပါးတစ်ဧကေ ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် အချိန်စေ့ရောက်သော ချေးငွေများပြေကျေသည့် တောင်သူလယ်သမားတစ်ဦးချင်းသို့ မြို့နယ်ဘဏ်ခွဲများတွင် ထုတ်ချေးသွားမည်ဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၁၈ မိုးစပါးချေးငွေအတွက် ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ် ၁၂ မြို့နယ်အတွက် ငွေကျပ်သိန်း ၄၇၈၀၀၀၀ ကနဦး ခွင့်ပြုထုတ်ချေးပေးသွားမည်ဖြစ်ပြီး လိုအပ်သော ချေးငွေရန်ပုံငွေများကို ဆက်လက်ခွင့်ပြု ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ယခု ၂၀၁၈ မိုးချေးငွေအတွက် အစုအဖွဲ့မရှိတော့ဘဲ တောင်သူလယ်သမားတစ်ဦးချင်းက ပုံစံ (၇) မူရင်းကို ဘဏ်သို့ တင်သွင်းအပေါင်ခံပေးရမည်ဖြစ်ပြီး ချေးငွေပြန်ဆပ်ပြီးသည်နှင့် ဘဏ်မှ ပုံစံ (၇) မူရင်းကို တောင်သူသို့ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကြီးတိုင်းကျေးရွာနှင့် ညောင်ဇစ်ကျေးရွာသို့ ဆက်သွယ်သော တေဇတံတားဖွင့်

**မကွေး မေ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကြီးတိုင်းကျေးရွာနှင့် ညောင်ဇစ်ကျေးရွာကို ဆက်သွယ်ထားသော ကျေးလက်တေဇတံတားဖွင့်ပွဲကို မေ ၁၁ ရက်က တံတားတည်ရှိရာ ကြီးတိုင်းနှင့် ညောင်ဇစ်ကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဂျပန်အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JIP) မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေလင်းတို့က အမှာစကားပြောကြားပြီး တေဇတံတားကို ဂျပန်အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JIP)မှ ဒုတိယဥက္ကဋ္ဌ Mr. As AKURA Hajime က တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံသို့ ပေးအပ်သည်။

ယနေ့ ဖွင့်လှစ်ပေးလိုက်သည့် တံတားသည် ဂျပန်အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က (JIP)၏ စီမံမှုဖြင့် ပြည်သူတို့၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ ဘိုးပိုင်သံကူကွန်ကရစ် ကြမ်းခင်း ငုပ်လျှိုးတံတားဖြစ်သည်။ တံတားအရှည်မှာ ၉၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၄ မီတာနှင့် တံတားခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်ကြောင်း သိရသည်။

ယခုတံတားကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေလတွင် ပြီးစီးခဲ့သည်။ ကုန်ကျငွေမှာ ၂၀၃ ဒသမ ၇၈ သန်းဖြစ်ကြောင်း သိရသည်။

"ယခုကဲ့သို့ ငုပ်လျှိုးတံတားအဖြစ် ရွေးချယ်တည်ဆောက်ခဲ့ခြင်းမှာ ဒေသတွင်း ထူးကဲရေကြီးသည့်အချိန်၌ ရေအောက်သို့ နစ်မြုပ်နေမည်ဖြစ်ပြီး သစ်တုံးနှင့် ဒိုက်ဖက်များသည် တံတားပေါ်မှ ကျော်၍ သွားမည်ဖြစ်ကြောင်း၊ တံတာကြမ်းခင်း(ရက်မ)၏ အောက်ခြေသည် မိုးရာသီကာလ ပုံမှန်တက်နေသည့်ရေတက်မှတ်ထက်မြင့်၍ တည်ဆောက်ထားကြောင်း၊ ထို့ကြောင့် အများပြည်သူတို့သည် သွားလာဖြတ်သန်းမှုအတွက် ထူးကဲရေကြီးသည့် အချိန်မှလွဲ၍ အခက်အခဲမရှိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း" ကို တံတားတည်ဆောက်ခဲ့သည့် တာဝန်ရှိအင်ဂျင်နီယာတစ်ဦးက ပြောသည်။

အဆိုပါဒေသသည် ယခင်က မိုးရာသီကာလများတွင် သွားလာရေးလွန်စွာခက်ခဲခဲ့ရာမှ ယခုတံတား၏ တစ်ဖက်ကမ်းရှိ ကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၁၁၂၀၊ လူဦးရေ ၄၅၀၀ ကျော်တို့သည် အဆိုပါ တံတားပေါ်မှ ဖြတ်သန်း၍ ရေဖြူ၊ ထန်းရုံ၊ ကြီးတိုင်း၊ ညောင်ဇစ်၊ မြောက်တော၊ ကျေးလက်လမ်းမှတစ်ဆင့် သရက်နှင့် မင်းလှသို့ လွယ်ကူစွာဖြင့် ဆက်သွယ်သွားလာနိုင်ကြတော့မည်ဖြစ်သည်။

**ခရမ်း-စိုးမြင့်**


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် 8E/7957, Ngwe Kyair Sin L/T(css-007),p/u(4×2)ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီစီရောင်း ၁၂/ဗတထ(နိုင်)၀၂၄၈၅၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/3770 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ကနဦး**
**ယာဉ်မှတ်ပုံတင်ဌာန(ထောက်ကြန့်)**

### အမည်ပြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ သီတဂူလမ်း၊ အမှတ်(၅/၁၅၂/က)နေ ဦးကျော်ဇေယျာဝင်းနှင့် ဒေါ်ကေခိုင်တင်တို့၏သမီး မဝင်းလဲ့သဒ္ဓါအား မသွန်းဝတီဦးဟု ပြောင်းလဲခေါ်ပါရန်။

**မသွန်းဝတီဦး**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ မောက်သရက်(မ)ရွာ အလက(ခွဲ) စတုတ္ထတန်းမှ မအေးစုပြည့်၏ ဖခင်အမည်မှန်မှာ မောင်ညွန့်ဝင်း ၅/ကလထ(နိုင်)၂၀၂၉၉ ဖြစ်ပါကြောင်း။ **မောင်ညွန့်ဝင်း**

### အမည်ပြောင်း

မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်မင်္ဂလာလမ်းနေ ဦးအေးကြိုင် ၁၄/လမန(နိုင်)၀၅၀၄၀၈၏သား အထက(၂)ရန်ကင်း သတ္တမတန်း(D)မှ မောင်မင်းသီဟဇော်အား မောင်ဖြိုးပြည့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖြိုးပြည့်**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာ အထကခွဲ(၆) သတ္တမတန်း အောင်မှ မသံစဉ်ချို၏ ဖခင်အမည်မှန်မှာ ဦးဇေယျာလင်း ၁၀/မလမ(နိုင်)၁၄၂၄၆၀ ဖြစ်ပါကြောင်း။

**ဦးဇေယျာလင်း**

### မိဘအမည်မှန်

ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ အလက(ခွဲ)၊ ဖလပ်(၁)မှ စတုတ္ထတန်းအောင် မသမီးလေး၏ မိဘအမည် မှန်မှာ မောင်ထူး ၁၀/ပမန(နိုင်)၂၅၄၆၈၈ နှင့် ဒေါ်အိမီး ၁၀/ပမန(နိုင်)၂၅၄၆၈၉ တို့ ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

ကျွန်မအေးနှင်းဆွေ ၁၂/ဒဂန(နိုင်)၀၂၂၆၂၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၅၄၂၀၀**

### အကောက်ခွန်ဦးစီးဌာန
### ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ


၁။ အကောက်ခွန်ဦးစီးဌာနမှ တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော လူသုံး ကုန်ပစ္စည်းများ၊ ကားအပိုပစ္စည်းများ၊ ကြွေပြားများနှင့် လျှပ်စစ်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) **ရက်/အချိန်** - ၂၄-၅-၂၀၁၈ရက်၊ ၁၀း၃၀ နာရီ
(ခ) **နေရာ** - အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ
(ဂ) **ပစ္စည်းအမျိုးအမည်** - လူသုံးကုန်ပစ္စည်းများ၊ ကားအပိုပစ္စည်းများ၊ ကြွေပြားများနှင့် လျှပ်စစ်ပစ္စည်းများ
(ဃ) **လေလံပုံစံရောင်းချခြင်း** - လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်း ပူးတွဲလျက်)တစ်စုံလျှင် (၅၀၀၀)(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ၂၁-၅-၂၀၁၈ ရက်မှ ၂၃-၅-၂၀၁၈ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(င) **ပစ္စည်းပြသမည့်အချိန်** - လေလံပုံစံဝယ်ယူပြီးသူများအား၂၁-၅-၂၀၁၈ ရက်၊ ၂၂-၅-၂၀၁၈ရက်နှင့် ၂၃-၅-၂၀၁၈ ရက် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ သုံးရက် ပြသပါမည်။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ ဖုန်း(၀၁-၂၂၇၅၃၁)၊ (၀၉-၂၆၃၉၅၅၈၀၉)တို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

### အမြန်ဆက်သွယ်ပါရန်



အထက်ပါဓာတ်ပုံရှင် မနှင်းနှင်း(ခ) မနှင်းနှင်းဝေ အသက်(၁၉)နှစ် (ဘ) ဦးဇော်ဝင်းနိုင်(မှတ်ပုံတင်မရှိ) အထည်ဆိုင် အလုပ်သမားသည် ၇-၅-၂၀၁၈ ရက် နံနက်ပိုင်းတွင် မိခင်ထံ ငွေပို့ရန်သွားရောက်ရာမှ ပျောက်ဆုံးသွားပါသဖြင့် စိတ်ပူလျက်ရှိပါသည်။ မနှင်းနှင်းဝေမှ ဆက်သွယ်ပါရန်နှင့် တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဒေါ်အေးအေးနွယ်**
**၁၂/သလန(နိုင်)၀၈၆၂၇၉**
**ဖုန်း-၀၉-၂၆၁၅၀၄၀၆၀**

### ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား မိမိတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဥဇ္ဇနာလမ်း၊ မြသီတာအိမ်ရာ၊ အမှတ်(၁အေ/၂၂)တွင် တည်ထောင်ဖွင့်လှစ်ထားသော KAY SISTERS Co.,Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၂၃၆/၂၀၁၇-၂၀၁၈(ရက))သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

**မှတ်ပုံတင်နံပါတ်အမှတ်-၄/၄၁၀၄/၂၀၁၈**

အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ပိတ်စအမျိုးမျိုး၊ အထည်အလိပ်အမျိုးမျိုး၊ ရုပ်အင်္ကျီအမျိုးမျိုး၊ အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ အဝတ်အထည်အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင်ထုတ်လုပ်၊ ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုပ်ပိုးပစ္စည်းများ၊ စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်၊ ဘလောက်၊ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ အင်တာနက်၊ ဝက်ဘ်ဆိုက် အစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါအမှတ်တံဆိပ် အမည်အမှတ်အသားများကို စာရွက်စာတမ်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန် အမျိုးမျိုးတို့ဖြင့် ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ၊ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို တိုက်ရိုက်၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေ၍သော်လည်းကောင်း တုပသုံးစွဲခြင်း မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက ကုမ္ပဏီ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအရပ်ရပ်အတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**KAY SISTERS Co.,Ltd. ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်ယဉ်ကြည် (LL.B,(စဉ်-၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၈၆၅၊ သရေခေတ္တရာ ၂၂ လမ်း၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄**

### အောင်ပြည့်စုံ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770, 09-5039562

### ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ (၂၉) ရပ်ကွက်၊ ခနအောင်လမ်းသွယ်၊ အမှတ် (၁၂၇)နေ ဒေါ်ဖြူမွန်သိန်း (၁၂/သကတ(နိုင်)၁၅၈၃၄၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

carus

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်သည် ဒေါ်ဖြူမွန်သိန်း၏ တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၅၀၇၁/၂၀၁၈ ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ်ဖြင့် ကြမ်းခင်း၊ ကြွေပြား၊ ကျောက်ပြား၊ ပါကေး အစရှိသော ဆောက်လုပ်ရေးအလှဆင်သုံး ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်မည်ဖြစ်ကြောင်းနှင့် ယင်းကုန်ပစ္စည်းများတွင် ၎င်းအမှတ်တံဆိပ်ကို ဖိနှိပ်၊ ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံစံတူ ဆင်တူယိုးမှားသော်လည်းကောင်း၊ သွယ်ဝိုက်တုပ၍သော်လည်းကောင်း ပြုလုပ်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ရောင်းချသည်ကို တွေ့ရှိရပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းယုနွယ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၄၃၈၂)**
**အမှတ် (၄၄၄)၊ F-3၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်။**
**ဖုန်း-၀၉ ၄၄၃၂၀၆၂၄၄။**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်း၊ မြေတိုင်း ၂၃၊ ခရေ လမ်း၊ မြေကွက်အမှတ်(၁၁၄၇)၊ မြေအကျယ်ပေ (၄၀×၆၀)မြေကွက်အား မြေငှားစာချုပ် အမည်ပေါက် လက်ရှိထားပိုင်ဆိုင်သူ ဦးတင်ရွှေ ၁၂/ထတပ(နိုင်)၀၅၅၀၄၈ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝင်းမြိုင် ၉/တသန(နိုင်)၁၂၀၁၀၇က ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်း(စဉ်-၂၂၀၁၉)၊ ဒေါ်ခင်ဖုန်း(စဉ်-၄၄၉၃၅)**
**အထက်တန်းရှေ့နေများ**
**တိုက်(၂)၊အခန်း(၁၀၁)၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ (၇)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်၊**
**ဖုန်း-၀၉-၅၁၈၆၇၉၈၊ ၀၉-၉၇၁၈၉၀၃၇၂**

### ကန့်ကွက်နိုင်ကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၄၉၇)၊ မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်ခင်ဝင်း(ဘ)ဦးတင်အုန်း(ကိုယ်စား)ဒေါ်နှင်းနှင်း(ဘ) ဦးကိုလေး ၉/ပမန(နိုင်)၁၃၈၅၂၈မှ မြေချစလစ်မူရင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ် ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ မြေပေး မိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ကျက်သရေဆောင်
စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ နာယကကြီးဖြစ်သော
ဝဏ္ဏကျော်ထင် စည်သူ ဦးအောင်ကိုဝင်း သည်
ယခုလက်ရှိ စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်စေရန်
ဤ သီရိပုညဝမုန ကုန်းတော်ပေါ်တွင် လှူမှုစီးပွားဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခြင်းငှာ
မသင့်တော်ပါကြောင်း၊ မြို့ဝင်မြို့ထွက်၊ မြို့ဦးမြို့ထိပ်မှာ အောင်အတိတ် အောင်နိမိတ်ဆောင်နိုင်မည့်
အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ခုနစ်ရက်သားသမီးများ
ကြည်ညိုသဒ္ဓါ ပွားနိုင်စေဖို့ ဘုရားစေတီကိုသာ တည်ထားကိုးကွယ်သင့်ပါကြောင်း၊
ကောင်းမြတ်သော အကြံဉာဏ်ကို ကုသိုလ်စိတ်ယှဉ်လျက်
ထိုခေတ် ထိုအခါက တာဝန်ရှိအကြီးအကဲများအား အချိန်မီ တင်ပြပေးနိုင်ခဲ့သည့် ဂုဏ်ကျေးဇူး၊
စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး လိုဏ်ဂူအတွင်းရှိ
ကောဏဂုံရုပ်တော်မူမြတ်စွာဘုရား ရုပ်ပွားတော်တစ်ဆူ သွန်းလုပ်လှူဒါန်းရာတွင် ကျသင့်အလှူငွေအပြင်
မျက်နှာတော်သက်သက် သွန်းလုပ်မှုအတွက် ရွှေစင်ရွှေသား (၁) ပိဿာ (၅)ကျပ်သား တိတိကို
မိသားစုအလိုက်သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့သည့် ဂုဏ်ကျေးဇူး၊
စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး စတင်တည်ဆောက်စဉ်က
ရင်ပြင်တော်တစ်ခုလုံးအား လှူဒါန်းခဲ့သည့် ဂုဏ်ကျေးဇူး၊
စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး၏ အဝင်အထွက်၊ အတက်အဆင်း
မုခ်ဦးကြီးများကို မိသားစုအလိုက် ဆောက်လုပ်လှူဒါန်းခဲ့သည့် ဂုဏ်ကျေးဇူး၊
စူဠာမုနိလောကချမ်းသာ စေတီတော်၊ ဇေတဝန် သာသနာ့ဗိမာန်တော်ကြီးတွင် စံပျော်လျက်ရှိသော
ဗုဒ္ဓမြတ်စွာ ကြေးဆင်းတုတော်ကြီးတစ်ဆူ လှူဒါန်းပူဇော်ပေးသည့် ဂုဏ်ကျေးဇူး၊
ယခုအခါ (၂၀၁၈ ခုနှစ်)တွင် ထပ်မံ၍ စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီး၏
ရင်ပြင်တော်တစ်ခုလုံး ဘက်စုံပြုပြင်မွမ်းမံမှုအတွက်
အလှူတော်ငွေ (၂၄၀၂၈၇၀၀၀)
ကျပ်သိန်းပေါင်း နှစ်ထောင့်လေးရာ နှစ်သိန်း ရှစ်သောင်း ခုနစ်ထောင် တိတိကို
မိသားစုအလိုက် သဒ္ဓါတရားထက်သန်စွာ ကုသိုလ်ပြု လှူဒါန်းခြင်း ဂုဏ်ကျေးဇူး စသည့် စသည့်
များမြတ်လှသော ကျေးဇူးဂုဏ် အထွေထွေအတွက် ဝမ်းမြောက်နမော် သာဓု အကြိမ်ကြိမ် ခေါ်ဆိုအပ်ပါသည်။
နာယကကြီး ဝဏ္ဏကျော်ထင် စည်သူ ဦးအောင်ကိုဝင်း
ဇနီး သီဟသုဓမ္မသိင်္ဂီ၊သီရိ သုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာ သီရိ သုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လှူမှုထူးချွန်ပထမအဆင့်)
သမီး နန်းလိုင်းခမ်း၊ နန်းခမ်းနောင့်၊ နန်းမိုဟွမ်တို့ မိသားစု ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေ၊
လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးကို ဆထက်တိုးပြီး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေဟု
ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

စေတီတော် ဂေါပကအဖွဲ့
စူဠာမုနိလောကချမ်းသာစေတီတော်
တောင်ကြီးမြို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**မုံရွာတက္ကသိုလ်**
**တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) မုံရွာတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) (၃)ထပ်စာသင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း (၂၁၆'×၃၈'×၃၆') RC(ရေမီးအပါအဝင်) (၂၄၆၂၄ စ/ပေ)
(ခ) (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ (၁)လုံးဆောက်လုပ်ခြင်း (၁၀၀'×၂၅') RC (ရေမီးအပါအဝင်)
(ဂ) ဘွဲ့နှင်းသဘင်ခန်းမအတွင်းပိုင်း Air-Con မီးလိုင်းသွယ်တန်းခြင်း (270m) 44, 35mm2, 2-25mm2, 270m အတွင်းမီးလိုင်း IC -6mm2, 1C-4mm2, C-16mm2 (57 Coin) အတွင်းမီးလိုင်း MCCB, MCB, (၁၄)လုံးတပ်ဆင်ခြင်း၊ Air-Con တပ်ဆင်ခြင်း(ကြေးပိုက်) ၃၀၀၀'၊ ရေပိုက် ၃၀၀၀' တပ်ဆင်ခြင်း၊ ဘွဲ့နှင်းသဘင်ခန်းမ 300KVA 120mm2 (150m) မီးစက်တပ်ဆင်ခြင်း၊ အပြင်မီးလိုင်း Chain Over 400A သွယ်တန်းခြင်း၊ Air-Con (Ceiling Type) (14Nos), Aircon (Floor Standing Type) (14 Nos), Aircon (Split Type (4Nos) တပ်ဆင်ခြင်းအပါအဝင်

၂။ **တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၁၈ရက် (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်** - ၂၈-၅-၂၀၁၈ရက် ညနေ ၄း၃၀နာရီထိ

၃။ အသေးစိတ်သိရှိလိုပါက မုံရွာတက္ကသိုလ်၏ ဘဏ္ဍာဌာန ဖုန်း-၀၇၁-၂၁၂၆၁ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မုံရွာတက္ကသိုလ်**

---

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## လစာခေါင်းစဉ်မှ ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

* **အကျုံးဝင်သည့် ဝင်ငွေများ**။ မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့်လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့် လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်ဖြစ်ပါသဖြင့် နှစ်တစ်နှစ်အတွင်းရရှိသည့် လစာဝင်ငွေ၊ လစာဝင်ငွေအပြင် ကော်မရှင်ကြေး၊ နှစ်စဉ်ကြေး၊ ပညာရှင်ကြေးတို့ကိုလည်း စုစုပေါင်း လစာဝင်ငွေ တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါသည်။

* **အခွန်နှုန်း**။ အောက်ပါအတိုင်းဖြစ်ပါသည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ နှင့်အထက် | | ၂၅ရာခိုင်နှုန်း |

* **အကျိုးသက်ရောက်သည့်နေ့**။ ၁-၄-၂၀၁၈ရက်မှ စတင်ရရှိသည့် လစာဝင်ငွေအတွက်မှ စတင်အကျိုးသက်ရောက်ပါသည်။

* **အခွန်ကျသင့်မှု**။ အောက်ပါအတိုင်းဖြစ်ပါသည်-
- တစ်နှစ် စုစုပေါင်းလစာဝင်ငွေ ကျပ် ၄၈ သိန်းထက်မကျော်ပါက ဝင်ငွေခွန်ပေးဆောင်ရန်မလိုပါ။
- တစ်နှစ် စုစုပေါင်းလစာဝင်ငွေ ကျပ် ၄၈ သိန်းထက်ကျော်လွန်သော်လည်း စုစုပေါင်းလစာဝင်ငွေမှ သက်သာခွင့်များဖြစ်သည့် အခြေခံသက်သာခွင့်၊ အတူနေမိဘအတွက် သက်သာခွင့်၊ အိမ်ထောင်ဖက်အတွက် သက်သာခွင့်၊ သားသမီးအတွက် သက်သာခွင့်၊ အသက်အာမခံအတွက် ပေးရသည့်ပရီမီယံ၊ လူမှုဖူလုံရေးရန်ပုံငွေသို့ ထည့်ဝင်ငွေတို့ကို နုတ်ပယ်ပါ။ နုတ်ပယ်ပြီး ကျန်ရှိသောအခွန်စည်းကြပ်ရန်ဝင်ငွေမှာ ကျပ်သိန်း ၂၀ မကျော်ပါက ဝင်ငွေခွန်ပေးဆောင်ရန်မလိုပါ။

**[အခွန်စည်းကြပ်ရန်ဝင်ငွေ = စုစုပေါင်းလစာဝင်ငွေ-အခြေခံသက်သာခွင့်များ]**

ဥပမာ-
ဦးလှသည် နှစ်တစ်နှစ်အတွင်း လစာဝင်ငွေစုစုပေါင်းကျပ်သိန်း ၆၀ ရရှိပါက

| | | (ကျပ်) |
|---|---|---|
| စုစုပေါင်းလစာဝင်ငွေ | | = ၆၀၀၀၀၀၀ |
| အခြေခံသက်သာခွင့် [၆၀၀၀၀၀၀×၂၀%) | = ၁၂၀၀၀၀၀ | |
| အတူနေမိဘအတွက်သက်သာခွင့် [တစ်ဦး ၁၀၀၀၀၀၀စီ×နှစ်ဦး) | = ၂၀၀၀၀၀၀ | |
| အိမ်ထောင်ဖက်အတွက်သက်သာခွင့် | = ၁၀၀၀၀၀၀ | |
| သားသမီးနှစ်ဦးအတွက်သက်သာခွင့် [တစ်ဦး ၅၀၀၀၀၀စီ×နှစ်ဦး) | = ၁၀၀၀၀၀၀ | |
| ဦးလှနှင့် အိမ်ထောင်ဖက်အသက်အာမခံ [ဦးလှအတွက် ၃၀၀၀၀+ဇနီး ၂၀၀၀၀] | = ၅၀၀၀၀ | |
| ဦးလှအတွက်ထည့်ဝင်လူမှုဖူလုံရေးရန်ပုံငွေ | = ၅၀၀၀၀ | |
| (နုတ်)သက်သာခွင့်စုစုပေါင်း | | = ၅၃၀၀၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | = ၇၀၀၀၀၀ |
| ကျသင့်အခွန် | | = အခွန်မကျသင့် |

* အခွန်စည်းကြပ်ရန် ဝင်ငွေကျပ် သိန်း ၂၀ ထက်ကျော်ပါက ကျပ်သိန်း ၂၀ ထက်ပိုသည့် ပမာဏအတွက်သာ သတ်မှတ်ရာခိုင်နှုန်းအတိုင်း အခွန်တွက်ချက်ပေးဆောင်ရမည်ဖြစ်ပါသည်။ ဥပမာ- ဦးလှသည် နှစ်အတွင်း လစာဝင်ငွေကျပ် သိန်း ၉၀ ရရှိပါက

| | (ကျပ်) |
|---|---|
| စုစုပေါင်းလစာဝင်ငွေ | = ၉၀၀၀၀၀၀ |
| (နုတ်)သက်သာခွင့်များ [အခြေခံသက်သာခွင့်+အတူနေမိဘ+အိမ်ထောင်ဖက်+ သားသမီး+အာမခံ+လူမှုဖူလုံရေးရန်ပုံငွေ] | = ၅၉၀၀၀၀၀ |
| အခွန်စည်းကြပ်ရန် ဝင်ငွေ | = ၃၁၀၀၀၀၀ |
| အခွန်တွက်ချက်ခြင်း | |
| ကျပ်သိန်း ၂၀ အထိ '၀%' ဖြင့် | = ၀ |
| ၂၀၀၀၀၀၁×၃၁၀၀၀၀၀အထိ ၁၁၀၀၀၀၀×၅% ဖြင့် | = ၅၅၀၀၀ |
| တစ်နှစ်ကျသင့်အခွန် | = ၅၅၀၀၀ |
| တစ်လကျသင့်အခွန် | = ၄၅၈၃ |

* အသေးစိတ်သိရှိလိုပါက ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်)အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(နေပြည်တော်) ရုံးအမှတ်(၄၆) ပြည်တွင်းအခွန်များဦးစီးဌာန ဖုန်း-၀၆၇-၄၃၀၅၃၃၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅လမ်း၊ ၂၂×၂၃ လမ်းကြား ဖုန်း-၀၂-၃၀၁၉၂ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6934 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၇၁-စံတော်ချိန်)၊ ဦးပိုင်အမှတ်(၁၀)၊ ဧရိယာ ၀ ဒသမ ၀၉၁ဧကရှိမြေအား ဦးစိန်ငွေးအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်အသစ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ကော်လီတွော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ပျဉ်းမနားမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လူနာများ ကုသပေးရန် FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲ/ဓာတ်မှန်သုံးဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၅-၂၀၁၈ ရက် (ကြာသပတေးနေ့)
**တင်ဒါပုံစံစတင်ရောင်းချမည့်အချိန်** - နံနက် ၉း၃၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၈ ရက်(သောကြာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ ပစ္စည်းများစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၆၇-၂၂၃၀၉၊ ၀၆၇-၂၄၆၆၄**

---

## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း (Consumables)များနှင့် အောက်ဆီဂျင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ**
**စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၁၈
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၆-၂၀၁၈ ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

---

**ကုသရေးဦးစီးဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသောလူနာများအတွက် လိုအပ်သော ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ (Consumable)၊ ဓာတ်ခွဲခန်း၊ သွေးလှူဘဏ်၊ ဓာတ်မှန်ဌာနတို့အတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများနှင့် အောက်ဆီဂျင်တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ဆေးဝါး၊ အောက်ဆီဂျင်နှင့် ပတ်သက်သော စာရင်းအသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၂၅-၅-၂၀၁၈ ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၆-၂၀၁၈ ရက် ညနေ ၄း၀၀နာရီ

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မိုးကောင်းမြို့နယ်တရားရုံးတော်
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၂

| | | |
|---|---|---|
| တပ်ကြပ်ကြီးဆန်းဝင်း | နှင့် | ဒေါ်ခင်ငွေးမြင့် |
| ကပ/၆၇၀၄၀၈ | | ရေဝကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ |
| အမှတ် ၇၄၊ ခြေလျင်တပ်ရင်း | | မိတ္ထီလာမြို့၊ |
| မိုးကောင်းမြို့နယ်၊ မိုးကောင်းမြို့၊ | | မန္တလေးတိုင်းဒေသကြီး |
| ကချင်ပြည်နယ် | | |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင် ဒေါ်ခင်ငွေးမြင့် ရဝေကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုဖြစ်သူ တပ်ကြပ်ကြီးဆန်းဝင်းက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၁၅ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၃ရက်) နံနက် ၁၀နာရီတွင် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မေ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌန်ဆန်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မိုးကောင်းမြို့နယ်တရားရုံး**

---

## အများသိစေရန်ကြေညာခြင်း

ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်း ၁၂/ဥကမ(နိုင်)၁၄၄၁၂၈သည် ကျွန်မ၏ ဂုဏ်သိက္ခာကို မငဲ့ကွက်ဘဲ ငွေကြေးနှင့်အခြားသော အရှုပ်အရှင်းကိစ္စများကို ကျွန်မ မသိအောင် ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ၁၀-၅-၂၀၁၈ ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်သည့်အပြင် ၎င်းနှင့်ပတ်သက်သော ငွေကြေးနှင့်အခြားသောကိစ္စရပ်များကိုလည်း လုံး၀(လုံး၀) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းငွေး၁၂/ဥကမ(နိုင်)၀၅၉၈၈၀**
**၁၉၃/ခ၊ ဝေပုလ္လ ၄ လမ်း၊ အပိုင်(၈)၊**
**(၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(ပခုက္ကူ)**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)အတွက် နည်းပညာတက္ကသိုလ်(ပခုက္ကူ)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | (၁၉၂'×၃၈'×၃၆') (၃)ထပ်စာသင်ဆောင် | | ၁ လုံး |
| (ခ) | (၁၀၀'×၃၀') (၄)ခန်းတွဲလေးထပ်ဆရာ/ဆရာမဆောင် | | ၁ လုံး |
| (ဂ) | (၁၀၀'×၂၅') (၄)ခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာ | | ၁ လုံး |
| (ဃ) | (၄"အနက် ၃၈၀') ရေတွင်း | | ၁ ခု |
| (င) | ရေဂါလန် (၃၂၀၀)ဆံ့ရေစင် | | ၁ ခု |
| (စ) | ရေဂါလန်(၂၀၀၀၀)ဆံ့ Ground Tank | | ၁ ခု |
| (ဆ) | အလုပ်ရုံ (၁၂၅'×၆၀') 9600 sq-ft (Mazzanine Floor အပါအဝင်) (ပြင်ပမီးသွယ်တန်းခြင်းအပါအဝင်)ဆောက်လုပ်ခြင်းလုပ်ငန်း | | ၁ လုံး |
| (ဇ) | ကျောင်းဧရိယာ (၁၀၀.၃၂)ဧကအား ခြံစည်းရိုးပတ်လည်နှင့်အဝင်မုခ်ဦး သံပန်းတံခါးများ ဆောင်ရွက်ခြင်းလုပ်ငန်းများ အမြင့် ၆'-(၉"× ၉" RCC Column, ၉" ၉" RCC Ground Beam Chain Link with ၁"×၁"×၃/၁၆" Ms Angle ၈' ခြား သံဆန်ခါကွက်)(၉၈၃၅ ပေ) | | |

၂။ အဆောက်အအုံ က၊ ခ၊ ဂ အတွက် ပြင်ပရေ(၄)လက်မ အဝီစီတွင်း၊ ဂါလန် (၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန် 5.5Hp Summersible pump နှင့် အဆောက်အအုံပြင်ပ မီးသွယ်တန်းခြင်းအပါအဝင်

၃။ တင်ဒါလျှောက်လွှာပုံစံများ - ၁၅-၅-၂၀၁၈ ရက်
**စတင်ရောင်းချမည့်ရက်/အချိန်** - နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၆-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီ

၄။ အသေးစိတ်သိရှိလိုပါက ဒုတိယပါမောက္ခချုပ်(တာဝန်)ရုံး ဖုန်း-၀၉-၂၃၀၀၉၄၈၊ စီမံရေးရာဌာန ဖုန်း-၀၉-၂၅၆၀၃၉၆၉၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(ပခုက္ကူ)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မြဝတီမြို့နယ်တရားရုံး
### ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၆

| | | |
|---|---|---|
| ဦးစိုးဝင်း | နှင့် | ဒေါ်ရိုဘီနာလှည္ဆန့် |
| **တရားလို** | | **တရားပြိုင်** |

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ဇွဲကပင်ကုန်းနေ တရားပြိုင် ဒေါ်ရိုဘီနာလှည္ဆန့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးစိုးဝင်းက မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီး ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် မေ ၂၄ရက် (၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၁၀ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မေ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောလင်းထက်ဦး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မြဝတီမြို့နယ်တရားရုံး**

---

## TAXI ပိုင်ရှင်များအတွက် သတင်းကောင်း

လူကြီးမင်းတို့၏ TAXI ကားများကို လုံခြုံစိတ်ချမှုရှိစေရန် GRAB TAXI ဝန်ဆောင်မှုမှ အထူးမွမ်းမံသင်တန်းပေးထားသော ကျွမ်းကျင်ယာဉ်မောင်းများနှင့် အကျိုးတူဆောင်ရွက်လိုပါက အမြန်ဆက်သွယ်ပါ။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၇၆၅၄၀၀၄၅၀**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မိုးကောင်းမြို့၊ နတ်ကြီးကုန်းရပ်ကွက်၊ အကွက်အမှတ် ၈/၂၊ ဦးပိုင်အမှတ် ၁၅၅၊ မြေဧရိယာ ၀ဒသမ၂၂၀မြေ၏ အမည်ပေါက်မှာ ဒေါ်တိန်စုဖြစ်ပြီး မူလဂရန်မူရင်းမှာ ၂၀၁၅ ခုနှစ် မိုးကောင်းမြို့နယ်အတွင်း ရေဘေးသင့်စဉ်က နေအိမ်အတွင်း ရေနစ်မြုပ်ခဲ့ပြီး သဘာဝဘေးဒဏ်ကြောင့် ပျောက်ဆုံးပျက်စီးခဲ့သည်မှာ မှန်ကန်ကြောင်း ၂၂-၅-၂၀၁၇ ရက်၌ မြို့နယ်တရားရုံးတွင် ဒေါ်တိန်စုမှ ကျမ်းကျိန်ဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားခြင်းအား ဒေါ်တိန်စုအမည်ဖြင့် လျှောက်ထားဆောင်ရွက်မည်ဖြစ်ရာ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မိုးကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိုးကောင်းမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ကားဂိတ်ခန်းအမှတ်(က-၃၆)ဆိုင်ခန်းအား ဦးသိန်းထွန်းဝင်း ၁၀/သထန(နိုင်) ၀၁၃၁၉၁၊ အမှတ်(၁၈-H)၊ သီရိကန်သာအိမ်ရာ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က အမည်ပေါက်ပိုင်ဆိုင်၍ ဒေါ်ဝေဝေအောင် ၁/မညန(နိုင်)၀၇၉၄၁၆ အမှတ်(၁၁)၊ (၃၀)လမ်းနှင့် (၇၇)လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေသူနှင့် ဒေါ်မွန်မွန်ကြည် ၁၄/ရကန(နိုင်)၀၄၃၆၇၉ အမှတ်(၃၂၂၆) သစ္စာလမ်း၊ ဘောဂဝတီရပ်၊ နေပြည်တော် ပျဉ်းမနားမြို့နေသူ နှစ်ဦးသို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **အခွန်ဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြည်ထဲရေး၊ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မေ ၁၅**

ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် **ပြည်ထဲရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးတင်မြင့်**က အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိစေရန် ဟူသည့် မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန

*စာမျက်နှာ ၁၀ ကော်လံ ၁* ❍




## ရန်ကုန်မြစ်တွင်း သင်္ဘောကြီးများသွားလာနိုင်ရန် အကြီးစားသောင်တူးလုပ်ငန်းစတင်

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့၏ အဓိကအချက်အချာကျရာ ဆိပ်ကမ်းများသို့ တန်ချိန်များသော ကုန်တင်သင်္ဘောကြီးများ သွားလာနိုင်ရန်အတွက် အကြီးစား သောင်တူးသင်္ဘောဖြင့် သောင်တူးခြင်းလုပ်ငန်းကို ယနေ့စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရေကြောင်းမှူးချုပ် ဦးအောင်ကျော်ထူးက ပြောသည်။

"ကျွန်တော်တို့ ဒီသောင်တူး သင်္ဘောရဲ့အမည်ကတော့ REEM ISLAND လို့ ခေါ်ပါတယ်၊ ရန်ကုန်သီလဝါဆိပ်ကမ်းကို မေ ၁၄ ရက် မွန်းလွဲပိုင်းက စတင်ဝင်ရောက်လာပါတယ်၊ စင်ကာပူနဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာ လှည့်လည်တူးပြီး မြန်မာနိုင်ငံကိုရောက်ရှိလာခြင်းဖြစ်ပါတယ်၊ သောင်တူးခြင်းလုပ်ငန်းစတင်ပြီး တစ်လခွဲခန့်အကြာ ဆောင်ရွက်သွားဖို့ရှိပါတယ်၊ အဓိကတူးမယ့်နေရာနှစ်ခုကတော့ အပြင်စည်းခုံလို့ခေါ်တဲ့ ရေတိမ်ပိုင်းနေရာနဲ့ အတွင်းစည်းခုံလို့ခေါ်တဲ့ ရေတိမ်နေရာတွေပါ၊ အပြင်စည်းခုံဆိုတာကတော့ ရန်ကုန်မြစ်ပေါက်ကြီးရဲ့ အပြင်ဘက်နားမှာရှိပါတယ်၊ အတွင်းစည်းခုံကတော့ ရန်ကုန်သန်လျက်စွန်းနားမှာရှိပါတယ်" ဟု ဦးအောင်ကျော်ထူးကပြောသည်။

အတွင်းစည်းခုံနေရာသည် ပုဇွန်တောင်ချောင်းနှင့်ရန်ကုန်မြစ်တို့ ပေါင်းဆုံရာနေရာဖြစ်ခြင်းကြောင့် နုန်းအနည်ပို့ချမှုများပြီး နွေရာသီကာလအတွင်း ရေစူး

*စာမျက်နှာ ၈ ကော်လံ ၁* ❄



မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် သောင်တူးသင်္ဘော **REEM ISLAND** ကို တွေ့ရစဉ်။

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်း စည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### စစ်တွေမြို့ ဆတ်ရိုးကျ ၁ ကယ်ဆယ်ရေးစခန်း၌ မီးလောင်၊ နေအိမ် ၁၇ လုံးဆုံးရှုံး

စာ » ၁၂

### ရန်ကုန်နှင့် ဆီရက်စ်အသင်းတို့ AFC Cup ပွဲကြိုသတင်းစာရှင်းလင်း

စာ » ၁၃



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
၂၀၁၈ ခုနှစ်၊ မေ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ပြအမွေအနှစ် လျှောက်လမ်း

ဝေယံဦး

**အာရှ** မှာတော့ ရန်ကုန်မြို့ဟာ မြို့ပြအမွေအနှစ် အပေါ များဆုံး မြို့တွေထဲမှာ တစ်မြို့အပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့်လည်း မြို့ပြအမွေအနှစ်တွေကို ပိုင်ဆိုင်ထားတဲ့ ရန်ကုန်မြို့မှာ မြို့ပြ အမွေအနှစ်တွေကို ကြည့်ရှုလေ့လာနိုင်တဲ့ လျှောက်လမ်း အစီအစဉ်တစ်ခု ထွက်ပေါ်လာနိုင်ရေး ကြိုးစားနေတယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာပါတယ်။ ဒါကတော့ ရန်ကုန်မြို့ပြရဲ့ စိတ်ဝင်စားဖွယ်ကောင်းတဲ့ သတင်းကောင်းတစ်ရပ် ဖြစ်လို့ ကြိုဆိုရမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့လပိုင်းတွေမှာ ရန်ကုန်လျှောက်လမ်း ဖော်ထုတ်ဖို့ ကြိုးစားတဲ့နေရာမှာ ရွှေတိဂုံစေတီတော်ကနေပြီး ဗိုလ်တထောင်ဘုရားအထိ လမ်းလျှောက်ကြည့်ရှု လေ့လာနိုင်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ အဲဒီရန်ကုန်လျှောက်လမ်း အစီအစဉ်မှာတော့ ဘာသာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ အနုပညာဆိုင်ရာနဲ့ ဗဟုသုတ လေ့လာဖွယ်ရာ နေရာတွေအပြင် ရန်ကုန်မြို့ပြရဲ့ လူမှုဘဝ နေ့စဉ်လှုပ်ရှားမှု မြင်ကွင်းတွေကို ကိုယ်တိုင်ထိတွေ့ ကြည့်ရှုလေ့လာနိုင်မှာ ဖြစ်ပါတယ်။ အဲဒီအစီအစဉ်ကို ပြည်သူတွေ စိတ်ဝင်စားတာတော့ အမှန်ပါပဲ။

## လျှောက်ရင်းလေ့လာနိုင်

အခုရန်ကုန်မြို့ပြ အမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့ (YHT) ကနေပြီး ရန်ကုန်မြို့ပြ အမွေအနှစ် လျှောက်လမ်း အစီအစဉ်ကို ဖော်ထုတ်နိုင်ရေး ကြိုးစားနေတာဟာ ရန်ကုန်မြို့လို မြို့ကြီးတစ်မြို့အတွက်သာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တဲ့ လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ရန်ကုန်မြို့ပြ အမွေအနှစ်လျှောက်လမ်းမှာ ရန်ကုန်မြို့ပြ အမွေအနှစ်နေရာ ၁၆ ခုကို ဖြတ်သန်းမှာဖြစ်ပြီး အဲဒီနေရာတွေကို လမ်းလျှောက်ရင်း လေ့လာနိုင်မှာဖြစ်ပါတယ်။

## ရန်ကုန်မြို့ခရီးသွားလုပ်ငန်းတိုးတက်ဖို့

ရန်ကုန်မြို့ပြ အမွေအနှစ်လျှောက်လမ်း ဖော်ထုတ်နိုင်ရင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေရော၊ ပြည်တွင်းက လေ့လာလိုတဲ့ ပြည်သူတွေအတွက်ပါ အကျိုးဖြစ်ထွန်းနိုင်မှာ ဖြစ်ပါတယ်။ လျှောက်လမ်းခရီးစဉ်အတွက် တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေတာမို့ အကောင်အထည်ဖော်နိုင်ရင် ရန်ကုန်မြို့ခရီးသွားလုပ်ငန်းလည်း တိုးတက်လာဖို့ ရှိနေပါတယ်။

ရန်ကုန်မြို့ပြ အမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့ ၂၀၁၂ ခုနှစ် မတ်လက စတင်ဖွဲ့စည်းတည်ဆောက်ခဲ့တာဖြစ်ပြီး မြို့ပြအမွေအနှစ်တွေကို စာရင်းကောက်ယူခြင်း၊ ရန်ကုန်မြို့ကို အာရှမှာ အလှပဆုံးနှင့် နေချင်စဖွယ် အကောင်းဆုံးမြို့တစ်မြို့ဖြစ်လာစေရန်၊ မြို့ပြအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီခြင်း၊ မြို့ပြအမွေအနှစ်များနှင့် ပတ်သက်ပြီး စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများချမှတ်ရာတွင် အကြံပေးခြင်း၊ မြို့ပြအမွေအနှစ်နဲ့ပတ်သက်ပြီး ပြည်သူတွေကို သင်တန်းများ၊ အသိပညာပေးခြင်းတွေကို ဆောင်ရွက်ပေးနေပါတယ်။

ဒါကြောင့်လည်း ရန်ကုန်မြို့ပြရဲ့ သမိုင်းဝင်နေရာ အဆောက်အအုံတွေကို အပြာရောင်ကမ္ပည်းပြားတွေ တပ်ဆင်ခဲ့ရာမှာ






ဓာတ်ပုံ-ဧကဇင်

**အချပ်ပို (၈) သို့**

# ပေါ်ထွန်းလာမည့် ဈေးဝယ်စင်တာအသစ်ကြီးများနှင့် မြို့ရန်ကုန်

တင်ဝင်းလေး (ကြည့်မြင်တိုင်)




မင်္ဂလာတောင်ညွန့်မြို့နယ်တွင် အသစ်တည်ဆောက်မည့် ဂမုန်းပွင့်အဆောက်အအုံ ပုံစံငယ်

လွန်ခဲ့သည့် အနှစ် ၂၀ ကျော်က စာရေးသူမှာ မြန်မာနိုင်ငံနယ်စပ် မြဝတီမြို့ရှိ ပုဂ္ဂလိကဘဏ်တစ်ခုတွင် ကြီးကြပ်ရေးမှူးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ တစ်ဖက်နိုင်ငံ မဲဆောက်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင် မြန်မာမိတ်ဆွေများ၏ ဖိတ်ကြားမှုကြောင့် မကြာခဏ သွားလည်ဖြစ်ခဲ့သည်။

ထိုစဉ်က ဈေးဝယ်စင်တာကြီးများကို အလွန်သဘောကျခဲ့သည်။ အဆောက်အအုံကြီးများက အလွန်ကြီးမားကြသည်။ ခန်းမအတွင်းသို့ ဝင်လိုက်သည်နှင့် အေးစိမ့်သွားခဲ့သည်။ ဧည့်ကြိုနှင့် လုံခြုံရေးဝန်ထမ်းများက အပြုံးကိုယ်စီဖြင့် ခရီးဦးကြိုပြုကြသည်။ "မင်္ဂလာပါ" ဟု မြန်မာစကားကို ပီပီသသ ပြောတတ်ကြသည်။

ဆိုင်ကြီးအတွင်း၌ မိမိလိုချင်သည့်ပစ္စည်းများကို မိမိဘာသာ ယူရသည်။ ပစ္စည်းများပါက လှည်းကလေးတွန်းပြီး လှည့်ပတ်ယူကြရသည်။ ပြီးမှ ကောင်တာတစ်ခုခုရှေ့တွင် ငွေရှင်းရသည်။ ထိုင်းနိုင်ငံဖြစ်၍ ဘတ်ငွေကိုသာ လက်ခံသည်။

**ကုန်တိုက်များ ရှိခဲ့ဖူး**

မြန်မာနိုင်ငံတွင်လည်း ထိုစဉ်ကတည်းက ကုန်တိုက်များရှိခဲ့ဖူးသည်။ ရန်ကုန်ဘူတာကြီးရှေ့ ပန်းဆိုးတန်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့် ယခု (Ruby Mart) နေရာတွင် ကုန်တိုက်တစ်ခု ရှိခဲ့ဖူးပြီး သိမ်ကြီးဈေး (စီ) ရုံ အပေါ်ထပ်တွင်လည်း ကုန်တိုက်တစ်ခု ရှိခဲ့ဖူးသည်။

ပြည်တွင်းမှ ထုတ်လုပ်သော သကြား၊ ဆပ်ပြာ၊ ထီး စသောပစ္စည်းများ မျိုးစုံဝယ်ကြရသည်။ သို့သော် မိမိလိုချင်သလောက်တော့ဖြင့် ဝယ်ယူ၍မရနိုင်ပေ။ အကန့်အသတ်တော့ရှိသည်။ ကောင်တာအရောင်းစာရေး ကိုကို၊ မမ တို့ကို မျက်နှာချိုသွေးရသည်။ ပစ္စည်းတစ်ခုမေးလျှင်လည်း ဝတ္ထုစာအုပ်အဖတ်မပျက် မရှိဘူးဟူသော စကားကို တွင်တွင်သုံးတတ်ကြသည်။

**အရောင်းဆိုင်များ**

နောက်တစ်ဖန် အရာရှိကြီးများအတွက် အထူးသီးသန့်အဖြစ် မေတ္တာမွန်နှင့် ပဒုမ္မာအရောင်းဆိုင်များ ဖွင့်ခဲ့ဖူးသည်။ ထိုစဉ်အခါက အကောင်းစားပစ္စည်းများကိုသာ ရောင်းချပေးခြင်းဖြစ်သည်။ သာမန်လူများ ဝယ်၍ မရပေ။

ထို့နောက် ခေတ်၏ရေစီးကြောင်းနှင့်အတူ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များက မျက်စိပွင့်လာကြသည်။ အများပြည်သူတို့ တစ်နေရာတည်းတွင် အချိန်မကုန်ဘဲ လိုချင်သည့်ပစ္စည်းများ ဝယ်ယူနိုင်ရန် ကုန်တိုက်များဖွင့်လာကြသည်။

ဦးစွာပထမ ကုန်တိုက်အဖြစ် ပေါ်ထွက်လာသော ကုန်တိုက်နှစ်ခုမှာ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းပေါ်ရှိ စိန်ဂေဟာနှင့် ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ Super One တို့ဖြစ်သည်။

**ကုန်တိုက်ကြီးများ ရန်ကုန်မြို့အနှံ့ ပေါ်ထွန်းလာ**

အစက ဆိုသကဲ့သို့ ထိုင်းနိုင်ငံ မဲဆောက်တွင် တွေ့ခဲ့ရသော ကုန်တိုက်ကြီးများကိုတော့ဖြင့် မမီသေးပေ။ ထိုမှတဖြည်းဖြည်း နိုင်ငံရေးအခြေအနေများ တည်ငြိမ်လာခြင်း၊ ခေတ်မီဖွံ့ဖြိုးလာခြင်းနှင့်အတူ ကုန်တိုက်ကြီးများ ရန်ကုန်မြို့အနှံ့ ပေါ်ထွန်းလာခဲ့သည်။ ကြီးမားသော အဆောက်အအုံကြီးများဖြင့် မဲဆောက်တွင် တွေ့မြင်ခဲ့ရဖူးသော ကုန်တိုက်ကြီးများထက်ပင် ပိုမိုကောင်းမွန်သည်ဟု ဆိုရမည်ဖြစ်သည်။

လက်ချိုးရေတွက်ကြည့်မိသည့် Super One၊ စိန်ဂေဟာ၊ ဂမုန်းပွင့်၊ ဒဂုံစင်တာ၊ Junction City ၊ City Mall၊ Junction Mawtin၊ Ocean၊ Gandamer Hole Sale၊ Capital၊ Myanmar Plaza၊ လှည်းတန်းစင်တာ၊ Junction Square၊ Junction 8၊ Orange စသော ဈေးဝယ်စင်တာကြီးများကို အပြိုင်အဆိုင်ဖွင့်လာကြသည်။

မိမိလိုချင်သော မီးဖိုချောင်သုံး စားသုံးကုန်မှအစ အဝတ်အထည်၊ အသုံးအဆောင်၊ လျှပ်စစ်ပစ္စည်း၊ စာရေးကိရိယာ၊ အကုန်အစုံကို အချိန်ကုန်မခံဘဲ တစ်နေရာတည်းတွင် အလွယ်တကူ ဝယ်ယူနိုင်ပေသည်။

**စင်တာကြီးတွေ အပြိုင်အဆိုင်ရှိလာ**

အချိန်ကိုလုနေရသော ရန်ကုန်သူ ရန်ကုန်သားတို့အဖို့ အားကိုးစရာ ဈေးဝယ်စင်တာကြီးများဖြစ်သည်။ စမ်းချောင်းမြို့နယ် သီရိလမ်းမှ ဒေါ်ဘေဘီက "အခုလို ကုန်တိုက်ကြီးတွေ အပြိုင်အဆိုင်ဖွင့်လာတာကို ကျွန်မ အလွန်သဘောကျတယ်၊ ကျွန်မတို့ ဝန်ထမ်းတွေက အချိန်စကားပြောတယ်၊ ဆိုင်အနှံ့ မရှာနိုင်ဘူး၊ အခုလို တစ်နေရာတည်းမှာပဲ စုဝယ်ရတာ သဘောကျတယ်၊ စင်တာကြီးတွေ အပြိုင်အဆိုင်ရှိလာတော့ ကုန်ပစ္စည်း အရည်အသွေး မှန်လာတယ်၊ ဈေးနှုန်းတွေ ညီလာမယ်၊ ဝယ်သူကို ပိုပြီး ဂရုစိုက်လာမယ်၊ ဒါကြောင့် စင်တာကြီးတွေမှာ ဈေးဝယ်ရတာ ကြိုက်တယ်" ဟု ဆိုသည်။

**အလွယ်တကူ ဝယ်နိုင်**

ထို့အပြင် ယခုအခါ ၂၄ နာရီဖွင့်သည့် ကုမ္ပဏီပိုင်ဆိုင် အသေးစားလေးများလည်း ရပ်ကွက်တိုင်းနီးပါး၌ အပြိုင်အဆိုင်ဖွင့်လာကြသည်။ g & g၊ abc၊ city Express စသော ဆိုင်လေးများ ဖြစ်ကြသည်။ အဓိက စားစရာပစ္စည်းမျိုးစုံနှင့် အဖျော်ယမကာအစုံ အလွယ်တကူ ဝယ်နိုင်ခြင်းပင် ဖြစ်သည်။ ပစ္စည်းတစ်ခုကို သတ်မှတ်ရက်ထက် ကျော်လွန်၍ တင်ရောင်းခြင်းမရှိ၊ ဖျတ်လတ်သွက်လက်သော လူငယ်လေးများက ဝယ်သူကို အလွန်ဂရုစိုက်ကြသည်။

*အချုပ်ပို (ဃ) သို့*




ရန်ကုန်မြို့ လှည်းတန်းစင်တာကို တွေ့ရစဉ်။ ဓာတ်ပုံ - တင်မောင်ဦး (အလုံ)

# ပြုပြင်ပြောင်းလဲမှုများနဲ့ ရန်ကုန်အလားအလာ

မြင့်မောင်စိုး

**ပြီးခဲ့တဲ့ မေ ၁၁ ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်မှာ CEO Conference 2018 ကို ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တွေလည်း တက်ရောက်ကြပြီးတော့ တိုင်းဒေသကြီးတွေအတွင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မယ့် အခွင့်အလမ်းတွေနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြတာပါ။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကတော့ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေတာနဲ့ပတ်သက်လို့ ဆွေးနွေးပြောကြားခဲ့တာကို အခုလို ကြားသိခဲ့ရပါတယ်။**

### စည်ပင်ရွေးကောက်ပွဲ

မြူနီစီပယ်အက်ဥပဒေကို ပြန်လည်ရေးဆွဲနိုင်ဖို့ တိုင်းဒေသကြီးလွှတ်တော်ကို တင်ပြထားပါတယ်။ ဘာကြောင့် တိုင်းဒေသကြီးလွှတ်တော်ကို တင်ပြထားသလဲဆိုရင် ကျွန်တော်တို့ရှေ့မှာရှိတဲ့ ဥပဒေကို ပြုပြင်နိုင်ဖို့အတွက် တင်ပြထားခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုတင်ပြပြီး ဒီဥပဒေကို အတည်ပြုပြီဆိုရင်တော့ ကျွန်တော်တို့ စည်ပင်သာယာရွေးကောက်ပွဲကို ကျင်းပဖို့ အစီအစဉ်ရှိပါတယ်။ အခုဆိုရင် အစိုးရသစ်ရဲ့ သက်တမ်းဟာ နှစ်နှစ်ရှိလာပြီဖြစ်တဲ့အတွက် နောက်မကြာခင်မှာ နှစ်သက်တမ်း တစ်ဝက်ကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စည်ပင်သာယာရွေးကောက်ပွဲကို အမြန်ဆုံး ဆောင်ရွက်နိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ဒီစည်ပင်သာယာရွေးကောက်ပွဲနဲ့ပတ်သက်လို့ ယခင်ရှိခဲ့တဲ့ စည်ပင်သာယာရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေတွေဟာ မေးခွန်းထုတ်စရာတွေ ရှိနေပါတယ်။ လူငယ်တွေရဲ့ ပါဝင်နိုင်မှုအခန်းကဏ္ဍတွေ စည်ပင်သာယာရွေးကောက်ပွဲမှာ မဲပေးနိုင်မှုမဟုတ်ဘဲနဲ့ အိမ်ထောင်စုအလိုက် မဲပေးနိုင်မှု ရှိနေတာတွေ၊ စည်ပင်ရွေးကောက်ပွဲအသုံးစရိတ်အခြေအနေတွေ တိတိကျကျဖော်ပြထားတာမရှိပါဘူး။ စည်ပင်ယာသာရွေးကောက်ပွဲမှာ အငြင်းပွားမှုဖြစ်ခဲ့ရင်လည်း ဖြေရှင်းဆောင်ရွက်ဖို့အတွက် ခိုင်မာတဲ့လုပ်ထုံးလုပ်နည်းတွေ မရှိပါဘူး။ ပြီးခဲ့တဲ့အစိုးရသက်တမ်း စည်ပင်သာယာရွေးကောက်ပွဲကို လုပ်ခဲ့တဲ့အခြေအနေမှာတော့ ပြည်သူလူထုရဲ့ စိတ်ဝင်စားမှုဟာ အတော်လေးအားနည်းခဲ့ပါတယ်။ ဒါကြောင့် ပြန်လုပ်မယ့်ရွေးကောက်ပွဲမှာတော့ ပြည်သူလူထုရဲ့ စိတ်ဝင်စားမှုနဲ့ ဒီမိုကရေစီနည်းလမ်းကျတဲ့ ရွေးကောက်ပွဲဖြစ်ဖို့အတွက် ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ရွေးကောက်ပွဲအပေါ်မှာ စိတ်ဝင်စားမှုဟာ အရေးကြီးပါတယ်။ ဒါကြောင့်မို့ ပြည်သူစိတ်ဝင်စားတဲ့ ရွေးကောက်ပွဲဖြစ်အောင် ကျွန်တော်တို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

### စည်ပင်ဌာနတွေ

မြို့တော်စည်ပင်သာယာမှာရှိနေတဲ့ ဌာနတွေအားလုံးဟာလည်း ပုံစံတစ်ခုသို့ပြောင်းလဲဖို့အတွက် ကျွန်တော်တို့ ပြင်ဆင်နေပါတယ်။ ဒီနေရာမှာ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်နေသူတွေ၊ ရေပေးဝေရေးနယ်ပယ်တွေ၊ ရေဆိုးစွန့်ပစ်မှုကိစ္စရပ်တွေ၊ ဒီကိစ္စတွေဟာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ရေဆိုးစွန့်ပစ်တယ်ဆိုတာ မြစ်တွေ၊ ချောင်းတွေထဲကို ဒီအတိုင်း စွန့်ပစ်နေတာဖြစ်ပါတယ်။ ဒါကြောင့် စက်မှုဇုန်တွေကထွက်နေတဲ့ ရေဆိုးတွေဟာ မြစ်တွေ ချောင်းတွေထဲကို သန့်စင်မှုမရှိဘဲ စွန့်ပစ်နေမှုဟာ အန္တရာယ်ရှိပါတယ်။ ဒါကြောင့် ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်တွေကို ပြန်လည်မြှင့်တင်ဖို့အတွက် ကျွန်တော်တို့ မြို့တော်စည်ပင်သာယာမှာ လုပ်ထုံးလုပ်နည်းတွေကို Authority ပုံစံမျိုး ပြုပြင်ပြောင်းလဲနိုင်ဖို့ ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဂျပန်နိုင်ငံတို့ စင်ကာပူနိုင်ငံတို့ကို လေ့လာဆန်းစစ်မှု လုပ်ခဲ့ပါတယ်။ စင်ကာပူက ကျွမ်းကျင်တဲ့ဥပဒေပညာရှင်ရဲ့အကူအညီကိုလည်း ရယူခဲ့ပါတယ်။ ဒီနေရာမှာ ဒီနိုင်ငံတွေမှာတော့ Authority တွေ၊ ဗျူရိုတွေရှိပါတယ်။ တစ်ဖက်မှာ ကုမ္ပဏီတွေ၊ ကော်ပိုရေးရှင်းတွေကနေပြီးတော့ ဝန်ဆောင်မှုကို စနစ်တကျလုပ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးအနေနဲ့လည်း မြို့တော်စည်ပင်ကို စနစ်တကျလုပ်ဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် CEO Conference 2018 သို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

### ဝေဖန်ထောက်ပြမှု

ဒီနေရာမှာ အလျဉ်းသင့်လို့ လူငယ်လုပ်ငန်းရှင်တွေရော အခြားသော နားထောင်နေတဲ့လုပ်ငန်းရှင်တွေ ရှိနေတဲ့အတွက် အချို့က ဆိုပါတယ်။ မြို့တော်စည်ပင်သာယာနဲ့ တိုင်းဒေသကြီးအစိုးရ စီးပွားရေးလုပ်ဆောင်နေမှုတွေနှင့် ပတ်သက်ပြီး မေးခွန်းထုတ်နေတာမျိုးတွေ ကျွန်တော်တို့ ကြားရပါတယ်။ ဒီအခြေအနေနဲ့ပတ်သက်လို့ ကျွန်တော့်အမြင်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ မြို့တော်စည်ပင်ရဲ့အခြေအနေ မူလပေ့ါ။ ကျွန်တော်တို့တာဝန်မယူမီ ရှေ့ပိုင်းအခြေအနေကစပြီး လေ့လာဆန်းစစ်မှု ပြုလုပ်ဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ စတင်တာဝန်ယူစဉ်က မြို့တော်စည်ပင်နဲ့ တိုင်းဒေသကြီးအစိုးရမှာ လုပ်ငန်းဆိုလို့ ဘဏ်တစ်ခုသာရှိပါတယ်။ ဒီ့အတွက် အပေါ်ယံဝေဖန်မှုတွေ ပိုများတယ်လို့ ထင်ပါတယ်။ ထဲထဲဝင်ဝင်ဝေဖန်မှု အားနည်းနေသေးတယ်။ ဒါဟာ ကျွန်တော်တို့အတွက် ဝေဖန်အကြံပြုချက်တွေက ကျွန်တော်တို့ ဘာတွေ ပြုပြင်ပြောင်းလဲဆောင်ရွက်ရမယ်ဆိုတာတွေ ဝေဖန်ထောက်ပြဖို့လိုပါတယ်။ ဝေဖန်ချက်တွေ သိပ်ကောင်းရင် ကျွန်တော်တို့ပြုပြင်ပြောင်းလဲမှုတွေ များများလုပ်နိုင်မှာဖြစ်ပါတယ်။ အပြစ်ပြောဆိုနေရုံနဲ့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နိုင်မှာ မဟုတ်ပါဘူး။ ထိရောက်တဲ့ဝေဖန်ပိုင်းခြားမှုတွေက ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို များစွာ အထောက်အကူဖြစ်စေနိုင်မှာဖြစ်ပါတယ်။

### အသုံးစရိတ် နှစ်မျိုး

မြူနီစီပယ်ဆိုတဲ့အတွက် ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာမှာ အပိုင်းနှစ်ပိုင်း ရှိပါတယ်။ တစ်ပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ YCDC ဖြစ်ပါတယ်။ တစ်ပိုင်းက ရန်ကုန်မြို့ရဲ့ စည်ပင်သာယာနယ်နိမိတ်ဖြစ်ပါတယ်။ စည်ပင်သာယာနယ်နိမိတ်မှာ ၃၃ မြို့နယ်ရှိပါတယ်။ စည်ပင်သာယာပြင်ပမှာ ၁၂ မြို့ရှိပါတယ်။ တစ်မြို့ကတော့ ကိုကိုးကျွန်းဖြစ်ပါတယ်။ ကျန်တဲ့ ၁၁ မြို့နယ်ကတော့ ရန်ကုန်ကို ဝိုင်းရံထားတဲ့မြို့တွေပါ။ ဒီနေရာတွေကိုတော့ တိုင်းဒေသကြီး စည်ပင်သာယာကော်မတီက တာဝန်ယူကိုင်တွယ်ဆောင်ရွက်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့တိုင်းအနေနဲ့ မြို့ပြနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု အချိုးညီစေနိုင်ဖို့အတွက် မြို့တော်စည်ပင်သာယာမှာ သုံးစွဲနေတဲ့အသုံးစရိတ်နဲ့ တိုင်းဒေသကြီးစည်ပင်သာယာကော်မတီမှာ သုံးစွဲနေတဲ့ အသုံးစရိတ်ဟာ အလွန်အင်မတန်ကွာခြားပါတယ်။ ဒါကြောင့်မို့ မြို့တော်စည်ပင်သာယာမှာသုံးစွဲနေသလို ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာမှာလည်း သုံးစွဲနိုင်ဖို့ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### အိမ်ရာဆောက်လုပ်ခွင့်ပါမစ်ကိစ္စ

ဒီ့အပြင် ကျွန်တော်တို့ ခုဆောင်ရွက်နေတဲ့ အိမ်ရာစီမံကိန်းတွေ၊ ဆောက်လုပ်ခွင့် ပါမစ်ကိစ္စရပ်တွေအပေါ်မှာ လုပ်ငန်းရှင်တွေအတွက် အခက်အခဲကြုံနေရတဲ့ အခြေအနေကိုလည်း ကျွန်တော်တို့ သိရပါတယ်။ ဒီအခြေအနေကို ပိုမိုလွယ်ကူစေဖို့အတွက် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ဒီအတွက် အင်ဂျင်နီယာတွေကို အခွင့်အလမ်းပေးဖို့ရှိပါတယ်။ ဒါကြောင့်မို့ အင်ဂျင်နီယာကောင်စီကို အသိပေးခဲ့ပါတယ်။ ယခင်က လိုင်စင်ကို စည်ပင်သာယာမှာလုပ်မယ့် အင်ဂျင်နီယာတွေ၊ ကန်ထရိုက်တာတွေက စည်ပင်မှာလိုင်စင်လုပ်ကြရပါတယ်။ ခုတော့ ဒီအစီအစဉ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ပါတယ်။ ဇွန် ၁ ရက်က စတင်ပါတယ်။ တိုက်ရိုက်လိုင်စင်ကို အင်ဂျင်နီယာကောင်စီမှာပဲ ဆောင်ရွက်ပြီးတော့ ဒီအင်ဂျင်နီယာတွေကပဲ တာဝန်ယူ၊ တာဝန်ခံပြီး စည်ပင်ကို လာတင်ဖို့ဖြစ်ပါတယ်။ စည်ပင်သာယာဥပဒေနှင့်အညီ အိမ်ဆောက်ခွင့်ကို လာတင်ဖို့ဖြစ်ပါတယ်။ မြို့တော်စည်ပင်နဲ့ပတ်သက်ပြီး နယ်ပယ်တွေ အများကြီးပါ။ မြို့တော်စည်ပင်ကို ပြုပြင်ပြောင်းလဲပြီး ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ဖို့ တိုင်းဒေသကြီးအစိုးရက ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

### ရန်ကုန်မြို့ပြ ပြုပြင်ပြောင်းလဲမှု

ဝန်ကြီးချုပ်ပြောခဲ့တာတွေကတော့ စည်ပင်ရွေးကောက်ပွဲကို ပြည်သူလူထု စိတ်ဝင်စားအောင် ပြောင်းလဲဖို့၊ စည်ပင်ဌာနဆိုင်ရာတွေရဲ့ လုပ်ထုံးလုပ်နည်းပုံစံပြောင်းလဲဖို့၊ ကောင်းမွန်တဲ့ ဝေဖန်ထောက်ပြမှုတွေနဲ့အပြောင်းအလဲတွေ ဆောင်ရွက်ဖို့၊ တိုင်းဒေသကြီးအတွင်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသုံးစရိတ်သုံးစွဲမှု မျှတအောင် လုပ်ဆောင်သွားဖို့၊ အိမ်ရာဆောက်လုပ်ခွင့်တွေကို အင်ဂျင်နီယာအစစ်အမှန်တွေကသာ ဆောင်ရွက်နိုင်ဖို့စတဲ့ အပြောင်းအလဲတွေကို လုပ်ဆောင်နေတာကို ပြောကြားသွားခဲ့တာဖြစ်ပါတယ်။ ဒါကတော့ ရန်ကုန်မြို့ပြ ပြုပြင်ပြောင်းလဲမှုရဲ့ အစိတ်အပိုင်းလေးတွေဖြစ်မှာပါ။ ပြုပြင်ပြောင်းလဲမှုတွေများစွာ ရှိနိုင်ပါသေးတယ်။

---

### ရန်ကုန်မြို့ပြ အမွေအနှစ် လျှောက်လမ်း......မှ

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၄ ရက်အထိ နေရာပေါင်း ၂၀ ရှိပြီဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ မြို့ပြအမွေအနှစ်နေရာပေါင်း ၃၀၀၀ ကျော်ရှိနေတာဖြစ်ပြီး အဲဒီနေရာတွေကို စနစ်တကျစာရင်းကောက်ယူ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ရာမှာ ကူညီခြင်းတွေ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

### မြို့ပြအမွေအနှစ်အတွက် အရေးပါတဲ့ အဆောက်အအုံ

ရန်ကုန်မြို့ပြအမွေအနှစ်တွေကို စာရင်းကောက်ယူရာမှာ မြို့ပြအမွေအနှစ်အတွက် အရေးပါတဲ့ အဆောက်အအုံတွေသာမကဘဲ ကျောင်းတွေ၊ လမ်းတွေကိုလည်း ထည့်သွင်းကောက်ယူဖြစ်တာမို့ သမိုင်းဝင်နေရာတွေကိုလည်း လေ့လာမှုတွေ ပြုလုပ်လျက်ရှိတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်ကဆိုရင် အလံပြဘုရားလမ်းနဲ့ နဝဒေးလမ်းထောင့်မှာရှိတဲ့ အထက (၁) ဒဂုံကျောင်းကို အပြာရောင်ကမ္ပည်းတပ်ဆင်တာ ပြုလုပ်ခဲ့ပါသေးတယ်။

ရန်ကုန်မြို့ပြအမွေအနှစ်တွေကို ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ်တွေမှာ ဆက်လက်စာရင်းကောက်ယူမှာ ဖြစ်တာကြောင့် အသိအမှတ်ပြု စာရင်းဝင်မြို့ပြအမွေအနှစ်အရေအတွက်ဟာ တိုးပွားလာမှာဖြစ်ပါတယ်။ ဒါက အဲဒီနေရာတွေမှာ အပြာရောင်ကမ္ပည်းတပ်ဆင်ခြင်းတွေ၊ ကမ္ပည်းပြားထုလုပ်ခြင်းတွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အထင်ကရနေရာနဲ့ အဆောက်အအုံတွေ၊ ဟိုတယ်နဲ့ အထပ်မြင့်အဆောက်အအုံတွေ တစ်နေ့တခြား တိုးပွားများပြားလာနေတာမို့ မြန်မာနိုင်ငံအတွင်း တိုးတက်ဖွံ့ဖြိုးမှု အကောင်းဆုံးမြို့ကြီးတစ်မြို့ဖြစ်ပါတယ်။ ခေတ်မီအဆောက်အအုံသစ်တွေ တိုးပွားများပြားလာသလို သက်တမ်းရင့်နေပြီဖြစ်တဲ့ ရှေးဟောင်းအဆောက်အအုံတွေ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်မှုလည်း လိုအပ်ပါတယ်။

### ကမ္ဘာလှည့်ခရီးသွားတွေကို ပြသနိုင်

ပေါများစွာတည်ရှိနေတဲ့ မြို့ပြအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်သလို တစ်ဖက်ကလည်း ပြည်ပခရီးသွားတွေကို ပြသပြီး ဝင်ငွေရှာဖွေတဲ့ အစီအစဉ်ဖြစ်တဲ့ မြို့ပြအမွေအနှစ်လျှောက်လမ်းဖော်ထုတ်မှုကလည်း ကြိုဆိုရမယ့် အစီအစဉ်တစ်ခုပါပဲ။ နိုင်ငံတကာကိုကြည့်ရင် သူတို့ရဲ့ ရှေးဟောင်းအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခဲ့လို့ အခုချိန်မှာ အရေအတွက် အနည်းငယ်သာ ကျန်ရှိနေတော့တာတွေ တွေ့မြင်နေရသလို ထိန်းသိမ်းရေးအားကောင်းလို့ မြို့ပြအမွေအနှစ်တွေ မထိခိုက်၊ မပျက်စီးဘဲ ကမ္ဘာလှည့်ခရီးသွားတွေကို ပြသနိုင်ပြီး ဝင်ငွေကောင်းနေတာ မြင်တွေ့ ကြားသိနေရပါတယ်။




ရန်ကုန်လျှောက်လမ်းနဲ့အတူ မြို့ပြအမွေအနှစ် လျှောက်လမ်းမှာ စိတ်ဝင်စားစရာကောင်းတဲ့ အစီအစဉ်တွေ၊ လုံခြုံရေးစနစ်တွေနဲ့ ဝန်ဆောင်မှုတွေကို စနစ်တကျထည့်သွင်းပြီး အကောင်အထည်ဖော်မယ်ဆိုရင်တော့ နိုင်ငံတကာက ခရီးသွားတွေ၊ လေ့လာသူတွေအတွက် ဆွဲဆောင်မှုရှိမယ့် အစီအစဉ်ဖြစ်မယ်ဆိုတာကို ယုံကြည်မိနေတာ အမှန်ပါပဲ။ ။

# စလစ်ဈေးနဲ့ ကားဈေးအပြိုင် လှုပ်ခတ်လာ

● မင်းသော်




## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Vanguard | 2011 | ရန်ကုန် | 2400cc | အပြင်ဈေး | ၆၅၀ |
| CRV RD5 | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၆၀၀ |
| Wish | 2012 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၅၀ |
| Harrier | 2004 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၈၀ |
| Nissan Note | 2014 | နယ် | 1200cc | အပြင်ဈေး | ၂၄၀ |
| Honda Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၆၀ |
| Insight | 2012 Hybrid | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၆၀ |
| Belta | 2011 | နယ် | 1300cc | အပြင်ဈေး | ၂၂၀ |
| Yaris | 2014 | ရန်ကုန် | 1500cc | အပြင်ဈေး | ၃၁၀ |
| Probox | 2012 | နယ် | 1300cc | အပြင်ဈေး | ၂၁၀ |

**မေလ**ဆန်းမှစတင်ပြီး ကားဈေးကွက်အရောင်းသွက်နေခြင်းကြောင့် မေလဒုတိယပတ်အတွင်းတွင် ကားဈေးနှုန်းများနှင့် စလစ်ဈေးနှုန်းများ အနည်းငယ်မြင့်တက်စပြုလာပြီဖြစ်သည်ကို မြင်တွေ့ရသည်။ ကာလအတန်ကြာငြိမ်သက်နေခဲ့သည့် ကားလောကအတွင်း ယခုအနေအထားသည် ကားလောကသားများအတွက် ကံကောင်းစပြုသည့် နေ့ရက်များပင်ဖြစ်သော်လည်း ရန်ကုန်လိုင်စင်နှင့်နယ်လိုင်စင် မည်သို့မည်ပုံ မူဝါဒပြောင်းလဲဦးမည်ဆိုသည်ကိုလည်း သတိထားစောင့်ကြည့်နေကြသည့် အချိန်ကာလ ဖြစ်သည်။

"ကားသဘောက အရောင်းအဝယ်က ဆယ်ရက် နှစ်ပတ်ဆက်တိုက်ဆိုသလို အားကောင်းလာပြီဆိုတာနဲ့ ရောင်းလိုသူက ဈေးကို နည်းနည်းချင်း တက်တော့တာပဲ၊ လက်ရှိမှာတော့ အများကြီးတက်မသွားသေးပါဘူး၊ တစ်ရက်ကို တစ်သိန်းကနေ ငါးသိန်းလောက်အထိ တိုးပြီးခေါ်ကြည့်ကြတယ်၊ အဆင်ပြေသွားသူလည်းရှိတယ်၊ခေါ်ဈေးရှိပြီး ပေါက်ဈေးမဖြစ်တဲ့ကားတွေလည်း ရှိပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဈေးကွက်ထဲမှာ ကားစုံလာတယ်၊ လူလည်းစုံလာတယ်ဆိုတော့ တော်တော်လေး စိုပြည်လာတဲ့ သဘောတော့ ရှိပါတယ်၊ ကားဈေးကွက်ကတော့ အများကြီးတက်ဖို့မရှိပါဘူး၊ ဝယ်လက်များရင်များသလို ငါးသိန်းလောက်ကွာမှာပေါ့၊ အရောင်းအဝယ်ပုံမှန်ဖြစ်လာတာကိုပဲ ကျေးဇူးတင်နေကြတယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

ကားအရောင်းအဝယ်ပုံမှန်ပြန်ဖြစ်လာသည်နှင့်တစ်ပြိုင်နက်တည်း စလစ်ဈေးနှုန်းများသည်လည်း အနည်းငယ်လှုပ်ခတ်လာသည်ကို မြင်တွေ့ရသည်။ မေလဆန်းက ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှု သက်တမ်း နှစ် ၂၀ စလစ်တစ်စောင်၏ ဈေးနှုန်းသည် ငွေကျပ်သိန်း ၁၂၀ အောက်သာရှိသော်လည်း ယနေ့တွင် ငွေကျပ် ၁၂၈ သိန်းအထိ ခေါ်ဈေးရှိပြီး ကြိုက်ရောင်းကြိုက်ဝယ်အရောင်းအဝယ်ဖြစ်နေကြသည်ကို မြင်တွေ့ရသည်။ စလစ်အပ်ကားများ အပ်နှံမှုနည်းပါးလာသော်လည်း ဈေးနှုန်းများမှာ ယခုကဲ့သို့ မြင့်တက်နေရခြင်းအပေါ် ကားပွဲစား ကိုဇင်က "စလစ်က အများကြီးကျစရာမရှိဘူးလေ၊ ဘယ်မောင်းကားတွေက အခုသာမသွင်းတာ အချိန်တန်ရင် မသွင်းမဖြစ် သွင်းကြရမှာပဲ၊ ငွေပေါတဲ့သူက စလစ်တွေကိုင်ထားတာမျိုးရှိတာပေ့ါ၊ ရန်ကုန်လိုင်စင်လိုချင်သူတွေက အများသားလေ၊ သူတို့အတွက် စလစ်က မရှိမဖြစ်လိုအပ်နေတယ်၊ နောက် တစ်ခုက စလစ်အပ်ကားတွေလည်း ဈေးကွက်မှာ မရှိသလောက်နည်းသွားပြီလေ၊ ယာဉ်အိုယာဉ်ဟောင်းအပ်ဖို့ဆိုတာ တော်တော်လေး နည်းလာပြီ၊ စီးလို့ရနေတဲ့ ကားတွေဖြစ်နေပြီလေ၊ ဒါကြောင့် စလစ်ဈေးက တင်းခံနေတယ်"ဟု ရှင်းပြသည်။

ကွန်ဆိုင်းမန့်စနစ်ဖြင့် တင်သွင်းထားသည့် စတီနံပါတ်ကားများ အရောင်းအဝယ်အနည်းငယ်ရှိနေသော်လည်း ထင်သလောက်မဟုတ်သေးကြောင်း၊ အများစုသည် တစ်ပတ်ရစ်ကားများကိုသာ ပိုမိုစိတ်ဝင်စားနေကြကြောင်းနှင့် ကားအရောင်းစင်တာများ မေ ၁၄ ရက်မှစတင်၍ အလုပ်ဖြစ်ကြကြောင်း သိရသည်။ အကြောင်းမှာ နယ်ဝယ်လက်အချို့ ကားအရောင်းပြခန်းမှ မော်တော်ကားများကို လာရောက်ကြည့်ရှုမှု များပြားခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။ "နယ်ဝယ်လက်က ဒီလိုပဲ သင်္ကြန်ပြီးနဲ့ အစိုးရကျောင်းတွေ မဖွင့်ခင်စပ်ကြားမှာ အဝယ်များတတ်တယ်၊ ဒီနှစ်က နောက်တောင်ကျနေပါပြီ၊ ဇိမ်ခံကားတွေထက် အကြမ်းခံကားတွေ၊ အင်ဂျင်ပါဝါအားကောင်းတာတွေ၊ အင်ဂျင်ပါဝါ ၁၈၀၀စီစီနဲ့အထက်တွေ အမေးများတယ်၊ အဝယ်ကတော့ အများကြီးမလိုက်သေးပါဘူး"ဟု တောင်ဥက္ကလာပမြို့နယ်ရှိ ကားအရောင်းစင်တာတစ်ခုမှ တာဝန်ခံက ပြောသည်။

ကားဈေးကွက်အတွင်းတွင်တော့ အမေးအများဆုံးနှင့် ယခုသီတင်းပတ်အတွင်းအရောင်းအဝယ်အဖြစ်ခဲ့ဆုံး မော်တော်ကားအမျိုးအစားမှာ ဟွန်ဒါဖစ်၊ ပရိုဘောက်စ်နှင့် ဝှစ်ရှ်တို့ဖြစ်ကြပြီး ရန်ကုန်လိုင်စင်အပြင် နယ်လိုင်စင်မော်တော်ကားများပါ အရောင်းအဝယ်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ "နယ်ကဝယ်လက်ကလည်း ရန်ကုန်လိုင်စင်ကိုပိုပြီး စိတ်ဝင်စားကြတာပါ၊ ဒါပေမယ့် အခုရက်ပိုင်းမှာတော့ ဈေးလျှော့တဲ့ နယ်လိုင်စင်တွေလည်း အရောင်းအဝယ်တော်တော်လေးလိုက်လို့ ဈေးနှုန်းတွေတောင် ငွေကျပ်ငါးသိန်းကနေ ၁၅သိန်းအကြား မြင့်တက်သွားတယ်၊ ဝယ်လက်ရှိသလောက် အရောင်းအဝယ်ဖြစ်နိုင်ဖို့ ဈေးကတော့ အခုလိုပြောင်းလဲရမှာပဲ၊ အများစုက ရန်ကုန်သမားတွေဆိုရင် ဟွန်ဒါဖစ်ကြိုက်ကြပြီး နယ်ကတော့ ပရိုဘောက်စ်နဲ့ ဝှစ်ရှ်ကို တော်တော်လေး အမေးများနေတယ်"ဟု ကိုကျော်ဇေယျာဝင်းက ပြောကြားသည်။ ။

အချပ်ပို (ခ) မှ

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ကြီးဖြစ်သည်။ လူဦးရေ ခုနစ်သန်းကျော် စုစည်းနေထိုင်ရာ ရပ်ဝန်းကြီးလည်း ဖြစ်သည်။ လူဦးရေ သိပ်သည်းရာမြို့ကြီးဖြစ်သည့်အလျောက် လိုအပ်မှုများလည်း အစဉ်အမြဲရှိနေမြဲသာ ဖြစ်သည်။

ထိုသို့သော လိုအပ်ချက်များအနက် မြို့နေပြည်သူများ နေထိုင်ရာ အိမ်ရာအဆောက်အအုံများကို တိုးချဲ့ဆောက်လုပ်လာလျက်ရှိသည်။ ယင်းသို့ ဆောက်လုပ်လာကြရာ၌ အဆောက်အအုံကြီးများအတွင်း ဈေးဝယ်စင်တာကြီးများကိုပါ တစ်ပါတည်း ထည့်သွင်းဆောက်လုပ်လျက်ရှိသည်။ သို့အတွက် မကြာမီ ထပ်မံပေါ်ထွက်လာမည့် ဈေးဝယ်စင်တာကြီးများကိုပါ တွေ့မြင်ကြရတော့မည်ဖြစ်သည်။

### ဂမုန်းပွင့်

၁၉၉၅ ခုနှစ်မှ စတင်ကာ မြေနီကုန်းတွင် ဖွင့်လှစ်ခဲ့သည့် ဂမုန်းပွင့် ကုန်တိုက်ကြီးမှ ယခုအခါ လွန်စွာမှပင် အောင်မြင်ခဲ့ပြီး ပြည်သူအများ စိတ်ချယုံကြည် ဝယ်ယူမှုဗဟိုဌာနကြီးဖြစ်သည်။ ထိုမှ ဘိုကလေးဈေး၊ သိမ်ကြီးဈေး၊ ကမ္ဘာအေး၊ စံရိပ်ငြိမ်တို့တွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

ယခုအခါ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းအကြားတွင် ထပ်မံဖွင့်လှစ်ဦးမည်ဖြစ်သည်။ စီမံကိန်း၏ ပထမအဆင့်အဖြစ် Shopping Mall ကို စတုရန်းပေ ၉၀၀၀၀၀ ကျော် ရှစ်ထပ်အဆောက်အအုံတွင် ထည့်သွင်းတည်ဆောက်မည်ဖြစ်ပြီး မြေအောက်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထအထပ်အထိ ဈေးဝယ်ဆိုင်ခန်းများဖြင့် ဖွဲ့စည်းတည်ဆောက်သွားမည်ဟု မြေနီကုန်း ဂမုန်းပွင့်မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

### Tritone Luxury

ကိုရီးယားနိုင်ငံမှ Hamwha Corporation နှင့် မြန်မာနိုင်ငံမှ Living Square တို့ အကျိုးတူပူးပေါင်းမှုအရ Tritone Luxury Complex စီမံကိန်းကို ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံတွင် တည်ဆောက်နေခြင်းဖြစ်သည်။




ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မြန်မာပလာဇာ

ပြည်တွင်း ပြည်ပ ဖက်စပ်စီမံကိန်းကြီးတွင် အထပ်မြင့်တာဝါများအပြင် အဆင့်မြင့် ဈေးဝယ်စင်တာကြီးတစ်ခုပါ ထည့်သွင်းတည်ဆောက်သွားမည်ဟု သိရသည်။

ဈေးဝယ်စင်တာအနေဖြင့် မြေညီထပ်မှ လေးလွှာအထိ ရှိမည်ဖြစ်ပြီး ယာဉ်အစီးရေ ၇၀၀ ကျော် ရပ်နားနိုင်သည့် အစီအစဉ်ပါ ထည့်သွင်းတည်ဆောက်သွားမည်ဟု သိရသည်။

### Golden City

ရန်ကင်းမြို့နယ် ရန်ကင်းလမ်းမကြီးပေါ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။ Golden City စီမံကိန်းကြီးကို စင်ကာပူနိုင်ငံ Uni Global Tower မှ အစိုးရပိုင်မြေနေရာအား B.O.T စနစ်ဖြင့် ငှားရမ်းတည်ဆောက်နေခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်မှ လုပ်ငန်း စတင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ဈေးဝယ်စင်တာကြီးတစ်ခုပါ ရှိမည်ဟု သိရသည်။

ထို့အတူ ရန်ကင်းမြို့နယ်အတွင်း၌ပင် ကန်ဘဲ့ဘုတာရုံလမ်းအတွင်း၌ စီမံကိန်းမြေဧက ၂ဒသမ ၂၀၉ ပေါ်တွင် Kanbae Towers ကြီးတစ်ခု တည်ဆောက်လျက်ရှိနေသည်။

၎င်းစီမံကိန်းကို Golden Thitsar ကုမ္ပဏီမှ (Developer) အဖြစ် ဆောင်ရွက်လျက်ရှိနေပြီး အခြားသောနိုင်ငံတစ်ခုမှလည်း ရင်းနှီးမြှုပ်နှံမှု ရှိသည်ဟု သိရသည်။

ဈေးဝယ်စင်တာကြီးတစ်ခုအပြင် အားကစားခန်းမ၊ ပန်းခြံ၊ ရေကူးကန်တို့ ပါဝင်ပြီး ၂၀၁၆ ခုနှစ်မှ စတင်ကာ သုံးနှစ်တာကာလအတွင်း အပြီးတည်ဆောက်မည်ဟု သိရသည်။

### Inno City

တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်တွင် တည်ဆောက်လျက်ရှိနေသည်။

စီမံကိန်းကို ၂၀၁၆ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ အဓိကလူနေ အဆောက်အအုံဖြစ်သော်လည်း နှစ်ထပ်ဈေးကြီးတစ်ခုပါဝင်မည်ဟု သိရသည်။

### Riverfront Garden

ယင်းစီမံကိန်းကို လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတားနှင့် အောင်ဇေယျကြိုးတံတားအကြား ဆိပ်ကမ်းသာလမ်းတွင် တည်ဆောက်နေပြီဖြစ်သည်။

နိုင်ငံခြားတိုင်းပြည်တစ်ခုမှ ရင်းနှီးမြှုပ်နှံမှု ပါဝင်ပြီး ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Southern Matel Industry (SMI) မှ Developer အဖြစ် တည်ဆောက်နေခြင်းဖြစ်သည်ဟု ဆိုသည်။

စီမံကိန်းဧက ၃၀ မျှ ကျယ်ဝန်းပြီး လူနေအဆောက်အအုံကို ၁၀ ဧကအတွင်း၌သာ တည်ဆောက်မည်ဖြစ်ပြီး ကျန်ဧကမြေပေါ်တွင် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်၍ ထိုအထဲတွင် ကြီးမားသော Shopping Center တစ်ခုလည်း ပါဝင်မည်ဖြစ်ပြီး လာမည့် ၂၀၂၀ ပြည့်နှစ်တွင် တည်ဆောက်မှုများ ပြီးစီးမည်ဟု ဆိုထားသည်။

ဤသို့ဆိုပါလျှင် နောင်လာမည့် နှစ်နှစ်တာ၊ သုံးနှစ်တာကာလအတွင်း မိုးထိမြင့်မားအိမ်ရာအဆောက်အအုံကြီးများ ရန်ကုန်မြို့တွင် ထင်းလင်းစွာပေါ်ထွက်လာဦးမည့်အပြင် မြို့နေပြည်သူများအတွက် သစ်လွင်၊ ပြည့်စုံ၊ သန့်ရှင်းသပ်ရပ်သော ဈေးဝယ်စင်တာကြီးများ အပြိုင်အဆိုင် ပေါ်ထွက်လာဦးမည်ကို မှန်းမျှော်ကြည့်မိပါတော့သည်။ ။